# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဝါဒမှသည်
# စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆီသို့

စတုတ္ထတွဲ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
(လွတ်မြောက်နယ်မြေ)

**ဒုတိယအကြိမ်ညီလာခံမှတ်တမ်း**


ဒေါက်တာ ဆလိုင်းလျန်မှူန်း ဆာခေါင်း
(Lian H. Sakhong)
နှင့်
စိုင်းမော (န်) ဆေ့လီ


စုဆောင်းတင်ပြသည်။

ထုတ်ဝေသူ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်
(လွတ်မြောက်နယ်မြေ)
ထိုင်းနိုင်ငံ
၂၀၀၃ ခုနှစ်
ပထမအကြိမ်
အုပ်ရေ ၁၀၀၀ အုပ်

UNLD Press
Chiang Mai, THAILAND
2003

With generous support from:
Natioanl Reconciliation Program (NRP)

မာတိကာ

## အပိုင်း (၁) ညီလာခံဖွင့်လှစ်ခြင်း


– သဘာပတိအဖွင့်မိန့်ခွန်း ........................................................................ 1
– နာယကအဖွဲ့ဝင် စဝ်ဆိုင်စစ်မိတ်ဆက်စကား ............................................ 6
– တက်ရောက်လာကြသော အဖွဲ့ချုပ်၏အဖွဲ့ဝင်အသီးသီးမှ
ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ အချင်းချင်း
မိတ်ဆက်ခြင်းနှင့် မိန့်ခွန်းမြွက်ကြားခြင်း၊ ...................................................... 7


## အပိုင်း (၂) ညီလာခံသို့တင်သွင်းသောစာတမ်းများ၊


2:1 UNLD (LA) Policy Making & External Affairs
Committee's Report ................................................................. 25
2:2 Ethnic Nationalities Initiative for Tripartite Dialogue:
Part (1): Report on Activities of ENSCC .................................. 38
Part (2): ENSCC Policy Paper ................................................... 45
Part (3): Statement & Declarations .............................................53
2:3 Report on State Constitutions Drafting Process ..................... 61
2:4 UNLD (LA) Organizing & Alliance Affairs
Committee's Report ..................................................................... 74


## အပိုင်း (၃) ညီလာခံသို့တင်သွင်းသောစာတမ်းများအပေါ် ပြန်လည်ဆွေးနွေး ဝေဖန်သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း၊


၃း၁ UNLD(LA) Policy Making and External Affairs Committee's
Report အပေါ်ပြန်လည်ဆွေးနွေးခြင်း (ဆလိုင်းလျန်မှုန်း) .................. 82
၃း၂ ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် အပေါ်
ဆွေးနွေးခြင်း (ဆလိုင်းလျန်မှုန်း)....................................................... 91
၃း၃ စည်းရုံးရေးနှင့်မဟာမိတ်ရေးရာလုပ်ငန်းအစီရင်ခံစာအပေါ်
ဆွေးနွေးခြင်း (ခွန်းမန်းကိုဘန်း)....................................................... 103
၃း၄ ယနေ့လက်ရှိနိုင်ငံရေးအခြေအနေများကို သုံးသပ်ချက်စာတမ်း
တင်သွင်းခြင်း (မန်းညွန့်မောင်) ...................................................... 107
၃း၅ လက်ရှိနိုင်ငံရေးအခြေအနေများကို ဆွေးနွေးခြင်း၊ (စဝ်ဆိုင်စစ်) ........ 112
၃း၆ သဘာပတိနိဂုံးချုပ်မိန့်ခွန်း (ခွန်းမန်းကိုဘန်း) ..................................... 117

**အပိုင်း (၄) UNLD (LA) ၏ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုခြင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီများကိုရွေးချယ်တင်မြှောက်ခြင်းနှင့် ညီလာခံထုတ်ပြန်ကြေညာချက်များ။**

၄း၁ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်း ............... 133
၄း၂ ကော်မတီဝင်များကိုရွေးချယ်တင်မြှောက်ခြင်း၊ ................................. 140
၄း၃ ဒုတိယအကြိမ်ညီလာခံထုတ်ပြန်ကြေညာချက်များ ......................... 146

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
## (လွတ်မြောက်နယ်မြေ)

## ဒုတိယအကြိမ်ညီလာခံ

## ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်မှ (၁၂) ရက်။

## အခန်းအနားအစီအစဉ်များ

**ပထမနေ့ (February 9, 2003)**

12:00-13:00 နေ့လယ်စာသုံးဆောင်ခြင်း။

13:30-14:30 ပထမနေ့ ဒုတိယအကြိမ်ညီလာခံကျင်းပခြင်း။

1) ညီလာခံဖွင့်လှစ်ကြောင်းကြေညာခြင်း။
2) သဘာပတိအဖွင့်မိန့်ခွန်း ခွန်းမန်းကိုဘန်း
3) နာယကဩဝါဒမိန့်ခွန်း စဝ်ဆိုင်စစ်
4) နာယကဩဝါဒမိန့်ခွန်း ခွန်းတက်ဒီဘူးရီ

**ညီလာခံဖွင့်ပွဲ ဒုတိယပိုင်း**

14:30-15:30 UNLD(LA) အဖွဲ့ချုပ်၏အဖွဲ့ဝင်ပါတီအသီးသီးမှခေါင်းဆောင်များအချင်းချင်း မိတ်ဆက်ခြင်းနှင့် မိန့်ခွန်းမြွက်ကြားခြင်း။

15:30-16:00 ခေတ္တရပ်နားခြင်း၊

16:00-17:30 1) မူဝါဒရေးရာနှင့် နိုင်ငံခြားရေးရာကော်မတီမှ တင်သွင်းသောသုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးအပေါ် ကြိုးပမ်းလုပ်ဆောင်ချက်များနှင့် ENSCC ဖွဲ့စည်းခြင်းစာတမ်းတင်သွင်းခြင်း၊ (ဆလိုင်းလျန်မှုန်း)

2) ယနေ့လက်ရှိနိုင်ငံရေးအခြေအနေကိုသုံးသပ်ချက်စာတမ်းကိုတင်သွင်းခြင်း၊ (မန်းညွန့်မောင်)

3) လက်ရှိနိုင်ငံရေး အခြေအနေများကို ဆွေးနွေးခြင်း၊ (နာယကစဝ်ဆိုင်စစ်)

4) လက်ရှိနိုင်ငံရေး အခြေအနေများကို ဆက်လက်ဆွေးနွေးခြင်း၊

5) ညီလာခံတခုလုံးအတွက် အခန်းအနားသဘာပတိနှင့် အခန်းအနားမှူးများကိုရွေးချယ်ခြင်း၊

**ဒုတိယနေ့** (Monday, February 10, 2003)

09:00-10:30 စည်းရုံးရေးနှင့် မဟာမိတ်ရေးရာကော်မတီ၏ လုပ်ငန်းအစီရင်ခံစာ တင်သွင်းခြင်းနှင့် ၎င်းစာတမ်းအပေါ်ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း (ခွန်းမန်းကိုဘန်း)

10:30-11:00 ခေတ္တရပ်နားခြင်း၊

11:00-12:30 မူဝါဒရေးရာကော်မတီ၏ ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းအစီရင်ခံစာတင်သွင်းခြင်း၊ ၎င်းစာတမ်းအပေါ် ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ (ဆလိုင်းလျန်မှုန်း)

12:30-14:00 နေ့လယ်စာသုံးဆောင်ခြင်း။

14:00-15:30 ရုံးလုပ်ငန်းနှင့် ပြန်ကြားရေးကော်မတီ၏ လုပ်ငန်းအစီရင်ခံစာ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ (ခိုင်မျိုးခိုင်နှင့် စိုင်းမော(န်))

15:30-16:00 ခေတ္တရပ်နားခြင်း၊

16:00-17:30 လုပ်ငန်းတာဝန်အသီးသီးမှ တင်သွင်းသောစာတမ်းများအပေါ် အခြေခံ၍ ဆွေးနွေးဝေဖန်သုံးသပ်ခြင်းနှင့် လာမည့် ၂ နှစ်တာ ကာလအတွက် စီမံချက်များချမှတ်လုပ်ဆောင်ခြင်း။

**တတိယနေ့** ( February 11, 2003)

09:00-10:30 UNLD(LA) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း။ (ဖွဲ့စည်းပုံပြင်ဆင်ဖြည့်စွက်ရန် သဘာပတိအဖွဲ့မှ တင်သွင်းသောအဆိုပြုချက်စာတမ်းကို ခွန်းမန်းကိုဘန်းမှ ဦးဆောင်ဆွေးနွေးရန်)

10:30-11:00 ခေတ္တရပ်နားခြင်း၊

11:00-12:30 UNLD(LA) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်ဆွေးနွေးခြင်း၊ အတည်ပြု ပြဌာန်းခြင်း။

12:30-14:00 နေ့လယ်စာသုံးဆောင်ခြင်း။

14:00-15:30 နာယကကြီးများ၊ သဘာပတိအဖွဲ့ဝင်များ၊ အမြဲတမ်းသဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့်လုပ်ငန်းကော်မတီအသီးသီးအတွက် ရွေးချယ်တာဝန်ပေးအပ်ခြင်း။

15:30-16:00 ခေတ္တရပ်နားခြင်း၊

16:00-17:30 အလုပ်အမှုဆောင်အဖွဲ့ CEC ၏ ရှေ့လုပ်ငန်းစဉ်များဆွေးနွေ ခြင်း၊

**စတုတ္ထနေ့** ( February 12, 2003)

| | |
|---|---|
| 09:00-10:00 | မှတ်တမ်းတင်ခြင်းနှင့်ဆုံးဖြတ်ချက်များကိုအတည်ပြုခြင်း၊ |
| 10:00-11:00 | ညီလာခံထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခြင်း၊ |
| 11:00-11:30 | ခေတ္တရပ်နားခြင်း၊ |
| 11:30-12:30 | ဗဟိုအလုပ်အမှုဆောင် CEC ၏ ပထမအကြိမ်အစည်းအဝေး ကျင်းပခြင်း၊ |
| 12:30-14:00 | နေ့လယ်စာသုံးဆောင်ခြင်း၊ |
| 14:00-15:30 | ဗဟိုအလုပ်အမှုဆောင် CEC အစည်းအဝေးဆက်လက်ကျင်းပ ခြင်း၊ |
| 15:30-17:00 | အခမ်းအနား ပြီးဆုံးခြင်း၊ |

* * * * * * * * * * * * *

# အပိုင်း (၁)

# ညီလာခံဖွင့်လှစ်ခြင်း

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
## (လွတ်မြောက်နယ်မြေ)

## ဒုတိယအကြိမ်ညီလာခံမှတ်တမ်း

သဘာပတိ ခွန်းမန်းကိုဘန်း

အခန်းအနားမှူး ဒေါက်တာဆလိုင်းလျန်မှုန်း

**အမြဲတမ်းသဘာပတိအဖွဲ့ဝင် အဖွင့်မိန့်ခွန်း**
**သဘာပတိ ခွန်းမန်းကိုဘန်း**

ကျနော်တို့ တိုင်းရင်းသားလူမျိုးများရဲ့နိုင်ငံရေးသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ကျနော်တို့ဟာ ကိုယ့်ဘုရင် ကိုယ့်စော်ဘွား ကိုယ့်ဒူဝါ ကိုယ့်စောဖျာ ကိုယ့်တောင်ပိုင် ရမ်အုပ် ကိုယ့်စော်ကဲအသီးသီး လွတ်လပ်စွာနေထိုင်လာခဲ့ကြပါတယ်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပြည့်အဝနဲ့ ကျနော်တို့နေထိုင်လာခဲ့ကြပါတယ်။ ဒါပေမယ့်လို့ လွတ်လပ်ရေးကြိုးပမ်းတဲ့ အချိန်ကာလမှာ ဗမာပြည်မကလွတ်လပ်ရေးအတွက် ကြိုးစားသလို ကျနော်တို့ တိုင်းရင်းသားနယ်မြေအသီးသီခေါင်းဆောင်တွေကလည်း လွတ်လပ်ရေးအတွက် ကြိုးစားလာတာကိုတွေ့ရှိရပါတယ်။ ဆိုတော့အဲဒီမှာ ဒီလွတ်လပ်ရေး ကြိုးပမ်းတဲ့ကာလကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင်တော့ ကျနော်တို့ တိုင်းရင်းသားဟာ ပထမဦးစွာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်တာ တွေ့ရှိရပါတယ်။

ကျနော်တို့ တိုင်းရင်းသားတွေဟာ ဟိုတုန်းကအဲဒီလွတ်လပ်ရေး တပြိုင်တည်း ရရှိဘို့အတွက် ပြန်ကြည့်မယ်ဆိုရင်တော့ ဒီကျနော်တို့ တိုင်းရင်းသားတွေဟာ ပထမဆုံး ၄၇ ခု ဖေဖေါ်ဝါရီလ (၆) ရက် (၇) ရက်မှာစုစည်းကြပါတယ်။ ကျနော်တို့ သဘောတူညီမှု ရရှိပါတယ်။ အဲဒီရရှိတဲ့အပေါ်မှာကျမှ ဗမာပြည်မအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းနှင့် ထပ်မံညှိနှိုင်းပြီးတော့ နောက်ဆုံးပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်တယ်။ ဆိုလိုတဲ့သဘောက ဘာကိုဆိုလိုလဲဆိုတာ ပြည်ထောင်စုတခုလုံးညီညွတ်ဖို့အတွက်ဟာ ကျနော်တို့တိုင်းရင်းသားတွေကပဲ စတင်ပြီးတော့ ညီညွတ်ရေးတည်ဆောက်နိုင်ပြီး နောက်မှဗမာပြည်မနှင့် ညှိနှိုင်းပြီးတော့ ကျနော်တို့ပြည်ထောင်စုတခုလုံးရဲ့ညီညွတ်ရေးကို တည်ဆောက်နိုင်တယ်ဆိုတဲ့ နောက်ခံသမိုင်းကိုကျနော်တို့ လေးလေးနက်နက် ပြန်သုံးသပ်ကြရမှာဖြစ်တယ်။

ဒီပင်လုံစာချုပ်ကို ကျနော်တို့ပြန်ကြည့်ရင် အနိုင်အရှုံးစာချုပ်လည်း မဟုတ်ဘူး။ လူမျိုးအရ ကျနော်တို့ချုပ်ဆိုထားတဲ့ စာချုပ်လည်းမဟုတ်ဘူး။ ကျနော်

တို့ပြည်ထောင်အလိုက် နယ်မြေအလိုက် ကျနော်တို့ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ပင်လုံစာချုပ်ရဲ့ အနှစ်သာရကို ပြန်ကြည့်မယ်ဆိုရင်

ပထမအချက်ကတော့ ကျနော်တို့သီးခြားနယ်မြေတည်ရှိနေကြတဲ့ တိုင်းရင်းသားနယ်မြေအသီးသီးဟာ တပြိုင်တည်းလွတ်လပ်ရေးရယူကြဖို့ ဒါအဓိက နံပါတ်တစ်အချက် အနှစ်သာရဖြစ်ပါတယ်။

ဒုတိယအချက်ကဘာလဲဆိုတော့ တန်းတူရည်တူပြည်ထောင်စုတည်ဆောက်ဖို့ဆိုပြီးတော့ အဓိကအနှစ်သာရ ဒီနှစ်ချက်ပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ အဲ့ဒီမှာ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓါတ် အခြေခံမှုသွေဖယ် အားနည်းရာမှ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံရဲ့အားနည်းချက်ကြောင့်နဲ့ ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းတာဖြစ်ခဲ့ရတယ်။

အဲဒီ ၁၉၄၇ ခု ဖွဲ့စည်းပုံအားနည်းချက်တွေကို ပြင်ဆင်ဖို့အတွက် စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့အတွက် ဆိုတာက ကျနော်တို့တိုင်းရင်းသားတွေကပဲ ကြိုးစားလာတာတွေ့ရပါတယ်။ နောက်ဆုံးကျတော့ ၁၉၆၁ ခုမှာ ကျနော်တို့ ပြည်နယ်ရှိပြီးသား ချင်း၊ ကချင်၊ ကရင်၊ သျှမ်း၊ ကရင်နီအပြင် ပြည်နယ်မရရှိသေးတဲ့ ရခိုင် နဲ့ မွန် ပါဝင်လာပြီးတော့ တောင်ကြီးမှာညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့တယ်။ ကျနော်တို့တည်ဆောက်တဲ့ အဲဒီညီညွတ်မှုဟာ ဘာကိုမူချနိုင်သလဲဆိုရင်တော့ ဒီမိုကရေစီနိုင်ငံဖြစ်ရမယ်။ စစ်မှန်တဲ့ဖက်ဒရယ် ပြည်ထောင်စုဖြစ်ရမယ်။ ဗမာလည်း တပြည်နယ်ဖြစ်ရမယ်ဆိုတာကို တညီတညွတ်တည်း ဆုံးဖြတ်နိုင်ခဲ့တယ်။

ဒါဒုတိယအကြိမ် ပြည်ထောင်စုတခုလုံးညီညွတ်ဖို့အတွက်ဆိုတာက ကျနော်တို့တိုင်းရင်းသားကနေပြီးတော့ ဦးဆောင်ညီညွတ်ရေးကို ဒုတိယအကြိမ် တည်ဆောက်နိုင်တာတွေ့ရပါတယ်။ ဒါပေမယ့်လို့ ၆၂ ခုမှာ အဲဒီ ၄၇ ခု ဖွဲ့စည်းပုံအားနည်းချက်တွေ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ပြင်ဆင်ကြိုးပမ်းနေတုန်းအချိန်မှာ ညီအကိုဖြစ်တဲ့ ဗမာပါတီများဖြစ်ကြတဲ့ ပြည်ထောင်စုပါတီတို့၊ ဖဆပလပါတီတို့၊ နောက်ပြီးတော့ ပမညတပါတီတို့နှင့်ညှိနှိုင်း တဲ့အချိန်မှာပဲ အဲဒီမှာ အာဏာငမ်းငမ်းတက်ပြီးတော့ ကျနော်တို့တိုင်းရင်းသားများ တန်းတူရေးကို လုံးဝမလိုလားသည့် အပြင် လူမျိုးကြီးဝါဒကျင့်သုံးနေတဲ့ အဲဒီ ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းခဲ့တယ်။

အမှန်အဲဒီတုန်းက ကျနော်တို့ဒီမိုကရေစီနည်းကျကျ ဆက်လက်ဆွေးနွေးမယ်ဆိုရင်တော့ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မယ်ဖြစ်ပါတယ်။ ဘာဖြစ်လဲဆိုရင် အဲဒီတုန်းက ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင်ကနေပြီးတော့ သူက

၆၀ ခု ရွေးကောက်ပွဲမှာ သူအနိုင်ရရင်တော့ သူကဒီဖွဲ့စည်းပုံကိုပြန်ပြင်မယ်၊ တိုင်းရင်းသားညီအကိုတွေရဲ့ စည်းလုံးညီညွတ်မှုဟာ တစတစပြိုနေပြီး အဲဒါကို ပြန်တည်ဆောက်နိုင်ဖို့လိုတယ်ဆိုတာကို သူကသဘောထားရှိတဲ့အတိုင်းပဲ အဲဒီရွေးကောက်ပွဲမှာလည်း သူက ၄ ပုံ ၃ ပုံ ကျော်အပြတ်အသတ်အနိုင်ရတယ်။ ရွေးကောက်ပွဲပြီးတာနဲ့ သူက (ပထစ) ပြည်ထောင်စုအစိုးရ လို့ခေါ်ပါတယ်။ အဲဒီ မှာ ၄ ပုံ ၃ ပုံကျော်နဲ့ ကျနော်တို့ ပြည်နယ်အင်အားနှင့်ပေါင်းလိုက်ရင် ဘယ်လိုဖြစ်ဖြစ် ဒီမိုကရေစီကျကျ ဆက်လက်ပြီးတော့ဆွေးနွေးကြရင်တော့ မလွဲမသွေကျနော်တို့ ပြည်ထောင်စုတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကိုမဟာလူမျိုးကြီးဝါဒကို ကျင့်သုံးလိုတဲ့ ဗိုလ်နေဝင်းတို့ စစ်အုပ်စုကနေပြီး အာဏာသိမ်းယူတာဖြစ်ပါတယ်။

ကျနော်တို့ ဒုတိယအချက်ကဘာကိုဆိုလိုတာလဲဆိုရင်တော့ ပြည်ထောင်စုတခုလုံးကို တည်ဆောက်ဖို့လိုအပ်တဲ့ အချိန်အခါတိုင်းမှာ ပထမဦးစွာ ကျနော်တို့ တိုင်းရင်းသားများက ညီညွတ်ရေးစတင်တည်ဆောက်နေကြတယ်ဆိုတာ ဒါ ဒုတိယအကြိမ် ပေါ်ပြလိုခြင်းဖြစ်ပါတယ်။

နောက်တဆက်တည်းအနေနဲ့ ၁၉၆၂ ခုနောက်ပိုင်း ၂၆ နှစ်တာကာလ ပတ်လုံးကျနော်တို့တိုင်းရင်းသားတွေ ဘာမှစုစည်းခွင့်မရခဲ့ဘူး။ အဲဒီတုန်းကဆိုရင် ကျနော်တို့ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ဆိုပြီးတော့ ဖွဲ့စည်းခဲ့တယ်။ နောက်ကျတော့ ၁၉၈၈ ပါတီစုံမှာ ကျနော်တို့ တိုင်းရင်းသားပါတီအသီးသီးမှ (၂၃) ပါတီကနေပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှာ တစုတစည်းထဲမှာ စုစည်းနိုင်ခဲ့ပါတယ်။ အဲဒါ တတိယအကြိမ် ကျနော်တို့ တိုင်းရင်းသားအားလုံးရဲ့ ညီညွတ်မှုကို စုစည်းနိုင်ခဲ့တယ်။ အဲဒီကျနော်တို့ UNLD ရဲ့အားကနေပြီးတော့ ညီညွတ်ရေးကို စုစည်းပြီး မူဝါဒသဘောထားတွေချမှတ်နိုင်ပြီးတော့ ကျနော်တို့မူဝါဒသဘောထားလည်း ပထမပင်လုံတုန်းကညီညွတ်မှုနဲ့ အတူတူပဲ။ ၆၁ ခု တောင်ကြီးညီလာခံ ဒုတိယအကြိမ်မှာလဲ အတူတူပဲ။ တတိယအကြိမ်ဖြစ်တဲ့ UNLD ရဲ့မူဝါဒလည်း အတူတူပဲ။ သုံးကြိမ်စလုံးရဲ့ မူဝါဒလဲတူတယ်။ ကျနော်တို့တိုင်းရင်းသားအားလုံးတွေလည်း ကျနော်တို့ညီညွတ်မှုရတယ်။ ကျနော်တို့ ဒီမိုကရေစီရေး၊ ပြည်ထောင်စုတည် ဆောက်ရေးဆိုတဲ့ တောက်လျှောက်ကျနော်တို့တိုင်းရင်းသားတွေကိုင်လာတဲ့ မူဝါဒပဲ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျနော်တို့တိုင်းရင်းသားတွေဟာ ပထမဆုံးညီညွတ်ရေးတည်ဆောက်နိုင်ပြီး အဓိက ဒီမိုကရေစီအင်အားစုဖြစ်နေတဲ့ NLD နဲ့ ကျနော်တို့ UNLD ညှိနှိုင်းပြီးတော့ နောက်ဆုံးမှာ ၁၉၉၀ ခု ဩဂုတ်လ (၂၉) ရက်မှာ **ဗိုလ်အောင်ကျော်လမ်းကြေညာချက်** ကို ပူးတွဲထုတ်ပြန်နိုင်ခဲ့တယ်။ ကျနော်တို့

ဗိုလ်အောင်ကျော်လမ်းကြေညာချက်ကိုပြန်ကြည့်မယ်ဆိုရင် အဓိကအချက်က ဘာလဲဆိုတော့ **"တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိရမည့်အပြင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ကာကွယ်ပြဌာန်းနိုင်မည့် ပြည်ထောင်စုကို တိုင်းရင်းသားလူမျိုးများအားလုံး သွေးစည်းညီညွတ်စွာဖြင့် ပူးပေါင်းတည်ဆောက်သွားရန်လိုအပ်သည်ဟု သဘောတူပါကြောင်း"** ဆိုပြီးတော့ NLD ခေါင်းဆောင် (၁၇) ဦးနဲ့ UNLD ခေါင်းဆောင် (၁၄) ဦးက လက်မှတ်ရေးထိုးထားတာ ဖြစ်ပါတယ်။ ဒါဟာကျနော်တို့ တိုင်းရင်းသားရဲ့ တတိယအကြိမ် အဲဒီမှာညီညွတ်တာဖြစ်ပါတယ်။ အဲဒီ ဗိုလ်အောင်ကျော်လမ်းရဲ့ကြေညာချက် အုတ်မြစ်ချနိုင်တဲ့ အတွက်ကြောင့် NLD နှင့်ကျနော်တို့ တိုင်းရင်းသားအင်အားစုမှာ CRPP နှင့် ကျနော်တို့ယနေ့အထိ ဆက်လက်ပြီးခိုင်မာစွာ လက်တွဲနိုင်လာတာ ဖြစ်ပါတယ်။

ဒါပေမဲ့လို့ဒီကျနော်တို့ UNLD ကို နဝတကနေပြီးတော့ မတရားဖျက်သိမ်းလိုက်တဲ့နောက်ပိုင်းမှာ ခေါင်းဆောင်များကိုဖမ်းဆီးထောင်ချတယ်။ ဒါကြောင့် ကျနော်တို့နယ်စပ်မှာ မူလအဖွဲ့ဝင် (၁၁) ပါတီရောက်လာပြီး UNLD(LA) ဆိုပြီး ဖွဲ့ခဲ့တယ်။ ညီညွတ်ရေးအပြင် တိုင်းရင်းသားတွေရဲ့အသံတွေ၊ ကျနော်တို့မူဝါဒ သဘောထားတွေ ကို နိုင်ငံတကာကသိအောင်၊ နောက်မဟာမိတ်အဖွဲ့အစည်းများ သိအောင် ကျနော်တို့လုပ်ဆောင်ကြတယ်။ ကျနော်တို့ UNLD(LA) အမည်ဖြင့်ခေါ်ရခြင်းဟာ အထဲက UNLD ရှိပါတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကျနော်တို့ LA ကိုပြုလုပ်ခြင်းသာဖြစ်တယ်။ ကျနော်တို့မူဝါဒလဲ အထဲကမူဝါဒအတိုင်းပါပဲ၊ ပထမကျနော်တို့ညီညွတ်လာတဲ့ ပင်လုံစိတ်ဓါတ်ဟာ ကျနော်တို့မူဝါဒသဘောထားအတိုင်းပါပဲ။ ၁၉၆၁ ခု ကျနော်တို့ တိုင်းရင်းသားညီညွတ်မှု မူဝါဒသဘောထားအတိုင်းပဲ။ ယခုလဲကျနော်တို့ UNLD အထဲက သဘောအတိုင်းပဲ UNLD(LA) ကို ဆက်လက်လုပ်ဆောင်သွားတာဖြစ်ပါတယ်။

ကျနော်တို့ တိုင်းရင်းသားများကို နဝတ၊ နအဖတွေက တိုင်းရင်းသားတွေ မညီညွတ်ပါဘူး ဆိုပြီးနိုင်ငံတကာမှာ အမျိုးမျိုးဝါဒဖြန့်ချီပါတယ်။ ဒါကြောင့် ကျနော်တို့ကတော့ဘာပဲဖြစ်ဖြစ် UNLD ရဲ့ညီညွတ်မှုကို ကျနော်တို့တည်ဆောက် သွားတဲ့အပြင် ယခုလက်ရှိ NDF လက်နက်ကိုင်တဲ့ တိုင်းရင်းသားအင်အားစုနဲ့ ညီညွတ်မှုကို ကျနော်တို့တည်ဆောက်နိုင်ပါတယ်။

ထို့အပြင် ကျနော်တို့ NDF အဖွဲ့ဝင်မဟုတ်တဲ့ တိုင်းရင်းသားများ အင်အားစုနှင့်လည်း ကျနော်တို့နဲ့လက်တွဲနိုင်မှာဖြစ်ပါတယ်။ ဆိုတော့ကျနော်တို့ အဓိက လုပ်ဆောင်ရမယ့်အချက်တွေက ဘာတွေလည်း၊ ကျနော်တို့စစ်မှန်တဲ့ ဒီမိုကရေစီ

ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ အဓိက ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ ဒီလိုရောက်ရှိနိုင်ဖို့အတွက် တွေ့ဆုံဆွေးနွေးဖြစ်ပေါ်ဘို့ အင်မတန်မှ အရေးကြီးပါတယ်။ Tripartite သုံးပွင့်ဆိုင်က အင်မတန်အရေးကြီးပါတယ်။ ဒါတွေဖြစ်အောင် လုပ်ဖို့ ကျနော်တို့လုပ်ဆောင်ရမယ့် တာဝန်အများကြီးရှိပါတယ်။

ဒါကြောင့်ကျနော်တို့ UNLD(LA) အနေနဲ့ အခုဒုတိယအကြိမ် နှစ်ပတ်လည် ညီလာခံမှာ ကျနော်တို့ရဲ့ နောက်ခံသမိုင်းကြောင်း ညီညွတ်မှုတွေ၊ ပင်လုံစိတ်ဓါတ်တွေ၊ ၁၉၆၁ ခု တောင်ကြီးညီလာခံစိတ်ဓါတ်တွေ၊ နောက် ၁၉၉၀ ခု ဗိုလ်အောင်ကျော်လမ်းရဲ့စိတ်ဓါတ်တွေကို ဆက်လက်စွဲကိုင်ပြီးတော့ ကျနော်တို့ရဲ့ UNLD(LA) ညီညွတ်ရေးကိုဆက်လက်တည်ဆောက်ရင်းနဲ့ ကျန်တဲ့ NDF လက်နက်ကိုင်၊ ကျနော်တို့ညီအကိုတပ်ပေါင်းစုများ နောက်ကျန်တဲ့တိုင်းရင်းသားများနဲ့ ဒီမိုကရေစီအင်အားစုများအပါအဝင် အားလုံးညီညွတ်ရေးအတွက် အဲဒီသုံးပွင့်ဆိုင်နဲ့ ကျနော်တို့ တိုင်းရင်းသားအင်အားစုအတွက် ဘယ်လိုနည်းဘယ်လိုပုံနဲ့ လုပ်ဆောင်ရမယ်ဆိုတဲ့ ဟာကို အလေးအနက် ဒီညီလာခံကာလ အတောအတွင်းမှာ ဆွေးနွေးသုံးသပ်ချမှတ်သွားရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့တင်ပြလိုတာကတော့ ကျနော်တို့ UNLD(LA) ဟာ ရည်မှန်းချက် မူဝါဒချမှတ်ထားတဲ့အတိုင်းပဲ ဒီမိုကရေစီရေးနှင့် စစ်မှန်တဲ့ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး အဲဒီကို ရောက်ရှိနိုင်ရေးအတွက် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းကို ကျနော်တို့က ဒီမိုကရေစီအင်အားစုနှင့် တန်းတူရည်တူ လက်တွဲပြီး ဆောင်ရွက်သွားနိုင်ဖို့အတွက် ကျနော်တို့ရဲ့ ညီလာခံ အတောအတွင်းမှာ မူဝါဒသဘောထားတွေ လုပ်ငန်းစဉ်တွေကို ဘယ်လိုချမှတ်သွားမည်ဆိုတာကို ကြိုးစားပြီးချမှတ် ဆောင်ရွက်သွားကြပါစို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * *

## နာယကအဖွဲ့ဝင် စဝ်ဆိုင်စစ် မိတ်ဆက်စကား။

ကျနော်တို့ဟာ တိုင်းရင်းသားခေါင်းဆောင်များဖြစ်နေတယ်။ ကိုယ့်ကိုယ်ကို အသိအမှတ်ပြုပြု မပြုပြု၊ ဘယ်သူကပဲ ကျနော်တို့ကိုအသိအမှတ်ပြုပြုမပြုပြု၊ တကယ့်စစ်မှန်တဲ့ပြည်ထောင်စုဖြစ်ရေးကို ခေါင်းဆောင်နေတဲ့ ခေါင်းဆောင်များဖြစ်တယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျနော်တို့ခေါင်းဆောင်များက ဒီတာဝန်ဟာ ပြောနေလို့မပြီးဘူး။ အလုပ်ကိုလုပ်ကြရမယ်။ ကိုယ်ပိုင်တဲ့နေရာ ကိုယ်နိုင်တဲ့နေရာ ကိုယ်လုပ်နိုင်တဲ့နေရာက နေပြီးတော့ စိတ်ရောကိုယ်ပါ Sincerely (ရိုးသားစွာ) လုပ်ဆောင်သွားကြမယ်လို့ ကျနော်မျှော်လင့် ထားပါတယ်။

ဒီရှေ့ကိုလုပ်ရမယ့်ကိစ္စတွေမှာ ခေါင်းဆောင်ပီသတဲ့ စိတ်ဓါတ်ရှိမှ အလုပ်ကို လုပ်ချင်တဲ့ စိတ်ဓါတ်ရှိမှ အလုပ်ကိုတကယ် လုပ်ချင်တဲ့ဆန္ဒလည်းပြင်းပြမှ ကျနော်တို့ ရဲ့လုပ်ငန်းကြီးဟာ အောင်တဲ့အထိလုပ်ဆောင်ပြီးဆုံးနိုင်မယ်လို့ ကျနော် ယုံကြည်ပါတယ်။ အဲဒီလိုသာမရှိဘဲနဲ့ တခါထဲတထွာလောက်ရှိတာလေးကို တလံလောက် ပြောပြီးတော့ အချိန်ကုန်နေတဲ့ဟာမျိုးတွေတော့ မဖြစ်စေဘဲနဲ့ တထွာလောက် ပြောပြီး တလံလောက် အလုပ်လုပ်နိုင်တဲ့ကိစ္စမျိုးတွေကို ရှာပြီး တော့လုပ်မယ် ဆိုရင်တော့ ကျနော်တို့အလုပ်ဟာပိုပြီးတော့ ထိထိရောက်ရောက် တိုးတက်မှု အောင်မြင်မှုရှိလာနိုင်တဲ့အထိ ရောက်ရှိသွားနိုင်မယ်လို့ ကျနော်ယုံကြည် ပါတယ်။

အဲဒီလိုကျနော်ယုံကြည်သလိုပဲ ဒီမှာလာရောက်တဲ့ခေါင်းဆောင်များ အဲဒီလို ဆန္ဒတွေရှိမယ်လို့ အဲဒီလိုဆုံးဖြတ်ချက်တွေရှိမယ် ကြိုးစားကြမယ်လို့ ကျနော် မျှော်လင့်ပါတယ်။ အဲဒီလို ယုံလည်းယုံကြည်ပါတယ်။ အဲဒီလို ယုံကြည်တဲ့ အတိုင်းလဲ အားလုံးကလက်သံပြောင်နိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ကျနော် နိဂုံးချုပ်ပါရစေ။

* * * * * * * * * * * * * * *

## မိမိကိုယ်ကိုမိတ်ဆက်ခြင်းနှင့် မိမိပါတီအကြောင်းကို အကျဉ်းချုပ် တင်ပြခြင်း။

အခန်းအနားမှူး ဒေါက်တာဆလိုင်းလျန်မှုန်းမှ ညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များကို မိမိကိုယ်ကို မိတ်ဆက်စကားပြောရန် မေတ္တာ ရပ်ခံပါသည်။

## ခွန်းမန်းကိုဘန်း (ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့)
Democratic Organization for Kayan National Unity

ကျနော်တို့ ပါတီဝင်ရော ပြည်သူလူထုရော အထဲမှာရှိနေတယ်။ အချို့ကတော့ လွတ်မြောက်နယ်မြေမှာရော နိုင်ငံတကာမှာပါ ကိုယ့်အဖွဲ့အစည်းတွေ ပါတီဝင်တွေ ထုနဲ့ထည်နဲ့ ဖွဲ့စည်းတည်ဆောက်နိုင်ပေမယ့်လို့ တချို့အဖွဲ့အစည်းတွေက ကျနော်တို့ စည်းရုံးကော်မတီအဆင့်မှာဘဲ တည်ဆောက်ထားတဲ့အဆင့်မှာဘဲ ရှိတယ်။ ဆို တော့ဘာဘဲဖြစ်ဖြစ် ကျနော်တို့ UNLD(LA) နဲ့ တပ်ပေါင်းစုအဖွဲ့ဝင် အသီးသီးတွေဟာ ကျနော်တို့ တပါတီနှင့်တပါတီ အဖွဲ့ဝင်ပါတီရဲ့ အနေအထားကို အပြန်အလှန် သိကြဖို့လိုအပ်မယ်ဆိုတဲ့အချက်အပေါ်မှာ ဒီအစီအစဉ်ကို ထည့်သွင်း ရခြင်းဖြစ်ပါတယ်။

ကျနော်တို့ပါတီဟာ ပြည်တွင်းမှာဆိုရင် ပါတီဝင်အင်အား ၁၄၄၃၀ ဦးရှိပါ တယ်။ ကျနော်တို့မြို့နယ်စည်းရုံးရေးကော်မတီ (၆) ခုဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ကျနော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃) နေရာအရွေးခံတယ်။ (၂) ဦးရရှိပါတယ်။ ကျနော်တို့ ဒီမှာရောက်လာတဲ့အခါကျတော့ ကျနော်တို့ကယန်းအမျိုးသားစည်းလုံး ညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ရဲ့ ပါတီအဖွဲ့အစည်းကို ကျနော်တို့ထူထောင်ခြင်း မရှိခဲ့ ပါဘူး။

ကျနော်တို့ ကယန်းအမျိုးသားစည်းလုံးညီညွတ်မှုဒီမိုကရေစီအဖွဲ့ရဲ့ စည်းရုံးရေး ကော်မတီ (၅) ဦးနှင့်ပဲ ကျနော်တို့ဖွဲ့ထားပါတယ်။ အဲဒီ (၅) ဦးမှာ ကျနော်တို့ အထဲကလာတဲ့ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားပြီးတော့ ဒီမှာရှိတဲ့ကယန်းလူထုတွေ နယ်စပ်မှာရှိတဲ့ ကယန်းလူထုတွေ တော်တော်များများရှိပါတယ်။ ကရင်နီပြည် မှာဆိုရင် ကယန်း (၄) ရွာသီးသန့် ရှိပါတယ်။ ကျန်တဲ့သူများနဲ့ရောနေတာလဲ အများကြီး ရှိပါတယ်။ ကျနော်တို့ ဒီပါတီဝင်ထု လူထုအင်အားစာရင်းကို ကောက်ယူ သတ်မှတ်ခြင်းမရှိပါဘူး။ အဓိကပါတီဝင်ထုဆိုတာက ပြည်တွင်းမှာခုနက ကျနော်

တင်ပြတဲ့ ၁၄၄၃၀ဦးနဲ့ အဓိကထားပါတယ်။ နောက်ပြီးတော့ အထဲမှာရှိတဲ့ ဥက္ကဋ္ဌကြီးတို့ ဒုဥက္ကဋ္ဌတို့၊ အထွေထွေအတွင်းရေးမှူး တွဲဖက်အထွေထွေအတွင်းရေးမှူးတို့ ဗဟို အလုပ်အမှုဆောင်တို့ မြို့နယ်စည်းရုံးရေးကော်မတီတို့ကို ကျနော်တို့အင်အားလို့ သတ်မှတ်ပါတယ်။

ဒါကြောင့်ကျနော့်ပါတီအနေအထားနဲ့ပြောရမယ်ဆိုရင်တော့ ကျနော်တို့ပါတီအင်အားက ပြည်တွင်းမှာပဲ ရှိပါတယ်။ ကျနော်တို့ ပြည်သူတွေကလည်း အဓိက ပြည်တွင်းမှာဘဲ ရှိပါတယ်။ ပြည်တွင်းနဲ့ဆက်စပ်မှုကိုလဲ အမြဲတမ်း ကြိုးစားပြီးတော့ ရယူပါတယ်။ ကျနော်တို့ဒီဖက်မှာ ကယန်းအမျိုးသား စည်းလုံး ညီညွတ်မှု ဒီမိုကရေစီ အဖွဲ့လည်း ပြည်တွင်းကအလုပ်အမှုဆောင်တွေ ပြည်သူလူထုတွေ အားပေးအား မြှောက်ရှိလို့သာ ကျနော်တို့ ဒီလိုမျိုး ရပ်တည်နိုင်ခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျနော်တင်ပြလိုတာက ကျနော့်ပါတီအနေအထားဟာ အထဲကအဓိက ဖြစ်ပါတယ်။ ကျနော်တို့ ဗဟိုစည်းရုံးရေးကော်မတီတခုနှင့်သာ ဖွဲ့စည်းထားပြီးတော့လုပ်ဆောင်သွားတယ် ဆိုတဲ့အကြောင်းကို တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * *

## ဦးဒယ်နီရယ်အောင် (လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ)
Lahu National Development Party

ကျနော်တို့အင်အားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ ပြည်ပမှာကမပြောပလောက်တဲ့ အင်အားရောက်လာကြပြီး၊ ရောက်တဲ့နေရာမှာ ကျနော်တို့နိုင်ငံအတွက် လုပ်ဆောင်နေကြတယ်ဆိုတဲ့အနေအထားမှာ ကျနော်တို့ကြိုးစားလုပ်ဆောင်နေကြတာပါ။

ကျနော်တို့ **"လားဟူအမျိုးသားဖွံ့ဖြိုးရေးပါတီ"** (Lahu National Development Party) ဟာယနေ့အထိ နဝတ၊ နအဖ တို့ဖျက်သိမ်းလိုက်တဲ့ပါတီတွေထဲမှာ မပါသေးပါဘူး။ လက်ရှိတည်ရှိနေသေးတဲ့ (၁၀) ပါတီထဲမှာ ပါနေပါသေးတယ်။ ဘာဖြစ်လို့အဖျက်သိမ်းမခံရပဲ ကျန်နေသေးသလဲလို့ ကျနော်ပြန်ဆန်းစစ်လိုက်တော့ တခါက "ဝ" လက်နက်ကိုင် ဗကပတဖြစ်လဲ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ ဥက္ကဋ္ဌကျောက်ညီလိုင် ပြောပြခဲ့တဲ့စကားကို ကျနော် သတိရမိပါတယ်။ ခင်ညွန့်သူ့ကိုပြောတယ်၊ ဆယ်ပါတီကျန်နေတာဟာများ သေးတယ်၊ ငါးပါတီ ထပ်ဖျက်ရဦးမယ်၊ အဲဒီ ငါး ပါတီထဲမှာ "ဝ" ပါတီနဲ့ "လားဟူ" ပါတီတို့

ပါမယ်ဆိုပဲ။ ဒါနဲ့သူက "လားဟူပါတီ၊ ဝပါတီတွေဟာ ဝပြည်ကဖြစ်တယ်။ ဒါကြောင့် မို့လို့ ခင်ဗျားတို့ဖျက်ဖျက်၊ မဖျက်ဖျက် သူ့ဟာသူရှိနေမှာပါ" လို့ပြောလိုက် ပါသတဲ့။ ကျနော်ပြောလိုတာက "ဝ"ပါတီနဲ့ လားဟူပါတီတို့ ယနေ့အထိရှိနေသေး တာဟာ နဝတ၊ နအဖ တို့ရဲ့ဘက်တော်သားတွေမို့လို့မဟုတ်ဘဲ ကျောက်ညီလိုင် မျက်နှာ ကြောင့်ပါလို့ ဆိုလိုတာပါ။

ကျနော်တို့လားဟူပါတီအနေနဲ့ ပြည်တွင်းမှာစည်းရုံးလုပ်ရှားခွင့်ရှိစဉ်က ပါတီဝင်အင်အား ၅၀၀၀၀ (ငါးသောင်း) ကျော်ကျော်ရှိပါတယ်။ ကျနော်တို့နာမည် စာရင်းကောက်ယူပြီး မှတ်ပုံတင်ပေးနေတဲ့အစီအစဉ်မှာပဲရှိပါသေးတယ်။ တဖြည်း ဖြည်းနဲ့အမျိုးမျိုးဖိနှိပ်ချုပ်ချယ် ခံခဲ့ရာကနေ နောက်ဆုံးမှာတော့ လုံးဝလှုပ်ရှားလို့မရ တော့တာဟာ ယနေ့အထိပါပဲ။ ပထမတော့ ကိုယ့်ပါတီတခုတည်း အဖိနှိပ်ခံရ တယ်လို့ ထင်ခဲ့မိတယ်။ နောက်တော့ ပါတီအားလုံးခံရတယ်ဆိုတာ သိရပါတယ်။ လက်ရှိအခြေ အနေမှာတော့ နအဖကနိုင်ငံရေးပါတီတွေ လွတ်လပ်ခွင့်ရှိတယ်၊ ဘာ၊ ညာ၊ ဘယ်လိုပဲ ပြောနေပြောနေ အကန့်အသတ်နဲ့လှုပ်ရှားနိုင်တာဟာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) တပါတီပဲရှိပါတယ်။ ကျန်ပါတီအားလုံး ဘယ်လိုမှ လှုပ်ရှားလို့မရပါဘူး။

ကျနော်ပြည်တွင်းမှာရှိစဉ်တုန်းက ကျနော်တို့ပါတီမြို့နယ်ကော်မတီ တချို့ အဖျက်သိမ်းခံရပါတယ်။ ကျနော်သတင်းကြားကြားခြင်း ရန်ကုန်မြို့မှာရှိတဲ့ အထွေထွေရွေးကောက်ပွဲ ကော်မရှင်ရုံးကိုသွားပြီး အတွင်းရေးမှူးဦးအေးမောင်နဲ့ ရန်တွေ့ခဲ့ပါတယ်။ ဘာဖြစ်လို့ ဥက္ကဋ္ဌဖြစ်တဲ့ ကျနော့်ကိုအသိမပေးပဲ ကျနော့်ပါတီ မြို့နယ်ကော်မတီတွေကို ခင်ဗျားတို့ဖျက်သိမ်းရတာလဲလို့ ကျနော်မေးတော့သူက "သာမန်လူမှုရေးအ သင်းအဖွဲ့တွေတောင် အနည်းဆုံးငါးဦးတော့ရှိတာပဲ၊ နိုင်ငံတခု လုံးကိုအုပ်ချုပ်မယ့် ပါတီက အဖွဲ့ဝင်ငါးဦးမှမရှိရင် ဘယ်လိုလုပ်ပြီးတိုင်းပြည်ကို အုပ်ချုပ်မလဲ" လို့စောတကတက်ပါတယ်။ ကျနော်က "ကျနော်တို့မြို့နယ်တိုင်းမှာ လစ်လပ်သွားတဲ့အဖွဲ့ဝင်နေရာမှာ အစားထိုးဖို့ လူအများကြီးရှိတယ်။ ဘာဖြစ်လို့ ခင်ဗျားတို့က ကိုယ့်ပါတီမဟုတ်ပဲနဲ့ ဖျက်သိမ်းရတာလဲ၊ ဖျက်မယ့်ဖျက် ကိုယ့်ဟာကိုယ် ဖျက်မှာပေ့ါ" လို့ပြောတော့သူက "ဦးဒယ်နီရယ်အောင်ရယ် ခင်ဗျားလည်းဝန်ထမ်း ဘဝကနေလာတာပဲ၊ ခင်ဗျားသိပါတယ်၊ ဝန်ထမ်းတွေဆိုတာ ပွဲစားတွေပါ။ အထက် ကခိုင်းတာလုပ်ရတာပါ၊ ကိုယ့်ဖါသာ ကိုဘာမှမလုပ်နိုင်ပါဘူး၊ ကျနော်တို့ကို နားလည် ပေးပါ" တဲ့။ မှန်ပါတယ်။ ဆိုလိုတာက ကျနော်တို့မြို့နယ်ပါတီရုံးတချို့ရှိနေပါ သေးတယ်၊ ရုံးဖွင့်ထားတယ်၊ ပါတီဌာနချုပ်ရုံး လည်းဖွင့်ထားတယ်။ ဒါပေမယ့် ဖွင့်ထားတာပဲရှိပြီးတော့ ဘာလှုပ်ရှားမှုမှ လုပ်လို့မရပါဘူး၊ ပါတီရုံးအပြင်ထွက်ပြီး

စည်းရုံးရေးတရားပောလို့မရပါဘူး၊ တားမြစ်ထားတယ်။ ကျနော်တို့ပါတီ အမှုဆောင်တွေအနေနဲ့ ဘယ်ကိုပဲသွားသွား ဘာသွားလုပ်သလဲဆိုကို ထောက်လှမ်းရေးလူ (informer) တွေကလိုက်ကြည့်နေတယ်။ အဲဒီတော့ နိုင်ငံရေး ပါတီတချို့ ယနေ့အထိ ရှိနေသေးပေမဲ့လည်း ဘာမှလုပ်လို့မရတဲ့အတွက် မရှိတော့တာနဲ့အတူတူပဲလို့ ကျနော်ဆိုချင်ပါတယ်။

အခုလိုအခြေအနေမျိုးမှာ ပြည်ပရောက်ကျနော်တို့ UNLD အဖွဲ့ဝင် ခေါင်းဆောင်ကြီးများအနေနဲ့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းများမှာ တာဝန်အသီးသီးရှိနေကြတယ်လို့ ကျနော်ယုံကြည်ခံယူထားပါတယ်။ ခေါင်းဆောင်ကြီးများအားလုံးကလည်း ခံယူထားကြမယ်ဆိုတာကျနော် လုံးဝ ယုံကြည်ပါတယ်။ ရှေ့ဆက်ပြီး ပြည်တွင်းမှာရှိနေခဲ့ ရှိနေဆဲဖြစ်တဲ့ ကျနော်တို့ရဲ့ မိခင်ပါတီများ ပြန်လည်လှုပ်ရှားခွင့်ရလာအောင် ကျနော်တို့ကြိုးစားလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ လူကြီးမင်းများအနေနဲ့ သန္နိဋ္ဌာန်ချထားပြီးသားလို့ ကျနော် ယုံကြည်ပါတယ်။

အခုလတ်တလောအချိန်မှာ ကျနော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU) မှာဒု–ဥက္ကဋ္ဌတာဝန်ကိုပါ ပူးတွဲတာဝန်ထမ်းဆောင်နေပါတယ်။ MPU ဥက္ကဋ္ဌကတော့ ခွန်းတက်ဒီဘူရီဖြစ်ပါတယ်။ ပြည်ပကိုရောက်လာကြတဲ့ MPs နှစ်ဆယ့်ငါးဦးရှိပါတယ်။ သက္ကရာဇ် ၂၀၀၀ အတွင်း MPU ကို အိုင်ယာလန်နိုင်ငံမြို့တော်ဒပ်ပလင်မှာ တရားဝင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ MPU ရဲ့အဓိကလုပ်ငန်းကတော့ ပြည်တွင်းမှာအကျဉ်းချခံနေရတဲ့ နိုင်ငံရေးလှုပ်ရှားသူများ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့အခြေအနေကို ကမ္ဘာကသိရှိပြီး ဂရုဏာသက်လာအောင်၊ ကျနော်တို့ရဲ့ဒီမိုကရေစီလှုပ်ရှားမှုကြီးကို ထောက်ခံလာအောင် ပြုလုပ်နေခြင်းပဲဖြစ်ပါတယ်။ နောက်ပြီးကျနော်တို့ရဲ့ MPU အနေနဲ့ ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို အကောင်အထည်ဖေါ်နိုင်ရေးအတွက် လိုအပ်နေတဲ့ နအဖအပေါ် ကမ္ဘာ့ဖိအားကို ရရှိ အောင်လုပ်ဆောင်နေပါတယ်။ နိုင်ငံတကာ Lobby ကိုလုပ်နေပါတယ်။ အထူးသဖြင့် Inter-Perliamentary Union (IPU) လို့ခေါ်တဲ့ ကမ္ဘာ့လွှတ်တော်များအဖွဲ့ချုပ်အစည်းအဝေးတွေကို ကျနော်တို့တက်ရောက်ပြီး နိုင်ငံအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များကို တဦးချင်းသော်၎င်း၊ တဖွဲ့ချင်းသော်၎င်း၊ တွေ့ဆုံပြီး ကျနော်တို့ပြည်တွင်းရေးအကြောင်းစုံကို ပြောပြခွင့်ရသလို ထောက်ခံအားပေးမှုကိုလည်း ထိုက်သင့်သလောက်ရနေပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ (United Nations General Assembly) နှစ်စဉ် အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း ကျင်းပပါတယ်။

မြန်မာနိုင်ငံအပေါ်ချမှတ်တဲ့ ကုလသမဂ္ဂဆုံးဖြတ်ချက်များ (UN Resolution) တနှစ်ထက် တနှစ်ပိုမိုအားကောင်းအောင် "Strong" ဖြစ်အောင် သို့မဟုတ် ချထားတဲ့ Resolutions အောက်အဆင့်မကျအောင် ကျနော်တို့လုပ်နေပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၂ ခု အောက်တိုဘာ၊ နိုဝင်ဘာညီလာခံကြီးမှာ ကျနော်နှစ်ပါတ်ကြာပါဝင်ခဲ့ပါတယ်။ နိုင်ငံအတော်များများမှ ကိုယ်စားလှယ်တွေကိုတွေ့ဆုံခွင့်ရခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ပါတ် သက်တဲ့ ဆုံးဖြတ်ချက်ကို EU လို့ခေါ်တဲ့ ဥရောပနိုင်ငံများသမဂ္ဂမှ ကမကထပြုရေးဆွဲ ပြီး ကျနော်တို့အဖွဲ့ကို ဖတ်ရှုပြင်ဆင်ဖြည့်စွက်ခွင့်ပြုပါတယ်။ အဲဒါကြောင့် လူနည်းစု (Minority) အစား ဗမာမဟုတ်သောတိုင်းရင်းသားများ (Non-Burman Nationalities) ဆိုတဲ့ အခေါ်အဝေါ်ကိုထည့်သွင်းဖေါ်ပြခွင့် ရခဲ့ပါတယ်။ ထို့အပြင် Socialist International (SI) အစည်းအဝေးတွေကိုလည်း မှန်မှန်တက်ရောက်ပြီး Lobby လုပ်နေပါတယ်။ နိုင်ငံတကာမှာရှိနေတဲ့ မြန်မာမိသားစုအဖွဲ့အစည်းများ (Burmese Communities)၊ မြန်မာနိုင်ငံလွတ်မြောက်ရေး အထောက်အကူပြုအဖွဲ့အစည်းများ (Free Burma support groups), NGOs ခေါ် အစိုးရမဟုတ်သော အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ (Church groups), လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဝန်ကြီးများ စသည်တို့ကိုလည်း အခါအားလျော်စွာတွေ့ဆုံ၍ အမြင်ချင်းဖလှယ်လျှက် အထောက်အကူများကို လက်ခံရယူနေပါသည်။

ကျနော်နောက်ဆုံးတင်ပြလိုတာကတော့ အခုဒီမှာရောက်နေကြတဲ့ ခေါင်းဆောင်ကြီးများအားလုံး ကျနော်တို့နိုင်ငံမှာ စောစောက သဘာပတိကြီး အမိန့်ရှိခဲ့တဲ့ အတိုင်း နှစ်ပွင့်ဆိုင်စကားဝိုင်း (Bipartite Dialogue) မှသည် သုံးပွင့်ဆိုင်စကားဝိုင်း (Tripartite Dialogue) ဖြစ်လာနိုင်ရေးအတွက် မိမိတို့တတ်နိုင်တဲ့ ဘက်ကလုပ်ဆောင်ကြရင်း စစ်မှန်တဲ့ဖက်ဒရယ် ပြည်ထောင်စုကြီးဆီသို့ ဦးတည်ချီတက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * *

## ဦးသာနိုး (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်)
Arakan League for Democracy

ကျနော်တို့ ALD ဆိုရင် ရန်ကုန်မြို့၊ တမြို့နယ်အပါအဝင် ရခိုင်ပြည်နယ် မှာ (၁၇) မြို့နယ် ပေါင်းလိုက်ရင် (၁၈) မြို့နယ်ညီလာခံကို စစ်တွေမြို့မှာ (၃) ရက် တိုင်တိုင်ကျင်းပပြီးတော့ CC Central Committee (၄၂) ဦး အဲဒီအထဲက လျှို့ဝှက်မဲ ဆန္ဒနဲ့ (၁၅) ဦးကို CEC Central Executive Committee ရွေးပြီးတော့ ကျနော်တို့ ဆောင်ရွက်ကြတယ်။ ရွေးကောက်ပွဲမှာ (၁၅) မြို့နယ်အားလုံး ကျနော်တို့ ALD မှ ယှဉ်ပြိုင်တဲ့နေရာမှာ ကျနော်တို့ (၁၁) နေရာအနိုင်ရရှိပါတယ်။ မဲဆန္ဒ နေရာက အားလုံး (၂၆) နေရာရှိပါတယ်။ ကျနော်တို့ ALD က (၁၁) နေရာရပြီးတော့ ဘူးသီးတောင် မောင်းတောမှာ မူဆလင်အမျိုးသား ပါတီတွေက (၄) နေရာ ရပါတယ်။ နောက် မြို့ခေါ် ခမီးဆိုတဲ့ပါတီက ကျောက်တော်မြို့နယ်မဲဆန္ဒ နယ်မြေ တနေရာရပါတယ်။ နောက် NLD က (၉) နေရာရပါတယ်။ အားလုံးပေါင်း လိုက်ရင် (၂၆) နေရာဖြစ်ပါတယ်။

အဲဒီတော့ ကျနော်တို့ ALD ပါတီ ရခိုင်ပြည်မှာပြည်သူလူထုအများဆုံး ထောက်ခံတဲ့ ပါတီတခုဖြစ်နေတဲ့အချိန်မှာ ကျနော်တို့ရွေးကောက်ပွဲကြေညာ စာတမ်းပါ အခြေခံနိုင်ငံရေးဦးတည်ချက်ကို ကျနော်တို့ဆောင်ရွက်လာတဲ့အချိန်မှာ နဝတက ကြေညာချက်အမှတ် ၁/၉၀ ထုတ်ပြန်ခဲ့ပါတယ်။ ရွေးကောက်ပွဲအပြီးမှာ နဝတကို ထောက်ခံသလား၊ ကန့်ကွက်သလားဆိုပြီးမေးလာပါတယ်။ ကျနော်တို့က ရွေးကောက်ပွဲကြေညာစာတမ်းမှာ ပါတဲ့အတိုင်းပဲ အာဏာရှင်စနစ်ကို ကျနော်တို့ လုံးဝမထောက်ခံဘူး။ အာဏာရှင်စနစ်ပေါ်လာမယ်ဆိုရင်လဲ ကျနော်တို့ကာကွယ် မယ်၊ ရှိနေရင်လဲတိုက်ဖျက်မယ် ဆိုတဲ့အချက်တွေ မူထဲမှာပါ ပါတယ်။

အဲဒီတော့ ၁/၉၀ ကတော့ စစ်အာဏာရှင်စနစ်သက်ဆိုးရှည်ဖို့အတွက် ကြေညာတဲ့ကြေညာချက်ဖြစ်ပါတယ်။ အဲဒီလိုကျနော်တို့ပြတ်ပြတ်သားသား ရွေးကောက်ပွဲကြေညာချက်စာတမ်းထဲမှာပါတဲ့ အခြေခံပေါ်မှာရပ်တည်ပြီး ကန့်ကွက်တော့ ALD ဖျက်သိမ်းခံရပါတယ်။ ဒါပေမဲ့ "ဘယ်သူဖျက်ဖျက် ဒို့မပျက်" ဒို့ကို ပြည်သူတွေထောက်ခံထားတဲ့ပါတီဖြစ်တဲ့အတွက် ပြည်သူဆီမှာကျနော်တို့ တင်ပြထားတဲ့ နိုင်ငံရေးဦးတည်ချက် ရပ်တည်ချက် လုပ်ငန်းစဉ်တွေကို အကောင် အထည်ဖော်သွားမယ် သစ္စာရှိရှိ တာဝန်သိသိနဲ့ ကျနော်တို့အကောင်အထည် ဖော်သွားမယ် ဆိုတဲ့ဆုံးဖြတ်ချက်အရ ပြည်တွင်းမှာလုပ်နိုင်တဲ့လူကလုပ် ပါတီဖျက် ပေမဲ့လဲ ဒို့အပြင်ထွက်လို့လုပ်နိုင်တဲ့လူကလုပ် ဆိုပြီးတော့ ကျနော်တို့တာဝန်ခွဲပြီး

အဲဒီတာဝန်အရ အတွင်းရေးမှူးဦးအေးသာအောင် ပြည်တွင်းမှာလုပ်ဖို့ကျန်ခဲ့တယ်။ နောက်ပြီး ဥက္ကဋ္ဌကြီး ဒေါက်တာစောမရအောင်က ပြည်တွင်းမှာလုပ်တယ်။

ကျနော့်ကိုတော့ အတွင်းရေးမှူးတဦးအနေနဲ့ ပြည်ပမှာသွားပြီးသံတမန်ရေးရာလောကမှာ လွတ်လွတ်လပ်လပ်လုပ်ဖို့အတွက် တာဝန်ပေးတဲ့အတိုင်း ၉၄ ခုနှစ် ဖေဖေါ်ဝါရီလ (၁၄) ရက်နေ့မှာ ပါတီခေါင်းဆောင်တချို့ကို ဦးဆောင်ပြီးတော့ ကျနော်တို့ပြည်ပကိုထွက်လာတယ်။ ကျနော်တို့အခုဆိုရင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သြစတြေးလျ၊ မလေးရှား၊ ထိုင်း၊ အမေရိကန်၊ နယ်သာလန် စတဲ့နိုင်ငံတွေမှာ စည်းရုံးရေးကော်မတီတွေ တာဝန်ခံတွေတချို့ ဒေသကော်မတီတွေဖွဲ့ပြီးတော့ ဆောင်ရွက်နေပါတယ်။

ပြည်တွင်းမှာလဲပဲ ဦးအေးသာအောင်က တိုင်းရင်းသားတွေနဲ့လက်တွဲပြီး CRPP မှာအလွန်ကြီးမားတဲ့ အတွင်းရေးမှူးတာဝန်ကို ဆောင်ရွက်နေတာကို အားလုံး သိကြတဲ့အတိုင်းပါပဲ။ ဒေါက်တာစောမရအောင်ဆိုရင်လဲ ဒီလောက် အသက်ကြီးပြီးမှ ပြည်ထောင်စုတခုလုံးမှာ တာဝန်အကြီးမားဆုံးဖြစ်တဲ့ လွှတ်တော် တာဝန် ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်နေတာလဲ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ရှေ့ကိုလဲ ကျနော်တို့ UNLD ခေါင်းဆောင်တွေနဲ့ ပြည်တွင်းမှာလက်တွဲပြီး တော့ ကျနော်တို့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေး အတွက် မဟာမိတ်ခေါင်းဆောင်တွေနဲ့ လက်တွဲပြီးတော့ပြည်တွင်းမှာ အတက်ကြွဆုံး ဆောင်ရွက်နေသလို ပြည်ပမှာလဲ ကျွန်တော်တို့စည်းရုံးပြီးတော့ ALD (Exile) ဆိုပြီးတော့ မဟာမိတ် ခေါင်းဆောင်ကြီးများနှင့် လက်တွဲပြီးတော့ ဆောင်ရွက် နေပါတယ်။ ရှေ့ကိုလည်း ကျနော်တို့အောင်ပွဲရသည်အထိ သစ္စာရှိရှိ တာဝန်သိသိနဲ့ အောင်ပွဲရသည်အထိဆောင်ရွက်သွားမယ်လို့ ကတိပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * * *

## ပူထန်လျန်ပေါင် (ဇိုမီးအမျိုးသားကွန်ဂရက်)
## Zomi National Congress

ကျနော်တို့ ZNC စတင်ဖွဲ့စည်းတဲ့အချိန်ကစပြီး ပါတီဖျက်သိမ်းတဲ့အထိ ပေ့ါ ကျနော် UNLD သဘာပတိအဖွဲ့ထဲက ဖြစ်ပါတယ်။ ကိုလျန်မှုန်းတို့က အတွင်းရေးမှူး အဖွဲ့ထဲမှာ အဲဒီတုန်းကလုပ်ကြပါတယ်။ တချို့ကကျနော့်ကိုမေး ကြပါတယ်။ ဇိုမီးလူဦးရေ ဘယ်လောက်ရှိသလဲလို့မေးတော့ ပါတီတည်ထောင်တဲ့ အခါမှာ

ကျနော့်မှာ ခံယူချက်အမျိုးမျိုးရှိကြတယ်။ ကျနော့်ခံယူချက်အနေနဲ့ တချို့တွေက ချင်းဆို သက်သက်၊ ဇိုမီးဆိုရင်သက်သက်၊ ကိုကီးဆိုရင်သက်သက် မြင်ကြတယ်။

ကျနော့်အမြင် ပါတီမူဝါဒအရဆိုရင် ကျနော်တို့ကို ဗမာ၊ အင်္ဂလိပ်တွေက ကျနော်တို့ကို ချင်း လို့ခေါ်တယ်။ ကုလားတွေက ကိုကီး ခေါ်တယ်။ ကျနော်တို့က ဇိုကနေဆင်းသက်လာတဲ့အတွက်ကြောင့် ဇိုမီးလို့ ကျနော်တို့ပြောနေခြင်း ဖြစ်တယ်။ ဒါကြောင့် ZNC (Zomi National Congress) ထောင်တာဖြစ်တယ်။ ချင်းနှင့် သက်သက်မဟုတ်ပါဖူး။ ချင်းကလဲဇိုမီး ဇိုမီးကလဲချင်းပဲလို့ ပထမဆုံးကျနော် ပြောကြားလိုပါတယ်။

ကျနော်တို့ပြည်တွင်းမှာ ရွေးကောက်ပွဲဝင်ပါတယ်။ (၄) နေရာဝင်ပြီး (၂) နေရာရကြတယ်။ ကျနော်တို့အပြင်ထွက်ပြီးမှ ဒီ UNLD ဖွဲ့စည်းဖို့လုပ်တဲ့အခါ ကြည့်ရင် ကျနော်တို့ပါတီအနေနဲ့ အပြင်ထွက်လာတဲ့ အတွင်းထဲပါတီမဖျက်သိမ်းခင်နဲ့ ဖျက်သိမ်းတဲ့အထိပါတီဝင်များကသာလျှင် အပြင်မှာလဲ ကျနော်တို့ ZNC-LA အနေနဲ့ ကျနော်တို့ရပ်တည်တယ်။ စည်းရုံးရေးဆိုပြီးမှ အဲဒီအမျိုးသားထဲမှာ စည်းရုံးရေးမလုပ်တော့ပဲနဲ့ ပြည်တွင်းကိုအထောက်အကူပြုယင်းနဲ့ ဒီပြည်ပမှာ ကျနော်တို့ တိုင်းရင်း သားတွေ လူမျိုးစုခေါင်းဆောင်တွေ ဒီမိုကရေစီရေးအတွက် ဘယ်နေရာမှာ အထောက်အကူပြုတာလဲဆိုတဲ့ဥစ္စာက အဓိကဖြစ်တယ်ဆိုတာကို ကျနော်ပြောကြားလိုပါတယ်။

ကျနော်တို့ပြည်ပမှာ ပါတီဝင်သက်သက်မရှိတော့ပဲနဲ့ ပြည်တွင်းမှာ ပါတီဝင်တွေကပဲ လှုပ်ရှားတယ်။ ပူးပေါင်းလှုပ်ရှားဖို့ဆိုရင် ပါတီကိုအထောက်အကူပြုဖို့ အပြင်မှာ အားလုံးကိုဖိတ်ခေါ်ပြီးမှ ကျနော်တို့အတူလုပ်ဆောင်ခြင်းဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျနော်ပြောလိုတာကတော့ ဒီပြည်ပမှာအလုပ်လုပ်ရင်းနဲ့ အဖွဲ့အစည်းအချင်းချင်း အထဲမှာရော ကျနော့်အဖွဲ့အစည်းကိုကြည့်လိုက်တော့ စိတ်ထဲမှာဘာရှိသလဲဆိုတော့ ကျနော်တို့ပြည်ပရောက်တာပဲဖြစ်ဖြစ် ဘယ်နေရာဖြစ်ဖြစ် အဖွဲ့အစည်းအတွင်းမှာပဲဖြစ်ဖြစ် ကိုယ့်မှာဒီမိုကရေစီမရှိပဲနဲ့ ဒီမိုကရေစီ လိုချင်တယ်လို့ပြောတော့ ရယ်စရာကောင်းတယ်။ အာဏာရှင်စနစ်ကိုကျင့်သုံးရင်းနဲ့ အာဏာရှင်ကို တိုက်ပါတယ်ဆိုတဲ့ ရယ်စရာကောင်းလိမ့်မယ်လို့ ကျနော်ယူဆတယ်။

ကျနော်တို့ ၉၁ ခုနှစ် Result ကိုအခြေခံပြီးမှ တိုင်းပြည်သစ်ထူထောင် ရေး၊ အမျိုးသားရင်ကြားစေ့ရေး အမျိုးသားနိုင်ငံရေးကို လုပ်ဆောင်ကြပါတယ်လို့ ကျနော် နားလည်တယ်။ ကျနော်နားလည်တဲ့အတိုင်းပဲ ကျနော်တို့ပါတီကလက်ခံဆောင်ရွက်ပါတယ်။ အထူးပဲကျေးဇူးတင်ပါတယ်ခင်ဗျား။

* * * * * * * * * * * * *

## နိုင်ထွန်းဝေ (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
Mon National Democratic Front

ကျနော်တို့အနေနဲ့ ပြည်ထောင်စုတိုင်းရင်းသားတွေဟာ အားလုံးညီညီညွတ်ညွတ်မရှိဖူးဆိုရင်တော့ ကျနော်တို့တနေ့ကျရင် ခံကြရမှာပဲ။ အခုအခြေအနေအရ ကြည့်မယ်ဆိုလို့ရှိရင် ကျနော်တို့ပြည်ထောင်စုတိုင်းရင်းသားတွေဟာ ဘေးကြပ်နံကြပ် အခြေအနေရောက်အောင် တဖြည်းဖြည်းနဲ့ ဆင်ကိုကျုံးထဲ သွင်းသလိုသွင်း နေတယ်။ သို့သော်ကျနော်တို့ ဒါတွေကိုမမှုပါဖူး။

မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ မွန်ပြည်နယ်မှာတဖွဲ့ပဲ ရှိပါတယ်။ မွန်နိုင်ငံရေးလဲ တဖွဲ့ပဲရှိပါတယ်။ အဲဒါဆို လူအင်အားပြောရမယ်ဆိုရင် မှန်းဆတွက်ကြည့်ကြပါ။ အဲဒီတော့ ကျနော်တို့နိုင်ငံခြားကိုရောက်နေတဲ့ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ အများကြီးရှိပါတယ်။ ဩစတြေးလျ၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ အမေရိကန်၊ ကနေဒါ၊ နော်ဝေ၊ ဖင်လန်၊ နယူးဇီလန်၊ ဂျပန်၊ တောင်ကိုးရီးယား ဟော်လန်မှာရှိကြပါတယ်။ ဒီတော့ ကျနော်တို့အချင်းချင်း အားလုံးလက်တွဲနေကြပြီးသားပါ။

ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ မဖြစ်မချင်း ကျွန်တော်တို့ကမမိုတ်မသုန် အင်တိုက်အားတိုက်လုပ်ဆောင်မှာပဲ ဆိုတာ အားလုံးသောတိုင်းရင်းသားတွေ သိထားဖို့လိုအပ်ပါတယ်။ မွန်တွေဟာ ပြည်နယ်ပေါင်းစု ပြည်ထောင်စုပဲခေါ်ခေါ် ဖက်ဒရယ်ပြည်ထောင်စုပဲခေါ်ခေါ် အဲဒီအခြေအနေ မရောက်မချင်း အစွမ်းကုန်ကိုယ်စွမ်းရှိသ၍ ရအောင်တိုက်ခိုက်ယူမှာပဲ။ အဲဒါက ကျနော်တို့ရဲ့ရည်ရွယ်ချက်ပဲ။ အဓိကကျနော်တို့ တိုင်းရင်းသားအားလုံးဟာ တစည်းတလုံးထဲရှိနေဖို့ လိုအပ်ပါတယ်။ အဲဒါကို ကျနော်အလေးအနက် တိုက်တွန်းလိုပါတယ်။

ဒုတိယအချက်ကတော့ ကျနော်တို့အလုပ်များများလုပ်ဖို့လိုအပ်ပါတယ်။ ကျနော့်အသက်က (၇၂) နှစ်ရှိပါပြီ။ အခြေအနေအရ ကျနော်တို့ဟာလုပ်အားပဲလိုတယ်။ စကားကြီးပဲမပြောနဲ့။ သင်းချိုင်းထဲရောက်ပါစေ တကယ်လို့ထလုပ်နိုင်မယ်ဆိုရင်ထလုပ်အုံးမှာပဲ။ ကျနော်တို့အလုပ်လုပ်နိုင်လို့ ဒီစင်မြင့်ပေါ်ရောက်လာတာမဟုတ်ဖူးလား။ ဒီတော့အလုပ်ကို မှန်မှန်ကန်ကန်လုပ်ပါ၊ စောက်ချလုပ်ပါ၊ ရိုးရိုးသားသားလုပ်ပါ၊ ဒါမှ ကျနော်တို့နိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာနိုင်မယ်ဆိုတာ စွဲမြဲစွာ ယုံကြည်ထားတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * *

## မန်းညွန့်မောင် (ပြည်ထောင်စုကရင်အဖွဲ့ချုပ်)
Union Karen League

ကျနော်တို့ကရင်အမျိုးသားနိုင်ငံရေးနယ်ပယ်မှာ ကေအင်န်ယူနဲ့ ယခု ပြည်ထောင်စုကရင်အဖွဲ့၊ ကေအင်န်ယူက လက်နက်ကိုင်တော်လှန်ရေး လုပ်တဲ့အခါမှာ ကျနော်တို့ကဥပဒေအတွင်းမှာ ထိမ်းသိမ်းပြီးလုပ်ရတဲ့အလုပ်တွေ ရှိပါတယ်။ ကျနော်တို့ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ အဲဒီ တိုင်းတွေကိုအခြေခံလုပ်တဲ့အခါမှာ ကရင်အမျိုးသားထုဟာ ကရင်ပြည်နယ်မှာရှိတဲ့ ကရင်အမျိုးသားထုနဲ့ ဆယ်ဆမက ရှိနေတဲ့အခါမှာ ကရင်အမျိုးသားတွေရဲ့ အခွင့်အလမ်းနှင့် အကျိုးစီးပွားတွေကို ပြည်ထောင်စုကရင်အဖွဲ့က သမိုင်းကြောင်းအရပေ့ါလေ ကျနော်မတိုင်ခင်ကတော့ ကေအင်န်ယူနဲ့ ကေအိုင်အေ အတွေးအခေါ် အယူအဆတွေမတိုင်ခင်က ကိစ္စတွေဖြစ်ပါတယ်။

ကျနော် ဒီအဖွဲ့ချုပ်ကို ၁၉၅၆ ခုနှစ်လောက်က ရောက်လာခဲ့တဲ့အခါမှာ တော့ ကျနော်တို့က အဲဒီလိုသဘောမထားတော့ပဲနဲ့ ကျနော်တို့အမျိုးသားပေါင်းစည်းရေးကို အထဲမှာအာရုံစိုက်ပါတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ ပြည်ထောင်စု ကရင်အမျိုးသားတွေ လွှင့်ထားတဲ့အလံသည်ပင်လျှင် ၁၉၅၈ ခုနှစ်မှာ ဖျက်သိမ်းခံရတဲ့ အနေအထားမျိုးရှိသည့်အတွက် ကျနော်တို့ UKL ပြည်ထောင်စုကရင် အမျိုးသားအဖွဲ့ချုပ်အလံကို ကျနော်တို့အခြားရွေးချယ်မှုမလုပ်ပဲနဲ့ ကရင်အမျိုးသား အလံကိုပဲ ကျနော်တို့ပါတီအလံအဖြစ်နဲ့ သူတို့ဖျက်လို့မရအောင်ဆိုပြီး ကျနော်တို့ လုပ်ခဲ့တာ ရှိပါတယ်။ နောက်ပြီးတော့ ပါတီစည်းရုံးရေးအနေနဲ့တော့ ကျနော်တို့ ကရင်အမျိုးသားတွေ ပြည်ပတိုင်းပြည်မှာ အများကြီးရှိတဲ့အတွက် ကျနော်တို့ အများကြီး အဖွဲ့ဝင်အဖြစ် ရယူနိုင်ပါတယ်။ သို့သော်လဲကျနော်တို့က အဲဒီကာလမှာ တွေးထားတဲ့အတွေးအခေါ် တခုကတော့ ကျနော်တို့ဟာ ဒီကိစ္စမပြီးသေးဘူး။ ဒီရွေးကောက်ပွဲနှင့် မပြီးသေးတဲ့အတွက် ဒီနိုင်ငံရေးနဲ့မပြီးသေးတဲ့အတွက် ကျနော်တို့အဖွဲ့ဝင်တွေကိုလက်ခံရင် ကျနော်တို့အဖွဲ့ဝင်တွေရန်ပြုခံရမယ့်အနေအထားကို ကျနော်တို့တွက်မိတဲ့အတွက် အဓိကကျတဲ့မြို့နယ်တွေမှာ စည်းရုံးရေးကော်မတီလောက်ပဲ ဖွဲ့ပါတယ်။

အဲဒီတော့ ချုပ်ပြီးတော့လူကြီးမင်းတို့ကို ကျနော်တင်ပြချင်တာကတော့ ပြည်ထောင်စုကရင်အဖွဲ့အနေနဲ့ ဒီမှာလဲ KNU ရှိတဲ့အတွက် ဥပဒေတွင်းကိစ္စကို ကျနော်တို့အာရုံစိုက်ပြီးတော့ ကိုယ့်အမျိုးသားကို ထိမ်းသိမ်းစောင့်ရှောက်ခဲ့တဲ့ အလုပ် ကိုလုပ်ခဲ့ပါတယ်။ ၁၉၉၁ ဗိုလ်ကလေးတိုက်ပွဲ နောက်ပိုင်းမှာ ကျနော်နဲ့ ကျနော့်အတွင်းရေးမှူး တတိယအကြိမ်မြောက် ထောင်ထဲရောက်ခဲ့ပါတယ်။ ထောင်

ထဲရောက်ပြီးတော့ ရွေးကောက်ပွဲကော်မရှင်က ဖိအားပေးမှုကြောင့် ကျနော် အထွေထွေအတွင်းရေးမှူးကနေ ထုတ်ပစ်ခံခဲ့ရပါတယ်။ စစ်အစိုးရကော်မရှင်က ထုတ်တာဖြစ်ပါတယ်။ အဲဒီ နောက် KNU ခေါင်းဆောင်များက ကျနော့်ဆီကို စစ်သားစေလွှတ်ဆက်သွယ်ကာ ကျနော်တောခိုလာပါတယ်။

* * * * * * * * * * * * * * *

## စိုင်းဝင်းဖေ (သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)
Shan Nationalities League for Democracy

ကျနော်တို့ SNLD ပါတီကတော့အခြေအနေအရပ်ရပ်ကြောင့် သော် ၎င်း၊ ဒီခေါင်းဆောင်များရဲ့ လိမ္မာပါးနပ်မှုကြောင့်သော်၎င်း၊ အဖွဲ့ဝင်အင်အားကြောင့် သော်၎င်း ဖြစ်လိမ့်မယ်လို့ယူဆပါတယ်။ ကျနော်တို့ပါတီရဲ့ စတင်ထူထောင်သူများနဲ့ ပါတီရဲ့ အခြေခံလူများကတော့ ပြီးခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ်လောက်က သျှမ်းအမျိုးသားများကို ဘာသာစကားနဲ့စာပေမြှင့်တင်ရေးလှုပ်ရှားမှုကြီး တခုလုပ်ပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့လူတော်တော်များများလဲ နောက်ပိုင်းမှာနိုင်ငံရေးလောကမှာ ပြန်ပါလာပါတယ်။ အဲဒီထဲမှာကျနော်က တတိယမျိုးဆက်လောက် ဖြစ်လိမ့်မယ်။

ပါတီထူထောင်တဲ့နေရာမှာတော့ လူတန်းစားအစစပေါင်းစုံ ပါဝင်ပါ တယ်။ သို့သော်အခြေခံကတော့ သျှမ်းစာပေပြန့်ပွားရေးလူငယ်များနဲ့ ဖွဲ့ခဲ့ပါတယ်။ ဒီအဖွဲ့အစည်းရဲ့အင်အားကြောင့်မို့လို့ အဖွဲ့အစည်းရဲ့အကျိုးခံစားရတယ်လို့ ပြောရမှာပဲ၊ သျှမ်းပြည်နယ်မှာ (၂၃) နေရာအနိုင်ရပါတယ်။ ပါတီဆိုင်းဘုတ်ထောင်တဲ့ နေရာ အတော်များပါတယ်။ သျှမ်းပြည်တခွင်လုံးတွင်မကပဲ ပဲခူးတိုင်း၊ တောင်ကြီးအင်း မြို့နယ် အထိပါ ဆိုင်းဘုတ်ထောင်ပါတယ်။ ကျနော်တို့ SNLD ဟာပြည်တွင်းမှာ UNLD နဲ့ ပူးပေါင်းလုပ်ဆောင်လာသလို လွတ်မြောက်နယ်မြေမှာလည်း UNLD (LA) နဲ့ SNLD -MP တဦးအနေဖြင့် ပူးပေါင်းလုပ်ဆောင်လာတာ ဖြစ်ပါတယ်။ ကျနော်တို့ရဲ့ ပြည်ထောင်စုအရေး၊ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အရေးနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ပါတီသည် ယခုအချိန်အထိ မားမားမတ်မတ် ရပ်တည်ပြီးတော့ တာဝန်များကို ထမ်းဆောင်လျှက်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * *

## ပူရမ်ဟူး (ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
Chin National League for Democracy

ကျနော့်နာမည်ကတော့ Pu Hrang Hu ဖြစ်ပါတယ်။ ကျနော်က ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် CNLD (Exile) ရဲ့ဒု–ဥက္ကဋ္ဌ တာဝန်ကိုထမ်းဆောင်ပါတယ်။ ကျနော်တို့ရဲ့ဥက္ကဋ္ဌကတော့ အားလုံးသိတဲ့အတိုင်း ဒေါက်တာ Za Hlei Thang ဖြစ်ပါတယ်။ သူကိုယ်တိုင် ဒီညီလာခံကိုမတက်ရောက်နိုင်တဲ့အတွက် သူ့ကိုယ်စား ဒီညီလာခံကိုတက်ရောက်ခြင်းဖြစ်ပါတယ်။ ကျနော်တို့ပါတီအကြောင်းနဲ့ပါတ်သက်ပြီး ကျနော့်မှာအထူးအထွေ ပြောစရာမရှိပါဘူး။ အားလုံးသိတဲ့အတိုင်းပဲ UNLD(LA) ရဲ့အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းဟာဆိုရင် ကျနော်တို့ CNLD ရဲ့အထွေထွေအတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ သူ့အကြောင်းကို အားလုံးသိကြတဲ့အတိုင်း ကျနော်တို့ပါတီအကြောင်းကို သိမယ်လို့လည်း မျှော်လင့်ပါတယ်။ ကျနော်ပြောစရာကတော့ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * *

## ဦးစောစ (နာဂအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
Naga National League for Democracy

၁၉၉၀ ရွေးကောက်ပွဲမှာ နာဂဆိုလဲ နာဂတောင်တန်းတိုးတက်ရေးအဖွဲ့ ဆိုတဲ့နာမည်နဲ့ ဝင်အရွေးခံခဲ့ပါတယ်။ ကျနော်တို့ကအပြင်ရောက်နေပြီ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ (၂) ယောက်အောင်ပါတယ်။ ခုတော့ ဒီအဖွဲ့အစည်းလဲဖျက်သိမ်းတဲ့ အထဲမှာပါသွားပါပြီ။ အခုဒီအဖွဲ့အစည်းဟာ ကျနော်တို့ပြည်ပရောက်ပြီးတော့ နာဂတော်လှန်ရေးနယ်မြေမှာ လှုပ်ရှားနေတဲ့အဖွဲ့အစည်းကနေ ကျနော်တို့ဖွဲ့ပြီးတော့ ဒီ UNLD(LA)အဖွဲ့ချုပ်ကိုအဖွဲ့ဝင်အနေနဲ့ ကျနော်တို့လျှောက်ပြီးပါလာပါတယ်။

ကျနော်တို့တော်လှန်ရေးလုပ်ငန်းတခုထဲမဟုတ်ပါဘူး။ ဘယ်လုပ်ငန်းဖြစ် ဖြစ် ကျနော့်အနေနဲ့သဘောပေါက်တာက 'ရိုးသားဖြောင့်မတ်မှု' ဆိုတဲ့ Sincerety and Honesty ဒီနှစ်ခုကိုတော့ ကျနော်တို့အခြေပြုလုပ်ရပါလိမ့်မယ်။ နောက်တခု ကျနော်တို့တော်လှန်ရေးတခုလုံးကို ခြုံကြည့်ရင် Divide and Rules ဆိုတဲ့ နဝတရဲ့ မူဝါဒကို ကျနော်တို့တိုင်းရင်းသားတွေ ဒါ Unity is Strength ခေါင်းစဉ်နဲ့ ကျနော်တို့ ဆန့်ကျင်နေရမယ်။ ဆိုတော့ ကျနော်တို့တိုင်းရင်းသားတွေက ဒီအင်အားကို ကျနော်

တို့က စည်းရုံးရေးကအင်အားဖြစ်တယ်ဆိုတဲ့ မူဝါဒနဲ့ပြန်တိုက်မယ်ဆိုတဲ့နေရာမှာ တယောက်နဲ့တယောက် ယုံယုံကြည်ကြည် လေးလေးစားစား ဆိုတဲ့အခြေအနေမှာ ရှိရမယ်။ ကျနော်တို့အချင်းချင်းအပေါ်မှာ သစ္စာရှိရှိ ကတိတည်တည်လုပ်သွားမှ အကျိုးရှိမယ်။ ကိုယ့်လူမျိုးစုကလေး ကောင်းစားရေး၊ ကိုယ့်နယ်မြေထွန်းကားရေး ဆိုတဲ့ ပုံစံမျိုးနဲ့ လုပ်မယ်ဆိုရင်တော့ ကျနော်တို့လုပ်ငန်းကတော့ ဘာမှအကျိုးရှိမယ် မဟုတ် ပါဘူး။

ကျနော်တို့ရဲ့ဒီမိုကရေစီအနှစ်သာရကတော့ Unity and Diversity ပဲ ဖြစ်သင့်တယ်။ ဒါဟာ ဒီမိုကရေစီရဲ့အနှစ်သာရလို့ ကျနော်တို့တော့မြင်တယ်။ ဒါတိုင်းရင်းသားအချင်းချင်းလဲ စည်းရုံးရေးလိုဦးမှာ အဲဒါလူသားတွေရဲ့သဘာဝပါဘဲ။ ဒီ ညီလာခံကိုလဲပဲ အောင်အောင်မြင်မြင်ဖြစ်ပါစေလို့ ကျနော်ဆုတောင်းပါတယ် ပြောရင်းနဲ့ ကျနော်နိဂုံးချုပ်ပါတယ်။

* * * * * * * * * * * * *

**မခေါ်ခွန်ဆာ (ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်)**
Kachin State National Congress for Democracy (KNCD)

ဒါတွေက မဟာဝါဒကိုတိုက်ယင်းနဲ့ မဟာ ကချင်ဆိုတဲ့ဟာမျိုး မဖြစ်သွားအောင် ကျနော်တို့ထိမ်းသိမ်းဖို့လိုမယ်ဆိုတဲ့အပေါ်မှာမူတည်ပြီးတော့ ကျနော်တို့ ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက် ဆိုပြီးတော့ ကျနော်တို့တည်ထောင်ခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ ကျနော်တို့ (၃) နေရာရပါတယ်။ ၁၉၉၁ ခုနှစ် စက်တင်ဘာလမှာ ကျနော့်ကိုစစ်အစိုးရက ဖမ်းပါတယ်။ ပုဒ်မ (၅) ညနဲ့ ထောင် (၁၀) နှစ်ချပါတယ်။ ကျနော်မန္တလေးထောင်မှာ (၇) နှစ်ကျော်နေလာပြီးတဲ့ နောက်ပိုင်းမှာ လွတ်လာပါတယ်။

ကျနော်ပြီးခဲ့တဲ့နှစ်က ဒီထိုင်းကိုရောက်လာပါတယ်။ ကျနော်အားလုံးနဲ့ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပါတယ်။ အားလုံးကသဘောတူတယ်။ ပြီးတော့မှ ဖွဲ့စည်းဖို့အတွက် နားလည်သဘောပေါက်လက်ခံလာတဲ့အတွက်ကြောင့်မို့လို့ ကျနော်တို့ KNCD-LA ကိုပြီးခဲ့တဲ့လ ဇန်နဝါရီလ (၂၈) ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။

ကနေ့ကျနော့်နိုင်ငံရေးအမြင်အရ ပြောရမယ်ဆိုရင်တော့ ကျနော်တို့ တိုင်းရင်းသားတွေဟာ ပြည်ထောင်စုအပေါ်မှာကျနော်တို့ကသစ္စာရှိတယ်။ ပြည်ထောင်စုဖြစ်အောင်လဲ ကျနော်တို့ကလုပ်ခဲ့တယ်။ ဒါပေမယ့်လို့ ကျနော်တို့လုပ်

ခဲ့တဲ့ ကျနော်တို့ ထားခဲ့တဲ့စေတနာတွေဟာ စောစောကပြောခဲ့တဲ့ မဟာလူမျိုးကြီးဝါဒကိုင်စွဲတဲ့ လူတစု ရဲ့ အာဏာတစုရဲ့လက်ချက်ကြောင့် ကနေ့အထိပြိုကွဲနေတယ်။

ကျနော်တို့ ပိုမိုပြည့်စုံတဲ့ပြည်ထောင်စုလက္ခဏာနဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်ဖို့အတွက် ဒီကနေ့ UNLD ကိုတိုင်းရင်းသားတွေအားလုံး စုစည်းညီညွတ်စွာနဲ့ တနေ့တော်လှန်ရေးမှာ တိုက်ပွဲဝင်ကြဖို့လိုလိမ့်မယ်။ တော်လှန်ရေးပြီးသွားတာနဲ့ ကျနော်တို့ဒီအဖွဲ့အစည်းတော့ ဆက်လိုနေဦးမယ်။ တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်မှုရှိဖို့ကတော့ ကမ္ဘာကုန်တည်သရွေ့ တိုင်းရင်းသားတွေရဲ့စည်းလုံး ညီညွတ်ရေးဟာ ရှိဖို့လိုလိမ့်မယ်ဆိုတဲ့အကြောင်းကို ကျနော့်အမြင်ကိုတင်ပြလိုပါတယ်။ ကျနော်တို့တော့ Vision ရှိနေပြီး ဒီ Vision အောင်မြင်ဖို့အတွက်တော့ ကျနော်တို့ Team-work လိုပါတယ်။ ကျေးဇူးတင်ရှိကြောင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

* * * * * * * * * * * * *

မှတ်ချက်။ ညီလာခံသို့ နောက်ကျမှရောက်ရှိလာကြသော နာယက Teddy Buri နှင့် မရာပြည်သူ့ပါတီမှ Pu Thahe တို့၏ မိတ်ဆက်စကားကို ဒီနေရာတွင်ထည့်သွင်း နိုင်ခြင်းမရှိကြောင်း လေးစားစွာ ပန်ကြားအပ်ပါသည်။

* * * * * * * * * * * * *

## ကွယ်လွန်သွားသော UNLD ခေါင်းဆောင်များအပေါ် ပြန်လည်အောက်မေ့ခြင်းနှင့် အခန်းအနားမှူး ဆလိုင်းလျန်မှုန်း၏ ပြောဆိုချက်များ ကောက်နုတ်ချက်

အခန်းအနားမရပ်နားခင် ခေါင်းဆောင်ကြီးများကို ကျနော်တခုတင်ပြလိုပါတယ်။ ဒါကတော့ UNLD စတင်ဖွဲ့စည်းကတည်းက ထိပ်ဆုံးမှခေါင်းဆောင်မှုနေရာကို ယူပေးခဲ့တဲ့ ခေါင်းဆောင်တချို့ဟာ ကွယ်လွန်အနိစ္စရောက်သွားကြကုန်ပြီ။ ဒါကြောင့် ကွယ်လွန်သွားကြပြီဖြစ်တဲ့ ခေါင်းဆောင်များကိုပြန်လည်အောက်မေ့သတိရတဲ့အနေနဲ့ အားလုံးမတ်တပ်ရပ်ထပြီး တမိနစ်ငြိမ်သက်စွာရပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

ကွယ်လွန်သွားကြပြီဖြစ်တဲ့ခေါင်းဆောင်များကတော့ UNLD အမြဲတမ်းသဘာပတိအဖွဲ့ဝင်နှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးဖေ၊ UNLD အမြဲတမ်း သဘာပတိအဖွဲ့ဝင်နှင့် ချင်းအမျိုးသားဒီမိုကရေစီ

အဖွဲ့ချုပ် နာယကကြီး ဦးစီကေတိုက်ကွဲလ်၊ UNLD အမြဲတမ်းသဘာပတိအဖွဲ့ဝင်နှင့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဦးနိုင်ခင်မောင်၊ UNLD အမြဲတမ်းသဘာပတိအဖွဲ့ဝင်နှင့် KNCD ခေါင်းဆောင်ဦးလဗျစ်တူး တို့ဖြစ်ပါတယ်။

ကျနော်အထူးတင်ပြလိုတာက UNLD စတင်ဖွဲ့စည်းကတည်းက ဦးအေးဖေ၊ ဦးစီကေတိုက်ကွဲလ်နှင့် နိုင်ခင်မောင်တို့ဟာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးအရဦးဆောင်မှုပေးရုံတင်မကပဲ UNLD ရပ်တည်လုပ်ရှားနိုင်အောင် ငွေရေးကြေးရေးအရ ကူညီပံ့ပိုးပေးခဲ့တဲ့ပုဂ္ဂိုလ်ကြီးများ ဖြစ်ပါတယ်။ အခု သူတို့ (၃) ဦးစလုံးမရှိတော့ပါဘူး။ ဦးစီကေတိုက်ကွဲလ်ဟာ ဆိုရင် နဝတစစ်အစိုးရက သုံးလေးကြိမ်ဆက်တိုက်ဖမ်းဆီး၊ မေးမြန်းစစ်ဆေးမှုကို အကြိမ်ကြိမ်ခံရပြီး နောက်ဆုံးအကြိမ် ဖမ်းဆီးမေးမြန်းလို့လွှတ်လာပြီး သုံးလေးရက်အတွင်းမှာပဲ နှလုံးရောဂါနဲ့ ကွယ်လွန်သွားရှာတာဖြစ်ပါတယ်။ ဒါကြောင့် သူကွယ်လွန်သွားတာ စစ်အစိုးရရဲ့ ညှင်းပန်း နှိပ်စက်ဒဏ် (Torture) ကြောင့်ကွယ်လွန်သွားတယ် ဆိုရင်မမှားပါဘူး။

တဆက်တည်း ကျနော်တင်ပြချင်တာက ဦးအေးဖေ၊ ဦးစီကေတိုက်ကွဲလ်၊ ဦးနိုင်ခင်မောင်တို့နှင့် အတူ UNLD ကိုတစိုက်မတ်မတ် ဦးဆောင်မှုပေးခဲ့တဲ့ အခြားပုဂ္ဂိုလ်များ အကြောင်းဖြစ်ပါတယ်။ ကျနော်တို့နဲ့အတူကျန်ရှိနေသေးတဲ့ ပုဂ္ဂိုလ်ကြီးများထဲမှာ အသက်အကြီးဆုံးကတော့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ဒေါက်တာစောမြအောင်ပဲ ဖြစ်ပါတယ်။ သူတခါပြောဖူးပါတယ်။ "ငါနိုင်ငံရေးသမားမဟုတ်ဘူး၊ နိုင်ငံရေးစကားလည်း မပြောတတ်ဘူး၊ ဒါပေမဲ့ ငါ့အမျိုးကိုငါချစ်တယ်။ ဒီမိုကရေစီကိုလိုလားတယ်။ ငါပုဂ္ဂိုလ်ရေးအတွက်ဆို ဆယ်သက်စာထိုင်စားလို့ မကုန်အောင်ဥစ္စာနေကြွယ်ဝနေပြီ။ ဒါကြောင့် ငါဒီမှာလာလုပ်တာ ဥစ္စာနေလိုချင်လို့ မဟုတ်ဘူး။ ဂုဏ်ပကာသန လိုချင်လို့လည်း မဟုတ်ဘူး။ ငါ့အမျိုးသားရေးအတွက် ငါလုပ်တာဖြစ်တယ်" ဆိုပြီးသူ တခါကပြောဖူးတယ်။

ကျနော်တို့ပြည်တွင်းမှာတုန်းက နိုင်ငံရေးအရဝါအရင့်ဆုံးနှင့် ဝါဒရေးရာ၊ ပေါ်လစီရေးရာဦးဆောင်မှုကို အပီပြင်ဆုံးပေးခဲ့တဲ့ပုဂ္ဂိုလ်ကတော့ နိုင်ငွေသိမ်းပဲဖြစ်ပါလိမ့်မယ်။ သူအလွန်မတန်မှအသက်ကြီးပြီး ပြီးတော့ကျန်းမာရေးကလည်း သိတ်မကောင်းရှာဘူး။ တခါဆိုရင် ခွဲစိပ်ကုသမှုခံယူပြီး ဆေးရုံမှဆင်းခါစ ပဲရှိသေးတယ်။ ဒါပေမယ့် ခွဲစိပ်ကုသပြီးခါစဖြစ်တဲ့အတွက် ဆီးပုလင်းကိုကိုင်ပြီး ညီလာခံကိုလာတက်ခဲ့ပါတယ်။ အင်မတန်မှ ချီးကျူးလေးစားဖို့ကောင်းတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ပြီးတော့ ZNC ဥက္ကဌပူကျင်ရှင် သူဟာအဖမ်းခံထိတယ်၊ ထောင်ကျတယ်၊ မျက်လုံးအခွဲခံရတယ်။ ဒီလိုကာလတလျှောက်လုံးမှာ သူတို့အလံမလှဲဘဲနဲ့

လွှတ်မြောက်လာလာခြင်း CRPP အရေးနဲ့ UNLD ပြန်လည်ထူထောင်ဖို့အတွက် ဦးဆောင်မှုတွေသူတို့ပေးနေပါတယ်။ ဦးအေးသာအောင်၊ ဦးသာဘန်း၊ မောင်လင်းယုန် (သျှမ်းပြည်) လို့လူသိများတဲ့ ကဗျာဆရာ၊ ဦးမြင့်ဦးဆိုတော့ ဒီခေါင်းဆောင်တွေကျနော်တို့ ပြည်တွင်းက စလုပ်ကတည်းက လုပ်ဆောင်နေတဲ့ခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍအလွန် အင်မတန်မှ ကြီးမားပါတယ်။ အခု UNLD(LA) လုပ်နေတာဟာ အထဲကခေါင်းဆောင်တွေမလုပ်နိုင်တဲ့ အခန်းကဏ္ဍကိုကျနော်တို့ ဖြည့်စွက်ပေးဖို့ ဒီကနေ့လုပ်နေတာဖြစ်ပါတယ်။ ကျနော်တို့မူဝါဒအားဖြင့် သူတို့ချမှတ်ခဲ့တဲ့မူဝါဒနဲ့လုံးဝ မသွေမဖီ ပဲနဲ့ လုပ်နေတာဖြစ်တယ်။ သူတို့အားလုံးကို လည်း ဂုဏ်ယူလေးစားကြောင်း မှတ်တမ်းတင်ပြောကြားလိုပါတယ်။

* * * * * * * * * * * * *

**မှတ်တမ်းတင်ခြင်း။**

အခန်းအနားမှူး ဒေါက်တာဆလိုင်းလျန်မှုန်းက ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ပထမဦးဆုံး နိုင်ငံတော်သမတတာဝန်ကို ထမ်းဆောင်ခဲ့သူ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏ဇနီးသည်၊ UNLD(LA) ၏ နာယကကြီး Dr. Chao Tzang Yawnghwe ၏ မိခင်၊ မဟာဒေဝီသည် သက္ကရာဇ် ၂၀၀၃ ခုနှစ် ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် UNLD(LA) အဖွဲ့ဝင် နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးတန်းတူရေးအတွက် တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားဒီမိုကရေစီအင်အားစုများကိုယ်စား အထူးဝမ်းနည်းကြေကွဲကြောင်း၊ မဟာဒေဝီကွယ်လွန်သည့်အတွက် Dr. Chao Tzang Yawnghwe မှ UNLD(LA) ဒုတိယအကြိမ်ညီလာခံသို့ မတက်ရောက်နိုင်ကြောင်းကို ညီလာခံမှ မှတ်တမ်းတင်ရန် ပန်ကြားအပ်ပါသည်။

* * * * * * * * * * * * *

# အပိုင်း (၂)

# ညီလာခံသို့တင်သွင်းသောစာတမ်းများ

POLICY MAKING AND EXTERNAL AFFAIRS COMMITTEE'S REPORT

**Submitted by**
**Dr. Lian H. Sakhong**
**(General Secretary)**

## Introduction

The UNLD was established in 1989 as an umbrella political organization for the non-Burman nationalities in Burma. From the very beginning, the UNLD political platform called for the establishment of a genuine federal union based on democratic rights for all citizens, political equality for all nationalities and the right of self-determination for all member states of the Union.

The member parties of the UNLD contested the 1990 general election under the slogan of "democracy and equality" and won 35% of the popular vote and 16% of parliamentary seats (67 seats) in the national parliament of the Union of Burma. The election results established the UNLD as the second largest political party in Burma.

Organized democratic opposition in Burma has been difficult to sustain in the face of the military regime's tactics of terror, torture, intimidation, and censorship. Like many other opposition political parties, the UNLD has been suffering from all kinds of the regime's tactics of harassment. Especially after the 1990 general election, the military government targeted the UNLD as a most dangerous opponent, second only to NLD, which therefore must be crushed. The UNLD was banned and declared illegal in 1992.

Although the UNLD and seventeen of its member parties had been declared dissolved and illegal, they are still very much alive and in operation both inside Burma and in liberated areas, and are doing everything possible to continue the struggle for democracy and federalism. Inside Burma, the UNLD and its member parties are operating in close coordination with the

NLD under the leadership of Daw Aung San Suu Kyi. The cooperation between the UNLD and NLD is especially effective in "the Committee Representing the People Parliament" (CRPP) in which Dr. Saw Mra Aung, one of the most prominent leaders of the UNLD, is serving as a chairperson. Unfortunately, the military junta arrested him because of his strong leadership role in the Committee Representing the People Parliament.

## The UNLD-LA and Its First Conference

The UNLD in exile was officially re-established as the UNLD (LA) in 1998 by its original members, most of whom had been forced to flee the country. The Inaugural Conference of the UNLD (LA) was held, from January 15-19, 2001, with the aims and objectives of:

1. Official Re-Establishment of UNLD
2. Adoption of UNLD Political Agenda
   - Concept & Principles on the Federal Constitution
   - Concept & Principles on State Constitutions
   - Concept & Principles on Political Dialogue
   - Concept & Principles on a National Convention
3. Strengthening & Expansion of UNLD
4. Building Understanding with Allied Forces
   - Preparation for Tripartite Dialogue
   - Preparation for State Constitutions

At the conference, the UNLD (LA) reconfirmed its original aims and objectives, which read as follows:

1) To establish a genuine federal union.
တဆက်တည်းမှာပဲ ကနေဒါအစိုးရက ၎င်းသုံးပွင့်ဆိုင်ဆွေးနွေးပွဲအတွက် ပြင်ဆင်နိုင်ရေး၊ အထူးသဖြင့်တိုင်းရင်းသားလူမျိုးများ ပြင်ဆင်နိုင်ရေးအတွက် ရံပုံငွေပါ ပေးလာခဲ့ပါတယ်။ အဲဒီရံပုံငွေဟာ အခု ဘာဖြစ်သွားသလဲဆိုတော့ National Reconcilaition Program (NRP) ဖြစ်သွားပါတယ်။ အစက ကျနော်တို့ စဉ်းစားခဲ့တာကတော့ NRP Program ကို UNLD အောက်မှာထားပြီး ဆောင်ရွက်ဖို့ပဲ။ သို့ သော် နောက်ပိုင်းကျနော်တို့ ဆွေးနွေးတိုင်ပင်ကြည့်တဲ့အခါ ကျတော့ — NRP Program ဟာကျယ်ကျယ်ပြန့်ပြန့် လုပ်သင့်တယ်။ UNLD တခုထဲနဲ့လုပ်တာထက် ပိုပြီး ကျယ်ပြန့်အောင် — တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးလည်း ချုံငုံနိုင်အောင်၊ ဒီမိုကရေစီအင်အားစု အားလုံးအတွက်လည်း အကျိုးရှိအောင် လုပ်ဆောင်ရမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ တဖက်မှာလည်း အဲဒီတုန်းက UNLD ကိုကျနော်တို့ ပီပီပြင်ပြင်ပြန်လည် မဖွဲ့စည်းနိုင်ခဲ့သေးဘူး။ ပြီးတော့လွတ်မြောက်နယ်မြေကို ရောက်ရှိလာတဲ့ UNLD အဖွဲ့ဝင်အင်အားကလည်း နည်းပါတယ်။ နည်းပါးရုံတင်မကဘူး ကမ္ဘာ့အနှံ့ပြန့်ကျဲနေကြတဲ့အတွက် စုစည်းဖို့ကလည်း ခက်ခဲခဲ့ပါတယ်။ ဒါကြောင့် NRP ပေါ်လာတော့ UNLD က NRP ရဲ့ Component တခု အဖြစ်ပါလာတာ ဖြစ်ပါတယ်။ အမှန်က NRP ကို UNLD အောက်မှာ ဆောင်ရွက်အကောင်အထည်ဖော်ဖို့။ ဘာဘဲဖြစ်ဖြစ်အခုလို NRP ကိုကျယ်ကျယ် ပြန့်ပြန့် ဖွဲ့စည်းနိုင်တာကို ကျနော်တို့အားလုံးဝမ်းသာကြိုဆိုရမှာ ဖြစ်ပါတယ်။ UNLD

ကိုလည်း LA အဖြစ်နဲ့ ပြန်လည်ထူထောင် ဖြစ်တယ်။ အားလုံးအတွက် အကျိုးရှိတဲ့ NRP လုပ်ငန်းစဉ်ကိုလည်း လုပ်ဖြစ်သွားပါတယ်။

## UNLD(LA) - NDF Joint Action Committee ကိုဖွဲ့စည်းခြင်း။

ဆိုတော့ကျနော်တင်ပြချင်တဲ့ အကြောင်းရင်းကတော့ သုံးပွင့်ဆိုင် Tripartitie Dialogue ဖေါ်ဆောင်နိုင်ရေးအတွက် ကျနော်တို့ရဲ့ကြိုးပမ်းချက်ပဲ ဖြစ်ပါတယ်။ UNLD(LA) ရဲ့ပထမညီလာခံမှာ ဆုံးဖြတ်ထားတဲ့အတိုင်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်နိုင်ရေးကို ကျနော်တို့ကြိုးပမ်းတဲ့အခါမှာ ပထမအဆင့်အနေနဲ့ကျနော်တို့ လုပ်ဆောင်သွားတာကတော့ — ကျနော်တို့ရဲ့ မဟာမိတ်အင်အားစုများနဲ့ နားလည်မှုရယူပြီး လက်တွဲအလုပ်လုပ်ဆောင်နိုင်ရေး — ဖြစ်ပါတယ်။ ဒါကြောင့် ညီလာခံပြီးပြီးချင်း ကျနော်တို့ရဲ့နာယကကြီး Dr. Chao Tzang Yawnghwe ဦးဆောင်ပြီး အမြဲတမ်းသဘာပတိအဖွဲ့ဝင် အမတ်ကြီး ခွန်းမန်းကိုဘန်းနှင့် အတွင်းရေးမှူး ကျနော်ဆလိုင်းလျန်မှုန်းတို့သွားပြီးတော့ NDF, KNU, KNPP နဲ့ NMSP တို့ကိုသွားတွေ့ ခဲ့ပါတယ်။ နောက်ပိုင်းလည်း တဖြည်းဖြည်း SSA, CNF စတဲ့အဖွဲ့အစည်းများကိုလည်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး သူတို့ရဲ့အကြံကိုယူတယ်။ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဖိတ်ခေါ်ခဲ့ပါတယ်။

ပထမအဆင့်အနေနဲ့ ကျနော်တို့လုပ်ဆောင်နိုင်ခဲ့တာက UNLD(LA) - NDF Joint Action Committee ကိုဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ Joint Action Committee မှာ NDF ဖက်မှ KNU ဥက္ကဌကြီးစောဘသင်၊ NDF ရဲ့ အဲ့ဒီတုန်းက အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့တဲ့ ခိုင်စိုးနိုင်အောင် နှင့် NDF အဖွဲ့လည်းဖြစ်၊ CNF ရဲ့နိုင်ငံခြားရေးတာဝန်ခံလည်း ဖြစ်တဲ့ Dr. Sui Khar တို့ပါဝင်ခဲ့ပါတယ်။ ကျနော်တို့ UNLD(LA) ဖက်မှာကတော့ နာယကကြီး Dr. Chao Tzang Yawnghwe အမြဲတမ်းသဘာပတိအဖွဲ့ဝင် ခွန်းမန်းကိုဘန်းနှင့် အတွင်းရေးမှူး ကျနော်ဆလိုင်းလျန်မှုန်း တို့ပါဝင်ခဲ့ပါတယ်။

သက္ကရာဇ် ၂၀၀၂ မတ်လမှာ UNLDနှင့် NDF ပူးပေါင်းပြီးတော့ — ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး ရုံးစိုက်ရာနယူးယောက်မြို့ကို ကိုယ်စားလှယ်သုံးဦးစေလွှတ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရာဇာလီအစ်စ်မေးနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးပြီး တိုင်းရင်းသားလူမျိုးများရဲ့အခြေအနေ၊ အဘယ်ကြောင့် နှစ်ရှည်လများ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနေရသလဲ၊ ဒီပြဿနာကြီးငြိမ်းချမ်း စွာဖြေရှင်းနိုင်ဖို့ ဘာတွေလိုအပ်သလဲ၊ မိမိတို့ရဲ့ရပ်တည်ချက်က ဘာရှိသလဲ စသည်တို့ကို သွားရောက်တင်ပြခဲ့ပါတယ်။ ကိုယ်စားလှယ်အဖွဲ့မှ အထူးတင်ပြခဲ့တဲ့ အချက်ကတော့ —

ယနေ့ကျနော်တို့ ရင်ဆိုင်နေရတဲ့ နိုင်ငံရေးပြဿနာဟာ နဝတ (နအဖ) စစ်အစိုးရ ပြောသလို **“လူမျိုးရေးပဋိပက္ခ”** (Ethnic Conflict) မဟုတ်ကြောင်း၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော်တို့ဆင်နွှဲနေတဲ့ တော်လှန်ရေးဟာ လူမျိုးရေး မုန်းတီးမှု အပေါ်မှာအခြေခံတဲ့ တော်လှန်ရေးလုံးဝ (လုံးဝ) မဟုတ်ကြောင်း၊ တိုင်းရင်းသား အချင်းချင်းအကြားမှာ တိုက်ခိုက်မှုလည်း မရှိကြောင်း၊ ဗမာနှင့်သျှမ်း၊ သျှမ်းနှင့်ရခိုင်၊ ချင်းနှင့် ကချင် စသည့် အားဖြင့်လူမျိုး တမျိုးနှင့်တမျိုးအကြားမှာ တိုက်ပွဲရန်လိုမှု လုံးဝမရှိကြောင်း၊ ထို့ကြောင့် တခြားကမ္ဘာမှာ ဖြစ် ပွားနေတဲ့ Ethnic Conflict မျိုးလို — ဥပမာ Former Yugoslavia မှာဖြစ်ပွားတဲ့ Ethnic Conflict လို လူမျိုး တမျိုးနှင့် တမျိုးအကြားမှာ အချင်းချင်းတိုက်ခိုက်မှုမျိုး ကျနော်တို့ဆီမှာ လုံးဝမရှိတဲ့ အကြောင်း၊ အကယ်လို့ ကျနော်တို့ရဲ့ ပြဿနာကို Ethnic Conflict လို့ခေါ်ရင် တောင်မှ Horizontal Conflict လို့ခေါ်တဲ့ အလျားလိုက် ဖြစ်ပွားတဲ့ လူမျိုး အချင်းချင်း တိုက်ခိုက်တာ မျိုးမဟုတ်ပဲ Vertical Conflict လို့ခေါ်တဲ့ ထောင်လိုက် ဖြစ်ပွားတဲ့ ပဋိပက္ခ — အစိုးရ နှင့်တိုင်းရင်းသားလူမျိုးစု အပါအဝင် ဗမာလူထု တရပ်လုံးပါ ပါဝင်ပတ်သက်တဲ့ ပဋိပက္ခသာလျှင် ဖြစ်ကြောင်း၊ စစ်အစိုးရအနေဖြင့် ကျနော်တို့ရဲ့ နိုင်ငံရေးပြဿနာကို Ethnic Conflict ဟုကမ္ဘာကို ကြေညာခြင်းမှာ သူတို့ အာဏာတည်မြဲရေးကို ရည်ရွယ်ချက် ရှိရှိနဲ့လုပ်ဆောင်နေတာဖြစ်ကြောင်း၊ သူတို့ဆိုလိုရင်းကို ဆန်းစစ်လျှင် အဖြေက — “ငါတို့သာမရှိလျှင် တိုင်းရင်းသား အချင်းချင်းတိုက်ခိုက်ပြီး တိုင်းပြည်ပြိုကွဲသွားမည်။ ဒါကြောင့် အင်အားကြီးမားတဲ့ စစ်အစိုးရလိုအပ်တယ်” ဆိုပြီး ကမ္ဘာကိုလိမ်လည်ခြင်း သာဖြစ်ကြောင်း၊ အမှန် စင်စစ် ကျနော်တို့တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာကြီးဟာ နိုင်ငံတကာဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တိုက်ရိုက်ပတ်သက်တဲ့ပြဿနာဖြစ်ကြောင်း၊ တနည်းအားဖြင့် **“ပင်လုံစာချုပ်”** ကိုအကောင်အထည်မဖော်နိုင်ခြင်း၊ တိုင်းရင်းသား လူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) ဆုံးရှုံးမှုအပေါ်များ အခြေစိုက်တဲ့ ပြဿနာဖြစ်ကြောင်း၊ စာတမ်းနှင့်တကွ တင်ပြခဲ့ပါတယ်။ ၎င်း UNLD-NDF ကိုယ် စားလှယ်အဖွဲ့က ကမ္ဘာ့ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီ အပါအ ဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးရဲ့ နိုင်ငံရေးဌာနမှာ အကြီးဆုံးဖြစ်တဲ့ Mr Danielo Turk (Under Secretary General of Political Affair), နှင့် UN မှာရှိတဲ့ EU Commission, ပြီးတော့ Washington DC မှာလည်း State Department က ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ၎င်း UN Mision မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များကတော့ Dr. Chao Tzang Yawnghwe, Saw David Taw (KNU/NDF) နှင့် UNLD အတွင်းရေးမှူး Dr. Lian Hmung Sakhong တို့ဖြစ်ပါတယ်။

**ENSCC ပေါ်လာခြင်း**

သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်ဆောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ဖို့ UNLD-NDF Joint Action Committee ကိုကျနော်တို့ ဖွဲ့စည်းနိုင်ခဲ့ပေမယ့် အဲဒီ ကော်မတီမှာမပါနိုင်တဲ့ — NDF အဖွဲ့ဝင်မဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်း အတော်များများ ရှိနေသေးတယ်ဆိုတာကို ကျနော်တို့သွားတွေ့ရပါတယ်။ အထူးသဖြင့် KNPP နှင့် SSA(S) တို့မပါဝင်နိုင်ခဲ့တာ ကျနော်တို့အင်အားကို လျော့စေခဲ့တယ်လို့ သုံးသပ်ခဲ့မိပါတယ်။

ဒါကြောင့် Tripartite Dialogue အတွက် ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်နိုင်ရေးအတွက် ENSCC (Ethnic Nationalities Solidarity and Cooperation Committee) သက္ကရာဇ် ၂၀၀၁ ခုနှစ် ဩဂုတ်လမှာကျင်းပတဲ့ **"တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ"** (Ethnic National Seminar) မှာဖွဲ့စည်းခဲ့ပါတယ်။ ၎င်း ENSCC မှာ UNLD နှင့် NDF မှကိုယ်စားလှယ်များအပြင် KNPP မှကိုယ်စားလှယ်များလည်း ပါဝင်လာနိုင်ခဲ့ပါတယ်။ SSA(S) နှင့်အခြားလက်နက်ကိုင် အဖွဲ့အစည်းတချို့လည်း ကျနော်တို့နဲ့ လက်တွဲပြီး ဆောင်ရွက်လာ ကြပါတယ်။ (တင်းပြည့်အဖွဲ့ဝင် အနေနဲ့တော့ အခြေအနေအရ မပါဝင်နိုင်သေးပါဘူး)။

ENSCC ရဲ့ အဓိကရည်ရွယ်ချက်ကတော့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာနိုင်ရေးအတွက် ဗမာမဟုတ်တဲ့ တိုင်းရင်းသားလူမျိုးများရဲ့ နိုင်ငံရေးပါတီများနှင့် လက်နက်အဖွဲ့အစည်းများကို စုစည်းနိုင်ရေးပဲ ဖြစ်ပါတယ်။ ၎င်းအင်အားစုများကို အကြမ်းအားဖြင့် (၄) မျိုး (၄) အုပ်စုအဖြစ် ခွဲခြားနိုင်ပါတယ်။ ၎င်း (၄) အုပ်စုကတော့

(၁) UNLD မှာစုစည်းပါဝင်နေကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းများ
(၂) NDF အဖွဲ့ဝင် လက်နက်ကိုင်အင်အားစုများ
(၃) NDF အဖွဲ့ဝင်မဟုတ်တဲ့ လက်နက်ကိုင်အင်အားစုများ
(၄) Cease-fire အဖွဲ့များဆိုပြီး (၄) မျိုးနဲ့ သတ်မှတ်နိုင်ပါတယ်။

ENSCC အနေနဲ့ Tripartite Dialogue ဖြစ်ပေါ်လာနိုင်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာ ကျနော်တို့ပေါ်လစီကတော့ သူများလုပ်တာကို ထိုင်စောင့်မနေဘဲ ကိုယ်က Initiative ယူပြီး Proactive ဖြစ်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့ ENSCC ရဲ့ Policy Paper ကိုလည်းထုတ်ပြန်ခဲ့ပါတယ်။ ဒီ Policy Paper ကတော့ "The New Panglong Initiative: Re-Building the Union of Burma" (ပင်လုံစိတ်ဓါတ်ကို အခြေခံသော ပြည်ထောင်စုပြန်လည် တည်ဆောက်ရေး စီမံချက်) ပဲဖြစ်ပါတယ်။ အဲဒီ စာတမ်းကိုကျနော်ရဲ့ ဒုတိယစာတမ်းဖြစ်တဲ့ "Ethnic Nationalities Initiative on Tripartite Dialogue: Report on Activi-

ties of ENSCC" ဆိုတဲ့စာတမ်းမှာ နောက်ဆက်တွဲအဖြစ်နဲ့ တွဲပေးထားပါတယ်။ လူကြီးမင်းများ အသေးစိပ် လေ့လာဖတ်ရှုဖို့ တိုက်တွန်းချင်ပါတယ်။ (*)

ENSCC ရဲ့ Policy Paper ဖြစ်တဲ့ The New Panglong Initiative ကို ကျနော်တို့ရဲ့ မဟာမိတ်အင်အားစုများထဲ ချပြပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့် ဒါကို ဒီမိုကရေစီအင်အားစုများက သက္ကရာဇ် ၂၀၀၁ ခု ဇန်နဝါရီလမှာ Strategy Consultation Committee (SCC) က ဦးဆောင်ကျင်းပတဲ့ နီးနှောဖလှယ်ပွဲမှာ တခဲနက်ထောက်ခံ အားပေးသွားပါတယ်။ ဒ့ါအပြင် ဒီပေါ်လစီကို ကျနော်တို့စွဲကိုင်ပြီး နိုင်ငံတကာကိုလည်း Lobby သွားခဲ့ပါတယ်။ သက္ကရာဇ် ၂၀၀၁ ဒီဇင်ဘာလ (၁၀) ရက်မှာကျရောက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုဘယ်ဆုပေးပွဲ အနှစ်တရာပြည့်မင်္ဂလာမှာ ကျနော်တို့ ENSCC ခေါင်းဆောင်များက နော်ဝေးနိုင်ငံ အော်စလိုမြို့ကိုသွားရောက်ပြီး ENSCC ရဲ့ပေါ်လစီများကို နိုင်ငံတကာ ခေါင်းဆောင်ကြီးများရှေ့မှာ ချပြဆွေးနွေးနိုင်ခဲ့ပါတယ်။ အော်စလိုခရီးစဉ် အပြီးမှာလည်းပဲ ကျနော်တို့ EU ဌါနချုပ်ရှိရာဘယ်လ်ဂျီယံနိုင်ငံ ဘရာဆယ်မြို့၊ အီတလီနိုင်ငံ ရောမမြို့ (အီတလီနိုင်ငံက EU ဥက္ကဋ္ဌလုပ်ခဲ့တဲ့အချိန်က) တို့ကို သွားပြီး စည်းရုံးရေးခရီးစဉ်များ ပြုလုပ်နိုင်ခဲ့ပါတယ်။

ပြီးတော့ သက္ကရာဇ် ၂၀၀၂ ခု စက်တင်ဘာလမှာ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ ကျင်းပတဲ့ EU-ASEAN SUMMIT နဲ့ချိန်ကိုက်ပြီး ကျနော်တို့ကလည်း Burma Summit တရပ်ကိုကျင်းပခဲ့ပါတယ်။ အဲဒီမှာ "Copenhagen Declaretion" ကိုပင်ဟေဂင် ထုတ်ပြန်ကြေညာစာတမ်း ကိုထုတ်ပြန်နိုင်ခဲ့ပါတယ်။ ကိုပင်ဟေဂင် ထုတ်ပြန်ကြေညာစာတမ်းကို ကျနော့်စာတမ်းရဲ့ နောက်ဆက်တွဲ (၂) အနေနဲ့တွဲပေးထားပါတယ်။

ENSCC ရဲ့သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးလုပ်ဆောင်မှု အားလုံးကို ပြန်သုံးသပ်ကြည့်တဲ့ အခါကျတော့ ကျနော်တို့အနေနဲ့ အထူးအားရစရာကောင်းတယ်လို့ပဲ သုံးသပ်မိပါတယ်။ ENSCC မဖွဲ့ခင်တုန်းက နိုင်ငံတကာက ကျနော်တို့ရဲ့ Ethnic Issues ကိုအရေးကြီးတဲ့ အခန်းကဏ္ဍမှာ မထားခဲ့ဘူး။ ကျနော့်အတွေ့အကြုံ တခုကို ဥပမာအနေနဲ့တင်ပြရင် တခါက—အိုင်ယာလန်နိုင်ငံ ဒပ်ပလင်မြို့မှာ သူတို့ရဲ့ ပါလီမန်နိုင်ငံခြားရေးကော်မတီမှာ ကျနော်တို့အရေးကိုသွားရောက် တင်ပြခဲ့ပါတယ်။ အဲဒီတုန်းက ကျနော်တို့တိုင်းရင်းသားအရေးကို သူတို့နားမလည်တဲ့အပြင် ဘာဖြစ်လို့သုံးပွင့်ဆိုင်ဆွေးနွေးပွဲဆိုတာ လိုအပ်နေတာလဲ၊ ဒီမိုကရေစီအင်အားစုအားလုံးကို ဒေါ်အောင်ဆန်းစုကြည်က ကိုယ်စားပြုလို့ မရဘူးလားဆိုပြီး မေးခွန်း

---

(*) စာမျက်နှာ ၃၉–၆၁ တွင်ရှုပါ။

တွေ့ အကြီးအကျယ်မေးခဲ့ပါတယ်။ ကျနော်လည်းအတတ်နိုင်ဆုံး ရှင်းပြခဲ့ပါတယ်။ ဒါကျနော်တို့ရဲ့ လှုပ်ရှားမှုကို အထူးအားပေးထောက်ခံတဲ့ အိုင်ယာလန်လို တိုင်းပြည်မှာတောင် ကျနော်တို့အရေးကို နားမလည်ဘူးဆိုရင် တခြားတိုင်းပြည်တော့ မပြောနဲ့တော့။ အထူးသဖြင့် အာဆီယံနိုင်ငံများ၊ ဂျပန်နှင့် အမေရိကန်တောင် ပါသေးတယ်။ သူတို့ကကျနော်တို့ တိုင်းရင်းသားအရေးကို ဘယ်တော့မှရှေ့တန်းတင်ပြီး အရေးပေး လေ့မရှိဘူး။ ဒါပေမယ့် ကျနော်တို့ ENSCC ဖွဲ့ပြီး Panglong Initiative ကိုလုပ်လာတဲ့အခါကျတော့ EU နိုင်ငံအားလုံးနဲ့ အမေရိကန်ပြည်ထောင်စုက ကျနော်တို့ရဲ့ တိုင်းရင်းသားအရေးကို တပြိုင်နက်တည်း မစဉ်းစား မဖြေရှင်းလို့ရှိရင် ဗမာပြည်နိုင်ငံရေးပြဿနာ ဖြေရှင်းလို့ မရဘူးဆိုတာ နားလည်လာကြပါတယ်။

ဂျပန်ကလည်း Ethnic Nationalities တွေ Dialogue Process မှာ ပါလာဖို့လိုအပ်တဲ့အကြောင်း ထောက်ခံဆွေးနွေးလာပါတယ်။ ပြီးခဲ့တဲ့နှစ် မေလတုန်းက မလေးရှားဝန်ကြီးချုပ် ဒေါက်တာမဟာသီယာ ကလည်း Ethnic Nationalities တွေ Dialogue Process မှာပါဝင်ဖို့လိုအပ်ကြောင်း ပြောလာပါတယ်။ ပြီးတော့ အခုဆိုရင် ထိုင်းနိုင်ငံဝန်ကြီးချုပ် တပ်ဆင်က နအဖစစ်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစုများ ဆွေးနွေးနိုင်အောင် Mediation ကြားလူ အဖြစ်ဆောင်ရွက်ပေးမယ်လို့ ပြောလာပါတယ်။ ဒါတွေအားလုံးကို ကြည့်မယ်ဆိုရင် ENSCCC ရဲ့ ပေါ်လစီနဲ့နိုင်ငံတကာထိုးဖောက်မှုဟာ အတိုင်းအတာတခုအထိ အောင်မြင်နေပါတယ်လို့ သုံးသပ်မိပါတယ်။ ဒါပေမယ့် ကျနော်တို့တာဝန်က ENSCC အပါအဝင် ကျနော်တို့ ဒီမိုကရေစီအင်အားစုများ ဒီထက်မက အလုပ်လုပ်ပြီး အပြီးသတ်အောင်ပွဲဆင်နွှဲနိုင်တဲ့အထိ ဆက်ပြီးကြိုးစားဖို့ လိုအပ်နေပါတယ်။

## နိဂုံးချုပ်

နိဂုံးချုပ်အနေနဲ့ ကျနော်တင်ပြချင်တာက အခုကျနော်ဆွေးနွေးသွားတာ ကျနော်ရဲ့ ပထမနဲ့ဒုတိယစာတမ်း UNLD(LA) ရဲ့ Policy Making and External Affair Committee Report နှင့် Ethnic Nationalities Initiative on Tripartite Dialogue: Report on Activities of ENSCC တို့ကိုခြုံပြီးတော့ ပူးတွဲ တင်ပြထားတာဖြစ်ပါတယ်။ ကျနော်ရဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ပတ်သက်တဲ့ Report on State Constitutions Drafting Process ကို မနက်ဖြန်ကျရင်ထပ်ပြီး တင်ပြပါလိမ့်မယ်ဆိုတဲ့ အကြောင်းတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * *

## ၃း၂ မူဝါဒရေးရာကော်မတီကိုယ်စား ဒေါက်တာဆလိုင်းလျန်မှုန်းမှ တင်သွင်းသော ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရေး လုပ်ငန်းအစီရင်ခံစာ

### ဒေါက်တာဆလိုင်းလျန်မှုန်း၏ ရှင်းလင်းတင်ပြချက်

အင်္ဂလိပ်ဘာသာနဲ့ ရေးသားပြုစုထားတဲ့ ကျနော့်ရဲ့စာတမ်းကို ညီလာခံ ကိုယ်စားလှယ်များ အားလုံးထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် စာတမ်းမှာ ပါတဲ့ အချက်အလက်တွေကို အသေးစိပ်မဖတ်ပြတော့ပဲ ကျနော်တို့ရဲ့လုပ်ငန်းစဉ် - State Constitutions Drafting Process - နဲ့ပတ်သက်တဲ့ အချက်အလက်တွေ၊ ဒီလုပ်ငန်းစဉ်ရဲ့ နောက်ခံသမိုင်းနှင့် ဒီလုပ်ငန်းစဉ်ကို ဘာဖြစ်လို့အလေးအနက် ထားပြီး ဆောင်ရွက်သလဲဆိုတာကို ဦးစားပေးတင်ပြသွားမှာဖြစ်ပါတယ်။

ကျနော်တို့ယနေ့ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးကို **"ဒုတိယ အကြိမ်လွတ်လပ်ရေးတိုက်ပွဲ"** လို့ဒေါ်အောင်ဆန်းစုကြည်က ကင်ပွန်း တပ်ခဲ့ပါတယ်။ ဒါကိုကျနော်တို့ အားလုံးကလည်းလက်ခံ သဘောတူကြပါတယ်။ သဘောတူရခြင်း အကြောင်းအရင်းက — လွတ်လပ်ရေးတိုက်ပွဲကာလ အထူးသဖြင့် ပင်လုံညီလာခံမှာ ကျနော်တို့ တိုင်းရင်းသားခေါင်းဆောင်များနဲ့ ဗိုလ်ချုပ်အောင်ဆန်း သဘောတူညီ ခဲ့တဲ့ သဘောတူညီချက် — စစ်မှန်သောပြည်ထောင်စုစနစ် တည်ဆောက်ရေး ဆိုတာကို ယနေ့တိုင် အကောင်အထည် မဖော်နိုင်သေးတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်ယနေ့ ကျနော်တို့ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အန္တိမပန်းတိုင် (Ultimate Goal) ဟာ စစ်မှန်တဲ့ဖက်ဒရယ် ပြည်ထောင်စုစနစ် တည်ဆောက်ရေးပဲ ဖြစ်တယ်ဆိုတာ ပထမဦးစွာတင်ပြလိုပါတယ်။

ဟုတ်ပြီ၊ ကျနော်တို့ရဲ့ပန်းတိုင်ဟာ စစ်မှန်တဲ့ပြည်ထောင်စုစနစ် ထူထောင်ရေး ဖြစ်တယ်ဆိုရင် အနှစ်ငါးဆယ် ပြည်ထောင်စုသမိုင်းမှာ ကျနော်တို့ဘာတွေမှားခဲ့ သလဲ၊ ဘယ်အားနည်းချက်တွေရှိလို့ စစ်မှန်တဲ့ပြည်ထောင်စုစနစ်ကို ကျနော်တို့ မတည်ဆောက် နိုင်ခဲ့သလဲ၊ ဆိုတာကို ပြန်လည်ဆန်းစစ်ဖို့ လိုအပ်လာပါတယ်။ ဒီလို ဆန်းစစ်တဲ့အခါမှာ — ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက် ကို ဆန်းစစ်သွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ — ၁၉၄၇ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပင်လုံစာချုပ်ကိုအကောင်အထည် ဖော်ဖို့ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အားနည်းချက်လို့ဆိုတဲ့အခါမှာ — ကျနော်ဆိုလိုရင်းက ဘယ် အချက်ပေါ်မှာ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက **"ပင်လုံစာချုပ်"** ကို

အကောင်အထည် မဖေါ်နိုင်ခဲ့သလဲ၊ တနည်းအားဖြင့်ပြောရရင် ဘယ်အချက်အလက်တွေအပေါ်မှာ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက **"ပင်လုံစာချုပ်"** ကနေ လမ်းလွဲ ခဲ့သလဲဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ (၁၉၇၄ မဆလ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ဖက်ဒရယ်စနစ်နဲ့ဘာမှသက်ဆိုင်ခြင်းမရှိတဲ့အတွက် ဒီနေရာမှာ ဆွေးနွေးမှာ မဟုတ်ပါဘူး)။

## ပင်လုံစာချုပ်နှင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးရဲ့ အားနည်းချက်တွေကို မဆန်းစစ်ခင်မှာ ဘာဖြစ်လို့ ပင်လုံစာချုပ်လက်မှတ်ရေးထိုးဖို့လိုအပ်သလဲ ဆိုတာကို နည်းနည်း လေး ပြန်ဆန်းစစ်ကြည့်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ **"၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပင်လုံစာချုပ်"** ကိုခွဲခြားပြီး သီးခြားစီကြည့်လို့ မရပါဘူး။ ဒီနှစ်ခုဟာ ငွေဒင်္ဂါးတခုရဲ့ ခေါင်းနဲ့ပန်းလို ဆက်စပ်နေပါတယ်။ ဒါကြောင့်ဒီနှစ်ခုကို ခွဲခြားပြီး ကြည့်ရင် အဓိပ္ပါယ်မပြည့်စုံနိုင်ဘူး။ နှစ်ခုစလုံးကို ပေါင်းစပ်ကြည့်ပြီးမှ ဆက်စပ်ပြီး ကြည့်မှ အဓိပ္ပါယ်ဖေါ် နိုင်ပါတယ်။

အားလုံးသိထားတဲ့အတိုင်း ပင်လုံစာချုပ်ဟာ ချင်း၊ ကချင်၊ သျှမ်း ခေါင်းဆောင်များနှင့် ထိုစဉ်က Interim Burmese Government ရဲ့ Chief Minister ဗိုလ်ချုပ်အောင်ဆန်းတို့ လက်မှတ်ရေးထိုးခဲ့တဲ့ စာချုပ်ဖြစ်ပါတယ်။ ဒါကို လေးလေးနက်နက် ထပ်မံဆန်းစစ်ဖို့ လိုပါတယ်။ ချင်း၊ ကချင်၊ သျှမ်း ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ ဘယ်လိုနိုင်ငံရေးအာဏာနှင့် Legitimacy ကိုကိုင်စွဲပြီး လက်မှတ်ရေးထိုး နိုင်ခဲ့သလဲ၊ သူတို့ လက်မှတ်ရေးထိုးခွင့်အာဏာ Legitimacy ကဘာလဲ၊ ဒါကိုသေသေချာချာ ဆန်းစစ်ဖို့လိုအပ်ပါတယ်။ ဒါကို သေသေချာချာ မဆန်းစစ်ရင် ပင်လုံစာချုပ်ဟာ သာမန်လူတစု စုစည်းပြီး သဘောတူညီလက်မှတ်ရေးထိုးထားခဲ့တဲ့ သာမန်စာချုပ်၊ နိုင်ငံရေး အဓိပ္ပါယ်မရှိတဲ့စာချုပ် ဖြစ်သွားပါလိမ့်မယ်။ ဒါပေမယ့် ပင်လုံစာချုပ်ဟာ သမိုင်းကြောင်းအရရော၊ နိုင်ငံရေးအရရော အလွန်အဓိပ္ပါယ်ပြည့်ဝတဲ့ စာချုပ်တရပ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်ကို အလေးအနက် ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။

အမှန်စင်စစ် ပင်လုံစာချုပ်ဟာ သာမန်လူမျိုးတမျိုးနှင့် တမျိုးအကြား ချုပ်ဆိုထားတဲ့စာချုပ် မဟုတ်ပါဘူး။ ပြည်ထောင်အချင်းချင်း ချုပ်ဆိုထားတဲ့ နိုင်ငံတကာ စာချုပ်တရပ်နဲ့ အသွင်တူပါတယ်။ သို့သော် တခြားနိုင်ငံတကာစာချုပ်နဲ့ ကွဲပြားသွားတဲ့အချက်က အဲဒီစာချုပ်ချုပ်ဆိုပြီး နောက်ပိုင်း ပြည်ထောင် ၄–ခု ဟာ **"ပြည်ထောင်စု"** — ပြည်ထောင်တွေစုထားတဲ့ "ပြည်ထောင်စု" — တခုထဲမှာ

ပူးပေါင်းနေထိုင် သွားခဲ့ကြတဲ့အတွက် နိုင်ငံတကာစာချုပ်အဖြစ်နဲ့တော့ ကျနော် တို့သတ်မှတ်လို့ မရပါဘူး။ ဒီလိုကျနော်ပြောရခြင်းက **"ပင်လုံစာချုပ်"** ရဲ့ လေးနက်မှု ကို ကျနော်ပုံ ဖေါ် ချင်လို့ ဖြစ်ပါတယ်။

ကျနော်ဆိုလိုရင်းက ပင်လုံစာချုပ်ဆိုတာဟာ ကိုလိုနီခေတ်မတိုင်ခင်က သီးခြားစီ လွတ်လပ်ပြီး ကိုလိုနီခေတ်တလျှောက်လုံး သီးခြား **"ဖွဲ့စည်းပုံအခြေခံ ဥပဒေ"** နဲ့အုပ်ချုပ်ခံခဲ့ရတဲ့ ပြည်ထောင်လေး ပြည်ထောင်ချုပ်ဆိုထားတဲ့ စာချုပ် ဖြစ်ပါတယ်။ ဥပမာ ချင်းပြည်ထောင် — ကျနော်ကတော့ ချင်းလူမျိုးဆိုတော့ ချင်းပြည်ထောင် (Chinram) ကို ဥပမာပေးပြီး ပြောချင်ပါတယ်။ ကျနော်တို့ ချင်း လူမျိုးများဟာ ဗြိတိသျှကိုလိုနီခေတ် မတိုင်ခင်တုန်းက သီးခြားလွတ်လပ်တဲ့ လူမျိုး တမျိုး ဖြစ်ပါတယ်။ ဗြိတိသျှကိုလိုနီခေတ် တလျှောက်လုံးမှာလည်းပဲ သီးခြားဖွဲ့စည်းပုံ အခြေခံဥပဒေ (1896 Chin Hills Regulation) နဲ့အုပ်ချုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကြတဲ့ ကျနော်တို့ ချင်းခေါင်းဆောင်များဟာ 1896 Chin Hills Regulation အရ သီးခြားအုပ်ချုပ်ခဲ့တဲ့၊ သီးခြားပြည်ထောင်တခုကို ကိုယ်စားပြုခဲ့တဲ့ ခေါင်းဆောင်များ ဖြစ်ပါတယ်။ ကချင်ခေါင်းဆောင်များလည်း ဒီ အတိုင်းပဲ၊ သျှမ်းခေါင်းဆောင်များလည်း ဒီအတိုင်းပဲ၊ သျှမ်းပြည်ထောင်က ကိုယ်စား လှယ်များ ဆိုလို့ရှိရင် သူတို့က Federated Shan State ကိုကိုယ်စားပြုခဲ့ တာဖြစ်ပါ တယ်။ ပြည်ထောင်တခုစီကို ကိုယ်စားပြုခဲ့ပါတယ်။ ဒီလိုပဲ — ဗိုလ်ချုပ်အောင်ဆန်း ကလည်း ဒီအတိုင်းပဲ။ 1935 Burma Act လို့ခေါ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အုပ်ချုပ်ခဲ့တဲ့ Burma Proper လို့ခေါ်တဲ့ ပြည်ထောင်တခုကို သူကိုယ်စား ပြုသွား တာဖြစ်ပါတယ်။ အဲ — တခုတော့ရှိတာပေါ့။ အဲဒီ Burma Proper ထဲမှာ 1935 Burma Act အရ ရခိုင်ရယ်၊ မွန်ရယ်၊ ကရင်ရယ်ကိုထည့်သွင်း ခံခဲ့ရပါတယ်။ အဲဒါကြောင့် ပင်လုံစာချုပ်မှာ မွန်၊ ရခိုင်နှင့် ကရင်လူမျိုးများကို သီးခြားမဖိတ်ပဲ ဗိုလ်ချုပ်အောင်ဆန်းက ကိုယ်စားပြု လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ပင်လုံစာချုပ်ဟာ ပြည်ထောင် ၄– ခု အကြားမှာ ချုပ်ဆိုထားတဲ့စာချုပ်၊ သီးခြား ဖွဲ့စည်းပုံ အခြေခံဥပဒေရှိပြီး သမိုင်းစဉ်တလျှောက် သီးခြားလွတ်လပ်တဲ့ ပြည်ထောင် လေးပြည်ထောင်ချုပ်ဆိုတဲ့ စာချုပ် တရပ်ဖြစ်ပါတယ်။

ဒီအခြေခံသဘောတရား၊ ပင်လုံစာချုပ်ရဲ့အနှစ်သာရဖြစ်တဲ့ ပြည်ထောင် လေး ပြည်ထောင်ဆိုတဲ့ အခြေခံသဘောတရားနှင့်အနှစ်သာရကို ၁၉၄၇ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက ရှင်းလင်းထင်ဟပ် အကောင်အထည်ဖေါ်ရမှာ ဖြစ်ပါ တယ်။ ဒါပေမယ့် ကံမကောင်းအကြောင်းမလှတော့ ပင်လုံစာချုပ်ချုပ် ဆိုပြီးနောက် ပိုင်း ပြည်ထောင်စုတခုလုံးရဲ့ အမျိုးသားခေါင်းဆောင်ဖြစ်သွားတဲ့ ဗိုလ်ချုပ်အောင် ဆန်း လုပ်ကြံခံ သွားရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံ သွားရပြီး နောက်ပိုင်း

မှ အတည်ပြု ပြဋ္ဌာန်းသွားတဲ့ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက ကျနော်တို့ ပင်လုံမှာ မျှော်မှန်းခဲ့တဲ့ စစ်မှန်သောပြည်ထောင်စုစနစ်ကို အကောင်အထည် မဖေါ်နိုင်ခဲ့ပါဘူး။ ဒီအထဲမှာ — ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အားနည်းချက်ထဲမှာ — အဓိကကျတဲ့အချက်သုံးချက်ကို ကျနော် မီးမောင်းထိုးပြီး ဆွေးနွေး လိုပါတယ်။

## ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အားနည်းချက်များ။

ပထမ အားနည်းချက်ကတော့ ပြည်ထောင်တွေစုတဲ့ **"ပြည်ထောင်စု"** စနစ်အရ၊ အဲဒီ **"ပြည်ထောင်စု"** ရဲ့အဖွဲ့ဝင် **"ပြည်ထောင်"**၊ ကျနော်တို့ အခုခေတ်မှာ အသုံးများတာက ပြည်ထောင်စုရဲ့ အဖွဲ့ဝင်အမျိုးသားပြည်နယ် ဖြစ်ပါတယ်။ အဲ ပြည်ထောင်ပဲခေါ်ခေါ်၊ အမျိုးသားပြည်နယ်ပဲ ခေါ်ခေါ် — ပြည်ထောင်စုအဖွဲ့ "ပြည်ထောင်" များဟာ မိမိတို့ရဲ့ **"ပြည်ထောင်"** သို့မဟုတ် **"ပြည်နယ်"** ဖွဲ့စည်းပုံ အခြေခံဥပဒေများ သီးခြားစီရှိရမှာ ဖြစ်ပါတယ်။ ဒါဟာ အသစ်အဆန်း မဟုတ်ပါဘူး။ ဒီပြည်ထောင်တွေဟာ ကိုလိုနီခေတ်တလျှောက်လုံးမှာလည်း သီးခြားဖွဲ့စည်းပုံ အခြေခံဥပဒေများ ရှိခဲ့ကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျနော်ဆိုလိုရင်းက ပြည်ထောင်စုစနစ်ကို ထူထောင်မယ်၊ Federal နိုင်ငံတော်ကိုတည်ဆောက်မယ် ဆိုရင် အဲဒီပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင်အသီးသီးခေါ်မလား၊ ပြည်နယ် အသီးသီးခေါ်မလား၊ — အဲဒီပြည်နယ်များဟာ မိမိတို့ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများ သီးခြားစီရှိရမည်မှာ ဖြစ်ပါတယ်။

ဒါပေမယ့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မှာကျတော့ ပြည်နယ်များရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို သီးခြားရေးဆွဲ ပြဋ္ဌာန်းခြင်းမရှိပဲ ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နောက်ဆက်တွဲ သဘောမျိုးနဲ့ လုံးထွေးပြီး ပြဋ္ဌာန်းသွားခဲ့ ပါတယ်။ ဒါကြောင့် ပြည်နယ်တခုရဲ့ အရေးအရာကိစ္စများကို ပြည်နယ်အတွင်း လွတ်လပ်စွာ ဆုံးဖြတ်ပြဋ္ဌာန်းပိုင်ခွင့် မရှိပဲ ပြည်ထောင်စုလွှတ်တော်ကနေ တဆင့် သွားခဲ့ပါတယ်။

ပြဿနာက အဲဒီပြည်ထောင်စုလွှတ်တော်ကလည်း ပြည်ထောင်စုလွှတ်တော် သာခေါ်တယ်။ စစ်မှန်တဲ့ပြည်ထောင်စုစနစ်ကို အခြေခံထားတဲ့လွှတ်တော် မဟုတ်ပြန်ဘူး။ အဲဒါ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးရဲ့ ဒုတိယအားနည်းချက် ဖြစ်ပါတယ်။ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်ကို အခြေခံတာဖြစ်လေတော့ တပိုင်းတစအားဖြင့်တော့ ပြည်ထောင်စုစနစ်ရဲ့ ဂုဏ်အင်္ဂါရပ် တွေရှိသင့်သလောက်တော့ ရှိခဲ့ပါတယ်။ အဲဒါကတော့ ပြည်ထောင်စုလွှတ်တော်မှာ လွှတ်တော်နှစ်ရပ် ထားရှိပြီး — အထက်လွှတ်တော် သို့မဟုတ် လူမျိုးစု

လွှတ်တော်ကို ထားရှိတဲ့ အချက်ဖြစ်ပါတယ်။ ဒါပေမယ့် — အဲဒီ လူမျိုးစုလွှတ်တော် ဆိုတဲ့ အထက်လွှတ်တော်ကို ပြည်ထောင်စုစနစ်အင်္ဂါရပ် ပြည့်ဝစေဖို့ ထားတာဖြစ်ပေမဲ့ အဲဒီမှာပဲအားနည်းချက်ကြီး ချို့ယွင်းချက်ကြီး ပြန်ပါလာပါတယ်။ လူမျိုးစုတွေ လွှတ်တော်ဆိုတာ အမှန်စင်စစ်က ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်ကို ကိုယ်စားပြုတဲ့ — ပြည်နယ်ကို ကိုယ်စားပြုတဲ့ လွှတ်တော်သာ ဖြစ်သင့်တယ်။ လူဦးရေကို ကိုယ်စားပြုတဲ့ လွှတ်တော်မဖြစ်စေရဘူး။ ဒါပေမယ့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအရ လူမျိုးစုလွှတ်တော်ကို လူဦးရေးအနည်းအများ အပေါ် အခြေခံပြီး ဖွဲ့စည်းလေတော့ အထက်လွှတ်တော် — လူမျိုးစုလွှတ်တော် — မှာလည်းပဲ လူဦးရေ ပိုများတဲ့ ဗမာတွေကပဲ ထင်တိုင်းကြဲပြီး ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ရခဲ့ပါတယ်။

နောက်တတိယ အားနည်းချက်က — ဒီလိုလူဦးရေပိုများတဲ့ ဗမာတွေက — ဒီလိုပြောတော့ ဗမာကိုမုန်းလို့ မဟုတ်ဘူးနော်။ လူမျိုးရေးကိစ္စကို ဒီမှာပြောနေတာ မဟုတ်ဘူး။ နိုင်ငံတော်ဖွဲ့စည်းပုံရဲ့ အားနည်းချက်ကိုပြောနေ — အထက်လွှတ်တော်ရော၊ အောက်လွှတ်တော်ရော၊ ပြည်ထောင်စုလွှတ်တော် တရပ်လုံးကို ချုပ်ကိုင်နိုင်တဲ့ အနေအထားရောက်သွားတဲ့ အပြင် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အကြီးမားဆုံး အားနည်းချက်က ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင်တခုဖြစ်တဲ့ — ဟိုတုန်းက အခေါ် Burma Proper — လူမျိုးအရခေါ်ရရင်တော့ ဗမာ၊ အဲဘယ်လိုပဲခေါ်ခေါ်၊ Burma Proper ကိုသီးခြားပြည်နယ် အဖြစ်နဲ့ ဖွဲ့စည်းခြင်းမရှိစေပဲ၊ အဲဒီပြည်နယ်ကို ပြည်ထောင်စုတခုလုံးနဲ့ တွဲဖက်ပြီးရောစပ် သွားခဲ့ပါတယ်။ အဲဒီလို လုပ်တဲ့အခါကျတော့ — အဓိပ္ပါယ်ကဘာဖြစ်သွားသလဲဆိုတော့၊ ဗမာပြည်နယ် (ဗမာပြည်နယ် ခေါ်ရင်ပို ကောင်းမယ်ထင်တယ်၊ Burma Proper ခေါ်တာထက်၊ ဘာဖြစ်လို့လည်းဆိုတော့ နောက်ပိုင်း Burma Proper မှာပါခဲ့တဲ့ ကရင်၊ မွန်နှင့် ရခိုင်တို့ကိုသီးခြား ပြည်နယ် တွေပေးခဲ့တယ်) နှင့် ပြည်ထောင်စုအာဏာတခုလုံးကို ပေါင်းစပ်၊ ရောစပ်သွားခဲ့ပါတယ်။ ဆိုတော့ — အဲဒီလိုလုပ်ခြင်းအားဖြင့် ဘာဖြစ်သွားသလဲဆိုတော့ — ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာ တရပ်လုံးကို ပြည်နယ်တခု၊ လူမျိုးတမျိုးကို ထိုးအပ်ပေးခဲ့သလို ဖြစ်သွားပါတယ်။ ဒီလို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေက ပြဋ္ဌာန်းလမ်းဖွင့်ပေးလိုက်တော့ — မဟာလူမျိုးကြီးဝါဒ ဗမာထဲက ပေါ်လာတာ အမှန်ကတော့မဆန်းပါဘူး။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက လမ်းဖွင့်ပေးခဲ့တာကိုး။ ဒါကြောင့် ဗမာမဟာလူမျိုးကြီး အသီးအပွင့်အဖြစ် ပြည်ထောင်စုသမိုင်းမှာ ပြန်ကြည့်ရင် — ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့တယ်။ စစ်အာဏာရှင်စနစ်၊ စစ်ဝါဒ လည်းပဲကြီးစိုးသွားခဲ့ပါတယ်။ အမှန်စင်စစ် စစ်ဝါဒ ဒီလောက်ကြီးစိုးသွားတာ၊ ၁၉၆၂ အာဏာသိမ်းပြီးမှသာ ပေါ်လာတာ မဟုတ်ပါဘူး၊ ပါလီမန်ခေတ် ကတည်းက ဖြစ်ခဲ့တာပါပဲ။ အိမ်စောင့် အစိုးရပေါ်တာ၊

ဒီလိုပေါ်အောင် ဖန်တီးသွားခဲ့တာတွေဟာ ၁၉၄၇ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အားနည်းချက်အပြင်၊ အာဏာရအစိုးရက နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အားနည်းချက်ကို အခွင့်ကောင်းယူပြီး မိမိအာဏာ ရပ်တည်ရေး အတွက် ချယ်လှယ် ချင်တိုင်းချယ်လှယ်ခဲ့လို့ ဖြစ်ပါတယ်။

## UNLD ရဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရေးလုပ်ငန်းစဉ်။

ဆိုတော့ — ကျနော်တို့ UNLD ကဘယ်လိုဖြစ်လို့ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေများကို ရေးဆွဲဖို့လုပ်ငန်းစဉ် စတင်ခဲ့သလဲဆိုတာ — ဒီသမိုင်းကြောင်းတွေ၊ နိုင်ငံရေးဖြစ်စဉ်တွေနဲ့ ကျနော်တို့ရင်ဆိုင်နေရတဲ့ နိုင်ငံတွေ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် နီးနွယ်နေတဲ့ နိုင်ငံရေးပြဿနာတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့ကဘယ်လောက်အထိ ပြောချင်သလဲဆိုတော့ — ကျနော်တို့ရင်ဆိုင် နေရတဲ့ အထွေထွေနိုင်ငံရေးပြဿနာကြီးဟာ သာမန်ဝါဒရေး တိုက်ပွဲမဟုတ်ပါဘူး။ Constitutional Crisis ဖြစ်တယ်လို့ ပြောနေတာဖြစ်ပါတယ်။ ကျနော်တို့ရင်ဆိုင် နေတဲ့ အခြေခံနိုင်ငံရေးပြဿနာကိုက Constitutional Crisis ဖြစ်နေလို့ ကျနော် တို့ တော်လှန်ရေးရဲ့ အဓိကပန်းတိုင်ဟာလည်း **"စစ်မှန်သော ဖက်ဒရယ်နိုင်ငံတော် ထူထောင်ရေး"** ဖြစ်လို့ ပြောနေခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျနော်တို့ရဲ့ပန်းတိုင်ဖြစ်တဲ့ စစ်မှန်သောဖက်ဒရယ်နိုင်ငံ ထူထောင် ရေးအတွက် ဆိုလို့ရှိရင် ကျနော်တို့ဖွဲ့စည်းရမယ့် အနာဂါတ်ဖက်ဒရယ် ပြည်ထောင်စု ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးဟာ ဖက်ဒရယ်အင်္ဂါရပ်တွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ပြီးတော့ — စစ်မှန်တဲ့ပြည်ထောင်စုစနစ်ရဲ့ အခြေခံ အင်္ဂါရပ်ထဲမှာ — ပြည်ထောင်စု အဖွဲ့ဝင် အမျိုးသားပြည်နယ်များဟာ မိမိတို့ရဲ့ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများ ကို သီးခြားလွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းနိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့ UNLD က ဒီလုပ်ငန်းစဉ်ကို အဓိကလုပ်ငန်းအဖြစ် UNLD(LA) စတင်ဖွဲ့စည်း ကတည်းက ဆောင်ရွက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ဒီလို State Constitutions Drafting Process ကိုဆောင်ရွက်တဲ့အခါ မှာ လည်းပဲ ကျနော်တို့ UNLD(LA) အနေနဲ့ မိမိတို့တကိုယ်တည်း Exclusively လုပ်ဆောင်တာမျိုး မလုပ်ပဲ မိမိတို့တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းထဲမှ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများရဲ့ တပ်ပေါင်းစုကြီးဖြစ်တဲ့ အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု NDF နဲ့တွဲပြီးလုပ်လာခဲ့ပါတယ်။ UNLD(LA)-NDF ပူးတွဲ ကော်မတီအကြောင်းကိုလည်း ကျနော်တနေ့ကတင်ပြပြီးဖြစ်ပါတယ်။ အဲဒီ ကော်မတီကပဲ သက္ကရာဇ် ၂၀၀၁ ခု ဩဂုတ်လမှာ ပထမအကြိမ် State Consti-

tutions Seminar တရပ်ကိုခေါ်ယူပြီး ပြည်နယ်အသီးသီးကို မိမိတို့ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေများ ရေးဆွဲရန် ပြင်ဆင်ကြဖို့တိုက်တွန်းခဲ့ပါတယ်။ ဒီလို တိုက်တွန်းတဲ့ နေရာမှာလည်းပဲ တချို့ကပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေး ကော်မတီများ ဖွဲ့စည်းပြီးပြီ။ တချို့ဆိုရင် မူကြမ်းတွေတောင်ရှိပြီး အထူးသဖြင့် ကျနော်တို့ ချင်းအဖွဲ့ ဆိုရင် ၁၉၉၈ ကနေဒါနိုင်ငံ အော်တဝါးမြို့မှာကျင်းပတဲ့ Chin Seminar ကနေ Chinland Constitution ရေးဆွဲဖို့ ဆုံးဖြတ်ပြီး၊ Chinland Constitution Drafting Committee တရပ်ကိုလည်း Chin Forum ရဲ့ Working Committee One အဖြစ်ရွေးချယ် တာဝန်ပေးခဲ့တယ်။

ကျနော်တို့ UNLD(LA) - NDF ကကျင်းပတဲ့ပထမ Seminar မှ ကျနော်တို့ ဘာကို ဦးစားပေး ကြည့်ခဲ့သလဲဆိုတော့ Federalism ရဲ့အဓိပ္ပါယ်၊ အနှစ်သာရ၊ ဒါတွေကို ကြည့်ပါတယ်။ ကျနော်တို့ UNLD ကတော့ Federal စနစ်နဲ့ ပတ်သက်လို့ ရှိရင် အနာဂတ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံ လမ်းညွှန်ချက် (၇) ရပ်ကို ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒီလမ်းညွှန် (၇) ရပ်ဟာ ပြည် တွင်းကတည်းကချမှတ်တာ ဖြစ်ပါတယ်။ ၁၉၉၀ ဇွန်၊ ဇူလိုင်လမှာ ဝိုင်အမ်စီအေ ခန်းမ မှာကျင်းပတဲ့ UNLD အဖွဲ့ချုပ်ကြီးရဲ့ ဒုတိယညီလာခံမှာ အတည်ပြုချမှတ်တာ ဖြစ်ပြီး၊ UNLD(LA) ရဲ့ ပထမညီလာခံမှာ ထပ်မံအတည်ပြုခဲ့တာဖြစ်ပါတယ်။ ကျ နော့်စာတမ်းမှာ ဖော်ပြထားပြီးဖြစ်တဲ့အတွက် အသေးစိပ် မဖတ်တော့ပါဘူး။ (*)

ဆိုတော့ — ကျနော်တို့ရဲ့ UNLD(LA) - NDF ကကျင်းပတဲ့ ပထမ Seminar မှာ Federalism အပြင် — ကျနော်တို့ဘာကို အဓိကထားပြီး လေ့လာခဲ့သလဲ ဆိုတော့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေများရေးဆွဲလို့ရှိရင် ဘယ်အင်္ဂါရပ်တွေ ပါဝင်သင့်သလဲ? ဘယ်လိုအင်္ဂါရပ်တွေနဲ့ ပြည့်စုံမှ ကျနော်တို့မျှော်မှန်းတဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကို ချီတက်တဲ့အခါမှာ အထောက်အကူပြုနိုင်မည်။ ဒါတွေကို ကျနော်တို့ အထူးဦးစားပေးပြီး လေ့လာခဲ့ပါတယ်။ အဲဒီ Seminar မှာအမေရိကန် ပြည်ထောင်စုမှာ ရှိတဲ့ ပြည်နယ် ၅၀ တို့ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေအားလုံးကို လေ့ လာပြီးမှ ပြုစုရေးသားထားတဲ့ "Model of State Constitutions" ဆိုတဲ့စာတမ်း ကို အခြေခံခဲ့ပါတယ်။ ဩစတြေးလျမှ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပညာရှင် တဦးလည်းဖြစ် ဩစတြေးလျပြည်နယ်တခုရဲ့ပြည်နယ်လွှတ်တော် ကိုယ်စား လှယ် တဦးလည်းဖြစ်ခဲ့တဲ့ Janelle Saffin ကိုဖိတ်ခေါ်ပြီး သင်တန်းပို့ချ ဆွေးနွေးမှု များကို ပြုလုပ်ခဲ့ပါတယ်။ ပြီးတော့ ကျနော်တို့ဖက်မှ နိုင်ငံရေးသိပ္ပံပညာရှင် Dr. Chao Tzang Yawnghwe ကလည်းပဲ သင်တန်းပို့ချဦးဆောင်မှု ပေးခဲ့ပါတယ်။

———————————

(*) စာမျက်နှာ ၆၇–၆၈ တွင်ရှုပါ။

အဲဒီ Seminar မှာဆိုရင် NDF ဥက္ကဋ္ဌပိုလ်ချုပ်ကြီးရွှေဆိုင်းက Seminar ကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဖွင့်မိန့်ခွန်းလည်း ပြောကြားသွားခဲ့ပါတယ်။ အဲဒီ Seminar ဖွင့်ပွဲမှာ ဗိုလ်ချုပ်ကြီးရွှေဆိုင်းပြောခဲ့သလို — ဒီ Seminar ကပြည်ထောင်စု သမိုင်းမှာ ဗမာမဟုတ်တဲ့တိုင်းရင်းသားလူမျိုးများစုစည်းပြီး မိမိတို့ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကို မိမိတို့စိတ်တိုင်းကျရေးဆွဲပြဋ္ဌာန်း နိုင်ဖို့အတွက် ပထမဦးဆုံး စုစည်းကျင်းပတဲ့ Seminar တရပ်ဖြစ်ပါတယ်တဲ့။ အဲဒီ Seminar မှာဆိုရင် — ပြည်နယ် (၇) ခုက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီဝင်များ၊ တချို့ပြည်နယ် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးကော်မတီ မဖွဲ့နိုင်သေးတဲ့ ပြည်နယ်မှ နိုင်ငံရေးခေါင်းဆောင်ကြီး များ၊ ဒီမိုကရေစီအင်အားစုမှခေါင်းဆောင်များ၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း စုံညီစွာဖိတ်ကြားတက်ရောက်စေခဲ့ကြပါတယ်။

ဒါပေမယ့် — အဲဒီ Seminar နောက်ပိုင်းမှာ တော်တော်များများကကျနော်တို့ State Constitutions Drafting Process အစပြုတာကို အတော်ပြင်းပြင်း ထန်ထန်ကန့်ကွက်ဆန့်ကျင်ခဲ့ကြပါတယ်။ ပြည်နယ်တွေသီးခြားဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲဖို့ ပြင်ဆင်နေတာ **"ခွဲထွက်ရေးလား"**?၊ Independent ကို ဦးတည်နေပြီလား? Confederation ကိုသွားတော့မှာလား? အမျိုးစုံပဲစွပ်စွဲမှုတွေ အတော်ကြီးကို ပြင်းထန်ခဲ့ပါတယ်။ ကျနော်တို့ကတော့ သည်းခံပြီး နားထောင်ခဲ့ပါတယ်။ တချို့ကတော့ တကယ်မသိနားမလည်လို့ **"စိုးရိမ်"** တာဖြစ်ပါတယ်။ ဒီလို စိုးရိမ်မှုများ သူတို့ဆီမှာရှိတာကလည်း အမှန်ကတော့ ဗိုလ်နေဝင်း စစ်အစိုးရရဲ့ ဝါဒမှိုင်း တိုက်မှုကြောင့်ပါပဲ။ ၁၉၆၂ စစ်တပ်အာဏာသိမ်းကတည်းက "Federal" ဆိုတာ ခွဲထွက်ရေးလို့ပဲ နားလည်ခဲ့ကြတာကိုး။ ဒါကြောင့်ကျနော်တို့ကတော့ စိတ်ရှည်ရှည်နဲ့ပဲ လုပ်စရာရှိတာ ဆက်လုပ်ပါတယ်။ သူတို့နားလည်လာတဲ့ တနေ့ကျရင် သူတို့သံသယတွေ၊ စိုးရိမ်မှုတွေ ပျောက်သွားလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

## ဂျာမဏီဖက်ဒရယ်လေ့လာရေးခရီး

အဲဒီ Seminar ရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ သက္ကရာဇ် ၂၀၀၁ ခု ဒီဇင်ဘာလမှာ ကျနော်တို့ ဂျာမဏီကိုလေ့လာရေး ခရီးသွားခဲ့ပါတယ်။ အဲဒီမှာ ပြည်နယ် (၇) ခုကကိုယ်စားလှယ်များအပြင်၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မတီက ပုဂ္ဂိုလ်များကိုပါ ဖိတ်ခေါ်ခဲ့ပါတယ်။ အဲဒီခရီးစဉ်ရဲ့ ရည်ရွယ်ချက်ကတော့ — ကျနော်တို့ Seminar မှာစာတွေနဲ့ သင်ကြားခဲ့တာကို လက်တွေ့လေ့လာရေး တရပ်ပါပဲ။ ပထမ ဘာလင်မြို့မှာ "Federalism: A German Burmese Dialogue" ဆိုပြီး Seminar တခုလုပ်ခဲ့ပါတယ်။ အဲဒီမှာတော့ Federal-

ism ကိုပဲခြုံငုံ လေ့လာတဲ့သဘော ဖြစ်ခဲ့ပါတယ်။ ပြီးတော့ ကျနော်တို့ Hanova ကို သွားပြီး Hanova University မှာရှိတဲ့ Federal Institution ကပညာရှင်များနဲ့ ပူးတွဲပြီး Seminar လုပ်ခဲ့ပါတယ်။ ဆိုတော့ — ကျနော်တို့ အနေနဲ့ ဂျာမဏီရဲ့ ဖက်ဒရယ်စနစ် အပါအဝင် သူတို့ရဲ့နိုင်ငံရေးသမိုင်း တစေ့ တစောင်းကိုလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ရှုဒေါင့်ကနေ လေ့လာခွင့် ရရှိခဲ့ပါတယ်။

နောက်တော့ကျနော်တို့ Rheinland Ptalz State ပြည်နယ်ကိုသွားပြီး သူတို့ရဲ့ ပြည်နယ်လွှတ်တော်ကြီးကို သွားလေ့လာခဲ့ပါတယ်။ ကျနော်တို့ Rheinland Ptalz State ပြည်နယ်သွားခဲ့တာဟာ အဲဒီခရီးရဲ့ အကျိုးတရား အထွတ်အထိပ်ကို ရောက်စေတယ်လို့ လေ့လာသုံးသပ်မိပါတယ်။ အဲဒီကို သွားတဲ့အခါကျတော့ — သူတို့ရဲ့ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာခဲ့တဲ့အပြင်၊ သူတို့ရဲ့ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရ၊ ပြည်နယ်တရားရုံး စတဲ့ဟာတွေကို မျက်မြင်ကိုယ်တွေ့ သွားကြည့်ခဲ့ရ လေ့လာခဲ့ရပါတယ်။ ပြည်နယ်လွှတ်တော်ရှေ့မှာ လွှင့်ထူထားတဲ့ ပြည်နယ်အလံတော်ကို ကြည့်ညိုခွင့် ရရှိသွားပါတယ်။ ကျနော်တို့ မေးကြည့်တယ်။ ခင်ဗျားတို့ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဘယ်လိုရေးဆွဲပြဋ္ဌာန်း ခဲ့ပါသလဲ? ဖက်ဒရယ်အစိုးရ ခွင့်ပြုမှ ဒါမျိုးလုပ်လို့ရတာလား — ဆိုပြီးမေးကြည့် ပါတယ်။ အဖြေက လက်ရှိဂျာမဏီပြည်ထောင်စု မပေါ်ခင်၊ လက်ရှိဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမပေါ်ခင် (ဒုတိယကမ္ဘာစစ်အပြီးမှာ လက်ရှိကျင့်သုံးတဲ့ ဂျာမဏီနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းတာဖြစ်တယ်) ကတည်းက ကျနော်တို့ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်နယ်လွှတ်တော်တွေဟာရှိခဲ့ပြီး နှစ်ပေါင်းရာနဲ့ချီပြီး ရှိခဲ့ပြီလို့ သူတို့ပြန်ဖြေကြား ခဲ့ပါတယ်။

အဲဒီလိုမျက်မြင်ကိုယ်တွေ့ သွားရောက်လေ့လာခဲ့တော့ ကျနော်တို့ထဲမှာပါလာတဲ့ ခေါင်းဆောင်တချို့ အစက "မင်းတို့ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်း စလုပ်တာခွဲထွက်ရေးလား? Confederation လား? လို့မေးခွန်း တွေ အကြီးအကျယ်မေးပြီး၊ ဆန့်ကျင်ကန့်ကွက်ခဲ့တဲ့ ပုဂ္ဂိုလ်တချို့လည်း ဂျာမဏီ ခရီးစဉ် နှစ်ခါစလုံးမှာ ပါလာပါတယ်။ အဲဒီဂျာမဏီခရီးစဉ်အပြီးမှာတော့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးဆိုတာ ခွဲထွက်ရေးမဟုတ်။ စစ်မှန်သော ပြည်ထောင်စုစနစ်မှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအင်္ဂါရပ် တွေပဲလို့ သူတို့နားလည်လာကြပါတယ်။ စကားပုံ တခုရှိသလိုပေါ့ — Seeing is believing (မြင်ခြင်းဟာယုံကြည်ခြင်း) ဆိုတာမျိုးဖြစ်ပါတယ်။ ကျနော်တို့ ဂျာမဏီခရီးစဉ်ကို စာအုပ်ထုတ်ဖို့ ပြင်ဆင်ထားတဲ့အတွက် အသေးစိပ်ကိုကျနော်မတင်ပြ တော့ပါဘူး။ စာအုပ်ထွက်လာတဲ့အခါ အသေးစိပ်ရေးသား တင်ပြဖို့ ပြင်ဆင်ထား ပါတယ်။

## International IDEA နှင့်ပူးပေါင်းကျင်းပတဲ့ Seminar (၂)ခု

သက္ကရာဇ် ၂၀၀၂ အတွင်း ကျနော်တို့ရဲ့ လှုပ်ရှားမှုများကိုကြည့်ရင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာအခြေစိုက်ထားတဲ့ International Institute for Democracy and Electional Assistance (IDEA) နဲ့ပူးပေါင်းကျင်းပတဲ့ Seminar (၂) ခု ကိုအရင်တင်ပြချင်ပါတယ်။ International IDEA နဲ့လုပ်တဲ့ Seminar ကို "The Role of State Constitutions on the Protection of Nationality and Minority Right Under Federalism" ဆိုတဲ့ခေါင်းစဉ်အောက်မှာ (၂) ခု ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ပထမ တခုကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာ ကျင်းပခဲ့ပြီး၊ ဒုတိယကို ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့မှာကျင်းပတာ ဖြစ်ပါတယ်။

အဲဒီ Seminar မှာတော့ — ကျနော်တို့ဘယ်ဟာကိုအဓိကထားပြီး ကြည့်သလဲ ဆိုတော့ ဖက်ဒရယ်စနစ်မှာ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများ သီးခြားရေးဆွဲပြဋ္ဌာန်းခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံရေးတန်းတူခွင့်ကို ဘယ်လိုအာမခံချက် ပေးနိုင်သလဲဆိုတာကို ဦးတည်ပြီး၊ အဲဒီထဲမှာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ဘယ်လိုဆက်စပ်မှုရှိရမလဲ? (Federal - State Relation) ပြီးတော့ ဘယ်အာဏာတွေကိုတော့ဖြင့် ပြည်ထောင်စု အပ်ထားသင့်တယ် ဆိုတဲ့အပိုင်းကို ဦးစားပေးပြီး ကျနော်တို့ရဲ့ခေါင်းဆောင် Dr. Chao Tzang Yawnghwe ရဲ့စာတမ်းအပေါ်မှာ အခြေပြုပြီး ဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ Dr. Chao Tzang Yawnghwe အပြင် ဩစတြေးလျက ပညာရှင်တဦး၊ အိန္ဒိယက ပညာရှင်တဦး၊ နိုင်ဂျီးရီးယားက ပညာရှင်တဦးတို့ကိုလည်း ဖိတ်ခေါ်ပြီး စာတမ်းများကို တင်သွင်းဆွေး နွေးစေခဲ့ပါတယ်။

ဒီမှာကျနော် အလေးထားပြီး တင်ပြချင်တာက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ဆက်ဆံရေး၊ အာဏာခွဲဝေကျင့်သုံးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လေ့လာတဲ့အခါ — ဖက်ဒရယ်စနစ် အလွန်အောင်မြင်ပြီး တိုးတက်ချမ်းသာတဲ့ ဂျာမဏီနဲ့ ဩစတြေးလျတို့ရဲ့ အတွေ့အကြုံကိုလေ့လာခဲ့သလို၊ ကျနော်တို့ရဲ့ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေလိုပဲ **"ဖါးတပိုင်း ငါးတပိုင်း"** စနစ်ကို ကျင့်သုံးတဲ့ အိန္ဒိယ လိုနိုင်ငံမျိုးကိုလည်း လေ့လာထားပါတယ်။ အိန္ဒိယမှာ ဆိုရင် ပြည်နယ်များအတွက် သီးခြားဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ မရှိပါဘူး။ အဲဒီလို နိုင်ငံမျိုးမှာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ဘယ်လိုဆက်ဆံနေကြသလဲ? ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိတဲ့အတွက် ဘယ်လိုပြဿနာမျိုးတွေ့ကြုံ နေရသလဲ? သူတို့ဆီမှာ ရင်ဆိုင်နေရတဲ့ပြည်တွင်းစစ်နှင့် ခွဲထွက်ရေးပြဿနာများဟာ ဒါတွေနဲ့ဆက်စပ်မှုရှိသလား? ဒါတွေကိုကျနော်တို့ အကောင်း

ဖက်ကရော၊ အဆိုးဖက်ကပါ လေ့လာထား ပါတယ်။ ဥပမာ နိုင်ဂျီးရီးယားဆိုရင် — သူတို့ဆီမှာ လူမျိုးရေးပြဿနာ၊ ဘာသာရေးစစ်ပွဲ၊ စစ်အာဏာသိမ်းမှုစတဲ့ ပြဿနာပေါင်းစုံကို ရင်ဆိုင်နေရတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ဒါကိုလည်း ကျနော်တို့ လေ့လာပြီး သင်ခန်းစာ ယူရပါတယ်။

## ဒုတိယဂျာမဏီခရီးစဉ်

International IDEA နဲ့ Seminar (၂) ခါကျင်းပပြီးတဲ့နောက်ပိုင်း ကျနော်တို့ ဂျာမဏီကို ဒုတိယအကြိမ် လေ့လာရေးခရီး သွားခဲ့ပါတယ်။ ဒီတခါ ကျနော်တို့ ဘာကို ဦးစားပေးပြီး လေ့လာခဲ့သလဲဆိုတော့ — ပြည်နယ်အစိုးရများရဲ့ လုပ်ပိုင်ခွင့်အာဏာ နှင့် ဖွဲ့စည်းမှုပုံသဏ္ဍာန် (Structure and Function of States) အပြင်၊ ၎င်း ပြည်နယ်များအတွင်းမှာရှိတဲ့ ဒေသန္တရအစိုးရများ (Local governments) တွေရဲ့အကြောင်းကို အထူးဦးစားပေးပြီး လေ့လာခဲ့ရပါတယ်။ State နှင့် Local Governments Relation, ဒီအဆင့်မှာရှိတဲ့ အာဏာခွဲဝေမှု၊ ကျင့်သုံးမှု၊ ပြီးတော့ Local Governments တွေရဲ့ Structure & Function တွေကို လေ့လာခဲ့ပါတယ်။ ဂျာမဏီအတွင်းမှာ ရှိတဲ့ Local Governments တွေအပြင်၊ ဘယ်လ်ဂျီယန်နိုင်ငံမှာရှိတဲ့ Local Governments တွေကိုပါကျနော်တို့ သွားရောက်လေ့လာ ခဲ့ပါတယ်။ (ဒီခရီးစဉ် အကြောင်းကိုလည်း စာအုပ်ထုတ်ဖို့ပြင်ဆင်ထားပါတယ်)။

## Supporting Committee for State Constitutions (SCSC)

အခုနကျနော် တင်ပြရတဲ့လုပ်ငန်းစဉ်တွေ ပြန်ချုံ့ပြီးတင်ပြရရင် ကျနော်တို့ရဲ့ လေ့လာမှုအပိုင်းပေ့ါနော် — အဲဒီမှာအပိုင်း (၄) ပိုင်းရှိတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ **ပထမအပိုင်း** က (Federalism) စစ်မှန်သောပြည်ထောင်စုစနစ် အကြောင်းကို နားလည်အောင်လေ့လာခြင်း၊ **ဒုတိယအပိုင်း** က ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အခြေခံအင်္ဂါရပ်များကို လေ့လာခြင်း ဖြစ်ပါတယ်။ **တတိယအပိုင်း** ကတော့ ဒေသန္တရအုပ်ချုပ်ရေး (Local Governments) အကြောင်းဖြစ်ပြီး၊ **စတုတ္ထအပိုင်း** အနေနဲ့ ကျနော်တို့ ဘာကိုကြည့်သလဲဆိုတော့ — ပြည်ထောင်စုအစိုးရနှင့် ပြည်နယ် အစိုးရများ အကြားဆက်ဆံရေး (အာဏာခွဲဝေရေးနှင့် ကျင့်သုံးရေး) အပါအဝင် — ပြည်နယ်အစိုးရများနှင့်ဒေသန္တရအစိုးရများအကြား ဆက်ဆံရေးတို့ဖြစ်ပါတယ်။

အားလုံးသိထားတဲ့အတိုင်း ပြည်နယ်များရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေများ ရေးဆွဲရေး လုပ်ငန်းစဉ်ကြီးဟာ ရေရှည်လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့

တဖွဲ့တည်း လုပ်လို့မရပါဘူး။ ဒါကြောင့် ကျနော်တို့ UNLD နဲ့ NDF တို့ညှိနှိုင်းပြီး ၎င်းကို Joint Action Committee နဲ့ adhoc ပုံစံမျိုးလုပ်တာထက်၊ အမြဲတမ်း ကော်မတီတရပ် ဖွဲ့စည်းပြီး၊ ဒီလုပ်ငန်းစဉ်ကြီးကို တစိုက်မတ်မတ် ဆောင်ရွက်သွားဖို့ သဘောတူခဲ့ပါတယ်။ အဲဒီ သဘောတူညီချက်အတိုင်းပဲ Supporting Committee for State Constitution (SCSC) ဖွဲ့စည်းခဲ့ပါတယ်။ ၎င်း ကော်မတီမှာ Dr. Chao Tzang Yawnghwe ကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ NDF မှ ဗိုလ်မှူးကြီး ထူးထူးလေးနှင့် ဗိုလ်မှူးကြီးခွန်ဥက္ကာ၊ UNLD ဖက်မှ ခွန်းမန်းကိုဘန်းနှင့် ကျနော် ဆလိုင်းလျန်မှုန်းတို့က ပါဝင်ဆောင်ရွက် ပေးနေပါတယ်။

၎င်း SCSC ကော်မတီက ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီများကို တတ်နိုင်သလောက်ကူညီပံ့ပိုးပေးမှာ ဖြစ်ပါတယ်။ အခုဆိုရင် ကျနော်တို့ မှာ ပြည်နယ်အားလုံးနီးပါး (ရခိုင်ပြည်နယ်ကလွဲလို့) မှာ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရေးကော်မတီ များရှိပါပြီ။ ပြီးတော့ ဗမာပြည်နယ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲ ပြဋ္ဌာန်းနိုင်ရေးအတွက် လေ့လာရေးကော်မတီ တရပ်လည်း ပေါ်ထွန်း နေပါပြီ။ ဒါတွေ ကိုကြည့်ခြင်းအားဖြင့် ကျနော်တို့ အနာဂါတ်ပြည်ထောင်စု အတွက် အလားအလာ ကောင်းတဲ့ လက္ခဏာပဲလို့ ကျနော်သုံးသပ်မိပါတယ်။

## နိဂုံးချုပ်

နိဂုံးချုပ်အနေနဲ့ ကျနော်တင်ပြချင်တာက ကျနော့်စာတမ်းမှာ NRP အကြောင်း ကိုလည်း ထည့်ထားပါတယ်။ ဒါပေမယ့် — အချိန်ကလည်း အတော်ကြာ နေပြီ ဖြစ်တဲ့အတွက်၊ ဒီကဏ္ဍာကို ကျနော်မတင်ပြတော့ပါဘူး။ ကျနော့်ကို အခုလို အရေးကြီးတဲ့ လုပ်ငန်းစဉ်တရပ်မှာ UNLD ကိုယ်စား ဆောင်ရွက်ခွင့် တာဝန်ပေး အပ်ထားတဲ့အတွက် အများကြီးဝမ်းသာ ဂုဏ်ယူပါတယ်။ အခုလိုကျနော့်ရဲ့ စာတမ်း အပေါ် ရှင်းလင်း တင်ပြခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူတဲ့အကြောင်း တင်ပြ ရင်း နိဂုံးချုပ်အပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * * * *

## ၃း၃ စည်းရုံးရေးနှင့်မဟာမိတ်ရေးရာလုပ်ငန်းအစီရင်ခံစာအပေါ် ခွန်းမန်းကိုဘန်း မှ ဆွေးနွေးတင်ပြခြင်း။

### ၂၀၀၂ ခု ဇွန်လ (၅)ရက်နေ့ မွန်ပြည်နယ်ခရီးစဉ်

ဘာဖြစ်လဲဆိုတော့ တချို့ကဘယ်လိုပြောလဲဆိုတော့ နေပါစေ နှစ်ပွင့်လောက် ပဲပြုပါ လုပ်ပါဆိုတဲ့ ပြည်တွင်းကသူ့အနေအထားအရ သူလုပ်ရတာကိုး သူ့ အနေ အထားအရ ပြောင်ပြောင်တင်းတင်း ဆွေးနွေးလို့မရဘူး။ အဲဒီနယ်စပ်မှာရှိတဲ့ တိုင်းရင်းသားတွေ ဘယ်လိုပြောလာလဲ ဆိုတော့ ခင်ဗျားတို့ UNLD အထဲက ဘယ်လိုလဲ၊ နှစ်ပွင့်ဆိုင်ပဲ သွားမလား၊ သုံးပွင့်ဆိုင်ကို ပီပီပြင်ပြင်မပြောဘူး၊ ဒါကိုယ့်ရဲ့ခံ တခံလုံး ရှိတဲ့ဟာကို ဘာဖြစ်လို့အဲဒါမျိုး မားမားမတ်မတ် မရပ်တည်သလဲ၊ ဒါတွေ ဟာခင်ဗျားတို့ ဒီအတိုင်း ရပ်တည်မယ် ဆိုရင်တော့ ကိုယ်ပိုင်ထားတဲ့ သုံးပွင့်ဆိုင် ကုလားထိုင်တခုက ကုလသမဂ္ဂချမှတ်ပေးတဲ့ဟာ တခုထဲပိုင်ထားတောင်မှ ယခု အင်တာဗျူး လုပ်တဲ့အခါမှာ သူတို့ဆွေးနွေးကြပါ။ သူတို့ပေးတဲ့ တာဝန်ကို လုပ်ပဲ့မယ် ဆိုတဲ့ လေသံတွေ ဘာဖြစ်လို့ထွက်လာသလဲဆိုတဲ့ တိုင်းရင်းသားရဲ့ အင်အားစု ဝေဖန်မှုအပေါ်မှာ ကျနော်တို့ဆက်သွယ်ပြီးတော့ သေချာတွေ့ဆုံမှုဖြစ်မယ် ဆိုတော့ သူတို့နဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ မွန်ပြည်နယ်အတွင်းမှာ ကျနော်တို့သွားရောက် ဆွေးနွေး ခဲ့ပါတယ်။

သူတို့လဲသူတို့ရဲ့အနေအထားက ဒေါ်စုကလဲ ပြောပြီးသားပါ၊ ကျနော်တို့ သုံးပွင့်ဆိုင်ကြတော့ NLD လည်းတကယ် မရှိမဖြစ် လက်ခံပြီးသားပါ။ ကျနော်တို့လဲ ဒါ သုံးပွင့်ဆိုင်မဖြစ်တဲ့အချိန်မှာ နှစ်ပွင့်ဆိုင်လဲ အရင်စပါ ဆိုတဲ့သဘောမျိုးနဲ့ ကျနော် တို့ ပြောတာပါ။ ကျနော်တို့အထဲက အနေအထားကိုလဲ နားလည်ပေးပါ။ ဒါပေမဲ့ ကျနော်တို့ရဲ့ ရပ်တည်ချက်ကတော့ သုံးပွင့်ဆိုင်ပါပဲ။ သူတို့ ပြန်ဆွေးနွေးတယ်။ အဲဒီ အကြောင်းကိုလဲ မဒတနဲ့ကျနော်တို့နဲ့ ကျန်တဲ့တိုင်းရင်းသားတွေကို သူတို့ရဲ့ ပြည်တွင်းကသဘောထားတွေကို ကျနော်တို့က ပြန်လည်ပြီးတော့ ရှင်းလင်း တင်ပြခဲ့ တယ်။ အဲဒီပြဿနာကလဲ ယုံကြည်ချက် နှင့် ကျနော်တို့ဟာ သုံးပွင့်ဆိုင်ကို ဒါ လောက်ဆုပ်ကိုင် ထားပြီးတော့ ဒီကိစ္စ ဒီလိုမျိုးပျော့ပျော့တန်တန် ဖြစ်သွားသလားဆိုတဲ့ အပေါ်မှာလဲ ဒီကြားမှာ ကျနော်တို့တော်တော်လေး ကြိုးစားပြီး အဲဒီကိစ္စတွေကို ညှိနှိုင်းပြီးတော့ ဒီမှာရှိနေတဲ့ တိုင်းရင်းသားအင်အားစုတွေ ကျနော်တို့ ပြန်လည် ရှင်းပြမှ သူတို့သံသယ နဲနဲပိုပြီးတော့ ရှင်းလာပါတယ်။

## ၂၀၀၂ ဇွန်လ (၂၈) ရာဇာလီ၏ကိုယ်စားလှယ် Leon နှင့်တွေ့ဆုံခြင်း

သူပြောသွားတာက ဘာလဲဆိုတော့ သူကညီလာခံတခုလုပ်လိုက်ရင် မကောင်းဘူးလားဆိုတဲ့ လေသံမျိုးကို သူကပစ်သွားပါတယ်။ ဆိုတော့ကျနော်တို့ ပြောပါတယ်။ ညီလာခံဆိုရင်လဲ ကျနော်တို့က နဝတလက်အောက်မှာ ကြီးမှူးတဲ့ ညီလာခံမျိုးကို ကျနော်တို့တိုင်းရင်းသားအနေနဲ့ လုံးဝလက်မခံ နိုင်ပါဘူး။ အဲဒါ ကျနော်တို့ ညီလာခံဖြစ်မယ်ဆိုရင်လဲ သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေး ရဲ့ရလာဒ်အပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာတဲ့ အဲဒီအမျိုးသားညီလာခံမျိုးကို ကျနော်တို့က လက်ခံ တယ်။ ဒါက ကျနော်တို့ တိုင်းရင်းသားတွေရဲ့ ပြတ်ပြတ်သားသား ကျနော်တို့ ရပ်တည်ချက် ဖြစ်ပါတယ်။ ကျနော်တို့ အဲဒီနှစ်ပွင့်ဆိုင်နဲ့ ကျနော်တို့ကို ကိုယ်စားပြု ပြီးတော့ ဒေါ်စု NLD ကလဲ ကျနော်တို့အတွက် အဆုံးအဖြတ် လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင်ကလဲ တိုင်းရင်းသား အရေး တိုင်းရင်းသား ကိုယ်တိုင် ပါဝင်ဆုံးဖြတ် ရမယ်။ သူတို့ကလဲသဘောထား ဆုံးဖြတ်ချပြီးသားပါ။ တိုင်းရင်းသား အရေးကို ကျနော်တို့တာဝန်ယူ လုပ်ဆောင်မယ်ဆိုတဲ့ ဒေါ်စုရဲ့ NLD ကလဲ တခါမှ ဒီလိုမပြော ဖူးပါဘူး။

ဒါ့ကြောင့် ကျနော်တို့သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကနေပြီးတော့ ဖြစ်ပေါ် လာတဲ့ အမျိုးသားညီလာခံတို့ ကြားကာလ၊ ကြားဖြတ်အစိုးရတို့ အဲဒါမျိုးသာ ကျ နော်တို့ လက်ခံနိုင်ပါတယ်ဆိုတာ ကျနော်တို့ပြတ်ပြတ်သားသား UNLD-NDF ကနေပြီးတော့ ကရင်နီတို့အပါအဝင် ကျနော်တို့က မစ္စတာရာဇာလီကိုယ်စားလှယ် Leon နှင့်ကျနော်တို့ချပြ ဆွေးနွေးနိုင်ခဲ့ပါတယ်။

## ပြည်နယ်များဖွဲ့စည်းပုံ အခြေခံဥပဒေနှီးနှောဖလှယ်ပွဲကိုထပ်မံဆွေးနွေးခြင်း

ကျနော်ပြည်နယ်များ ဖွဲ့စည်းပုံနဲ့ပတ်သက်ပြီး နဲနဲတင်ပြလိုသာကတော့ အရင်တုန်းက ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေး ပေါ်လာတဲ့အချိန်ကျတော့ ပြည်ထောင် စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီကနေပြီးတော့ ဒါတွေဟာ ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီပေါ်လာတာဟာ သူတို့နဲ့ယှဉ်ပြိုင်သလို သူတို့က ထင်မြင်လာတယ်။ နောက်ပြီးတော့ ဒီပြည်နယ်ဖွဲ့စည်းပုံ ပေါ်ပေါက်လာ ခြင်းအားဖြင့် သူတို့အတွက် ဘာမှလုပ်စရာမရှိဘူး၊ ဆိုတဲ့ပုံစံမျိုးကိုလဲ ဆွေးနွေး လာတယ်။ အထူးသဖြင့် NCUB ရဲ့ ညီလာခံကနေပြီးတော့ သူတို့တင်သွင်းလာ တယ်။ ဒါတွေကို ပြည်ထောင်စုဖွဲ့စည်းပုံက မလိုအပ်တော့ဘူး၊ ပြည်နယ်ရှိနေပြီပဲ ဆိုတဲ့ အမြင်မျိုးကို သူတို့က ဆွေးနွေးလာတယ်။

ဒါပေမဲ့လို့ ကျနော်တို့က UNLD ကိုယ်စားလဲပြောလို့ရပါတယ်။ ကျနော် ဘယ်လို ဆွေးနွေးသလဲဆိုတော့ ပြည်နယ်ဖွဲ့စည်းပုံပေါ်လာတဲ့အချိန်မှာကျမှ ပြည်

ထောင်စု ဖွဲ့စည်းပုံအတွက် ပိုပြီးတော့ ကျနော်တို့ကြိုးစားပြီးတော့ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျနော်တို့ ယှဉ်ပြီးသွားမှာ ဖြစ်ပါတယ်။ အခုကျနော်တို့ ဆွဲနေတဲ့ ပြည်ထောင်စုဖွဲ့စည်းပုံကလဲ ဒါပထမမူကြမ်းလို့ ကျနော်တို့ပြောထားတဲ့ အတိုင်းပါပဲ ဒီ ၃၊ ၄ နှစ်အတောအတွင်းမှာ လေ့လာတာက ဒီပထမမူကြမ်း ပြင်ဆင်စရာ ဖြည့်စွက်စရာတွေ အများကြီးရှိတယ်။ ပြည်ထောင်စုဖွဲ့စည်းပုံကိုလဲ ကျနော်တို့ ဆက်သွားမှာ ဖြစ်ပါတယ်။

ဒီပြည်နယ် ဖွဲ့စည်းပုံပေါ်ပေါက်တာနဲ့ ပြည်ထောင်စုဖွဲ့စည်းပုံကို ဒီကော်မတီလုပ်ငန်းကို ဖျက်ဆီးပါတယ်လို့ မြင်တဲ့အမြင်ကို လုံးဝမှားတယ်။ ဒါကျနော်တို့ယှဉ်တွဲရမယ့် ကိစ္စတွေဖြစ်ပါတယ်။ ပြည်ထောင်စုဖွဲ့စည်းပုံ ဘာဖြစ်လို့မူကြမ်းမရေးဆွဲသလဲ ဆိုရင်တော့ ကျနော်တို့ပြည်ထောင်စုမှာရှိတဲ့ တိုင်းရင်းသားတွေဟာ အနာဂါတ်မှာ ကျနော်တို့ဘယ်လိုယှဉ်တွဲပြီးတော့ ဘယ်လိုနေထိုင် နိုင်မလဲဆိုတဲ့ ပုံကြမ်းကို ယုံကြည်မှုကို ကျနော်တို့ဖေါ်ဆောင်ခြင်း ဖြစ်တယ်။ ထိုနည်းအတူပဲ ကျနော်တို့ ပြည်နယ်မှာလဲ အဲဒီပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားများက ဘယ်လို အတူယှဉ်တွဲနေထိုင်မလဲ ဆိုတဲ့ ကျနော်တို့ရဲ့ ယုံကြည်မှုမူကြမ်းကို ချမှတ်ထားပေးဖို့လိုမယ်။

ဒီပြည်နယ်ဖွဲ့စည်းပုံက အဲဒီလိုကျနော်တို့ ပုံဖေါ်ထားခြင်းဖြင့် ပြည်နယ်တိုင်းပြည်နယ်တိုင်းမှာ ကျနော်တို့ ပြင်ဆင်မှုကိုရရှိသွားမယ်ဆိုရင် ပြည်ထောင်စုအတွက် အခြေခံက မရဘူးလား။ ပြည်နယ်ဖွဲ့စည်းပုံနဲ့ ကျနော်တို့ ပြည်ထောင်စုဖွဲ့စည်းပုံက နှိုင်းယှဉ်သွားခြင်းအားဖြင့် ပြည်ထောင်စုရဲ့ဖွဲ့စည်းပုံကို ဘာအာဏာ အားနည်းမလဲ၊ ပြည်ထောင်စုက ကျနော်တို့ပြည်နယ်ကို ကျန်တဲ့ပြည်နယ် အသီးသီးကနေပြီးတော့ ဘယ်လိုရေးဆွဲမလဲ ဆိုတာလုပ်ခြင်းအားဖြင့် အများကြီးကောင်းသွားပါတယ်။ ဒါကြောင့် ကျနော်တို့ပြည်နယ်များ ဖွဲ့စည်းပုံပေါ်လာလို့ ပြည်ထောင်စုဖွဲ့စည်းပုံ လုပ်ငန်းကို ထိခိုက်ပါတယ်ဆိုတဲ့ အမြင်မျိုးဟာ လုံးဝမဖြစ်သင့်ဘူး။ ဒါဟာ ကျနော်တို့ ပြည်ထောင်စုဖွဲ့စည်းပုံရဲ့ ပထမမူကြမ်းပဲ လုပ်သေးတယ်။ ကျနော်တို့ ပြည်နယ်ဖွဲ့စည်းပုံလဲ ဆက်လက်ရေးဆွဲရမှာ ဖြစ်ပါတယ် ဆိုပြီးတော့ ကျနော်တင်ပြတယ်။

ပြည်ထောင်စုဖွဲ့စည်းပုံ ရေးဆွဲရေးအဖွဲ့က ပြည်နယ်ဖွဲ့စည်းပုံပါ ကြိုးကိုင်ပြီးတော့ အကုန်လုံးဝင်စွက်ပြီးတော့ ကြိုးကိုင်ချင်တဲ့ပုံစံမျိုးနဲ့ ဆိုရင်တော့ သီးခြားကိုယ်ပိုင်ပြဌာန်းခွင့်ဆိုတာက ဘယ်မှာရှိတော့မလဲ။ ဒီမှာ ပြည်နယ်ရေးဆွဲရေးလုပ်ထားတဲ့ ကော်မရှင်မှာ ရေးတဲ့ပုဂ္ဂိုလ်ကလဲ နိုင်ငံရေးအနှစ်ပေါင်း ၃၀၊ ၄၀ မှာလုပ်လာတဲ့ အတွေ့အကြုံများစွာရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဒါကြောင့် ခင်ဗျားတို့ပြည်နယ် ဖွဲ့စည်းပုံတွေကို အဲလိုမျိုးရေးဆွဲခြင်းနဲ့ ပါတ်သက်ပြီးတော့ ဒီလို

သဘောထားမယ် ဆိုရင် ကျနော်တို့တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို လုံးဝ ဒါခင်ဗျားတို့ ထိခိုက် စေနိုင်တယ်။ အဲဒါကြောင့် ကျနော်တို့က ပြည်ထောင်စုဖွဲ့စည်းပုံ လဲလုပ်ပါ။ ပြည်နယ်အသီးသီးရဲ့ ဖွဲ့စည်းပုံ လဲလုပ်ပါ ဆိုပြီးတော့ ကျနော်က ညီလာခံမှာ ဆွေးနွေးပါတယ်။

နောက်ဆုံးတော့ အဲ့ဒီညီလာခံက ပြည်ထောင်စုဖွဲ့စည်းပုံ ဒုတိယမူကြမ်းကို ဆက်သွားပါ။ ပြည်နယ်အသီးသီးရဲ့ ဖွဲ့စည်းပုံကလဲ ဆက်လက်ပြီးတော့ လုပ်ဆောင်သင့်တယ်ဆိုတဲ့အမြင်ကို ညီလာခံကချမှတ်တဲ့အတွက်ကြောင့် ယခုပြည်ထောင်စုဖွဲ့စည်းပုံ ဒုတိယမူကြမ်းကိုလဲ ပြင်ဆင်ထားပါတယ်။ ကျနော်တို့ပြည်နယ် အသီးသီးရဲ့ ဖွဲ့စည်းပုံကိုလဲ ကျနော်တို့ လုံးပမ်းနေကြပါတယ်။

ဇမာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲလေ့လာရေးအဖွဲ့ဆိုပြီးတော့ အဖွဲ့ဝင် (၉) ဦးပါဝင်တဲ့ အဖွဲ့တဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ အခုဆိုရင်တော့ တိုးပြီးတော့ဖွဲ့စည်းခဲ့တယ်။ ဒါလဲကျနော်တို့ရဲ့ ပြည်ထောင်စု နှင့် ပြည်နယ်များရဲ့ ဆွေးနွေးပွဲကနေပြီးတော့ ဖြစ်ပေါ်လာတဲ့ရလာဒ်ကောင်း တခုဖြစ်ပါတယ်။

အခုဟာ ဒီပြည်နယ်ဖွဲ့စည်းပုံနဲ့ ပြည်ထောင်စုဖွဲ့စည်းပုံ ဘယ်လိုမျိုးသဘောတူညီမှု ရရှိသလဲဆိုရင် ပထမအချက်အနေနဲ့ ကျနော်တို့က ပြည်နယ်ဖွဲ့စည်းပုံ ရေးဆွဲတဲ့နေရာမှာ နံပါတ်တစ်အချက်က ဘာလဲဆိုတော့ ပြည်ထောင်စုဖွဲ့စည်းပုံကို အခြေခံရမယ်။ သဘောက သီးခြားလွတ်လပ်တဲ့နိုင်ငံ အနေနဲ့ ပြည်နယ်ဥပဒေ ရေးဆွဲလို့မရဘူး။ Confederation ဆိုတဲ့အနေနဲ့ ရေးဆွဲလို့မရဘူး။ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စုစနစ်အပေါ်မှာ အခြေခံရမယ်။ ဆိုပြီးတော့ ကျနော်တို့က ပြည်ထောင်စုဖွဲ့စည်းပုံနဲ့ ပြည်နယ်ဖွဲ့စည်းပုံ သဘောတူညီမှု ရပါတယ်။

နောက်တချက်အနေနဲ့ ကျနော်တို့ ပြည်နယ်ဖွဲ့စည်းပုံဟာ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံရမယ်။ ဒါကိုလဲ ကျနော်တို့မူကြမ်းကို ချမှတ်နိုင်ခဲ့တယ်။ သို့မဟုတ်ရင် တပါတီအာဏာရှင် သွားလုပ်လို့မရဘူး။ ဘုရင်စနစ် စော်ဘွားစနစ် ဒူးဝါးစနစ်တွေ ပြန်သွားလို့မရဘူး။ ပါတီစုံစနစ်ကိုအခြေခံရမယ်ဆိုတဲ့ အချက်တချက်ပါတယ်။ နောက် တချက်ကဘာလဲဆိုတော့ ကျနော်တို့ပြည်နယ်ဖွဲ့စည်းပုံမှာလဲ ဒီမိုကရေစီ အခြေခံပြီး လူ့အခွင့်အရေးကို အကာအကွယ် ပြဌာန်းနိုင်ရမယ်။ ဒါလဲကျနော်တို့ ပြည်နယ်ဖွဲ့စည်းပုံမှာ ထဲ့ရမည့် အချက်ဖြစ်ပါတယ်။ နောက်တခါကျတော့ ပြည်နယ် အတွင်းမှာ ရှိနေတဲ့ လူမျိုးစုတွေ ကျနော်တို့တန်းတူရေးကို အခြေခံရမယ်ဆိုတဲ့ အချက်ကိုလည်း ကျနော်တို့ အဲဒီနီးနှောဖလှယ်ပွဲမှာ ကျနော်တို့ချမှတ် နိုင်ခဲ့ပါတယ်။ ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * * * * *

## ၃း၄ လက်ရှိနိုင်ငံရေးအခြေအနေများ သုံးသပ်ချက်စာတမ်း

**မန်းညွန့်မောင်**

### နိဒါန်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)သည် တိုင်းရင်းသားလူမျိုးနိုင်ငံရေး အင်အားစုအသီးသီးကို ကိုယ်စားပြုဖွဲ့စည်းထားသော အဖွဲ့ချုပ်တခုဖြစ်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးများ၏ ပြဿနာအရပ်ရပ်ကို လက်တွေ့ကျကျ လေ့လာချည်းကပ်ရန် တာဝန်ရှိသကဲ့သို့ ယင်းပြဿနာရပ်များကို ဦးဆောင်ဖြေရှင်းရန်လည်း တာဝန်ရှိနေပေသည်။

ယနေ့ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းခေါင်းဆောင်များ ကျင့်သုံးနေသော စစ်အာဏာရှင်စနစ်တွင် ဖောင်းနှစ်ဖက်ထား၍ ရက်စက်ကြမ်းကြုတ်မှုများ ပြုလုပ်ရာ၌ တဘက်ဖောင်းဖြစ်သော ဒီမိုကရေစီအင်အားစုများအပေါ်တွင် အလျော့အတင်းနည်းဗျူဟာကို ကျင့်သုံးနေပြီး တဘက်ဖောင်းဖြစ်သော တိုင်းရင်းသားလူမျိုးများအပေါ်၌ ရာဇဝတ်မှုဆန်သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် အစုလိုက်အပြုံလိုက် အဓမ္မပြုကျင့်မှုများ အပါအဝင်ဖြစ်သော မျိုးပြုတ်နည်းဗျူဟာကို ကျင့်သုံးနေပေသည်။

ယနေ့ ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဒုတိယအကြိမ်ညီလာခံတွင် အမျိုးသားရေးပြဿနာတရပ်အဖြစ် ယင်းကိစ္စကို အထူးတလည် အာရုံစူးစိုက်နိုင်စေရန် စစ်အစိုးရ၏ အလျော့အတင်း နည်းဗျူဟာနှင့် မျိုးပြုတ်နည်းဗျူဟာတို့ကို အလေးပေးတင်ပြလိုက်ပါသည်။

### လျော့တင်းနည်းဗျူဟာ

၁၉၈၈ ခုနှစ် စစ်တပ်ကအာဏာသိမ်းပြီးနောက်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအင်အားစုအရ ဒီမိုကရေစီအင်အားစု၊ စစ်ရေးအင်အားစု နှင့် လူမျိုးရေးအင်အားစု သုံးစု ပေါ်ပေါက်လာသည်။ ယင်းအင်အားစု သုံးစုတွင် ဒီမိုကရေစီအင်အားစုနှင့် လူမျိုးရေးအင်အားစုတို့သည် ဒီမိုကရေစီရေးကို အကြောင်းပြု၍ မိတ်ဖက်အသွင်ရပ် တည်လာခဲ့သည်။ စစ်ရေးအင်အားစုနှင့်ကား နိုင်ငံရေးအရ ရန်ဘက်အဖြစ် တောက်လျှောက်ဆန့်ကျင် ရပ်တည်လာခဲ့ကြပေသည်။

ယင်းသို့ စစ်အုပ်စုနှင့် ဆန့်ကျင်ဖက်အဖြစ် ရပ်တည်လာခဲ့ကြရာတွင် စစ်အုပ်စုသည် ပြည်တွင်းနိုင်ငံရေး အနေအထားနှင့် နိုင်ငံတကာအနေအထားကို အကြောင်းပြု၍ ဒီမိုကရေစီ အင်အားစုအပေါ်တွင် အလျော့အတင်းနည်းဗျူဟာကို ကျင့်သုံး၍ နိုင်ငံရေးအရ အပေါ်စီးမှ ရရှိရေးနှင့် စစ်အာဏာ သက်ရှည်ကြာရေးကို ကြိုးပမ်းအားထုတ်လာခဲ့သည်။ စစ်အုပ်စုသည် လူမျိုးရေးအင်အားစုအပေါ် ထိုးနှက်တိုက်ခိုက်ရာ၌ စစ်ရေးကိုအဓိကထား၍ ထိုးနှက်တိုက်ခိုက်လာခဲ့ရာ ပထမတွင် စစ်အုပ်စုသည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအပြီး၌ (UNLD) အပါအဝင် လူမျိုးစုနိုင်ငံရေးပါတီများကို မတရား ဖျက်သိမ်းပစ်ခဲ့သည်။ တဘက်တွင် “ဝ”လက်နက်ကိုင်အပါအဝင် (NDF) အဖွဲ့ဝင် လူမျိုးစု လက်နက်ကိုင်များအပေါ် တဘက်၌စစ်ရေးအရ ထိုးနှက် တိုက်ခိုက၍ တဘက်၌ မိမိလက်နက် မိမိကိုင်ထားဆိုသည့် အပစ်အခတ်ရပ်စဲရေး မျက်နှာဖုံးကို စွပ်၍ တစတစဖြင့် ဝိုင်းပတ် ချေမှုန်းရေးနည်းဗျူဟာကို ကျင့်သုံးလာခဲ့သည်။ ယင်းသို့ အပစ်အခတ် ရပ်စဲထားသော လူမျိုးစုလက်နက်ကိုင်အဖွဲ့များနှင့် ၁၀ နှစ် ကျော်ကြာသည်အထိ နိုင်ငံရေးအရ ဆွေးနွေးမှုကိုမပြုဘဲ နိုင်ငံတကာသို့ အမျိုးသားညီညွတ်ရေး ရရှိနေသယောင် အာဏာသိမ်း စစ်ခေါင်းဆောင်များက ဝါဒဖြန့်နေသည်။ အလားတူပင် စစ်အုပ်စုသည် ဒီမိုကရေစီအင်အားစုအပေါ် ၌ လျော့တင်းအချိန်ဆွဲနည်းဗျူဟာကို ကျင့်သုံးနေရာမှ ယခုအခါနိုင်ငံရေးအရ အပေါ်စီးမှ မိမိတို့ရရှိလာပြီဟု ယူဆသည်နှင့် မိမိတို့ကိုယ်တိုင် ဒီမိုကရေစီရေးကို ပျိုးထောင်နေပါသည်ဟု ကြွေးကြော် စပြုလာသည်။

## ပြန်လည်ဆန်းစစ်ရန်

မိတ်ဆက်အဖြစ် အတူတကွရပ်တည်ကြလျှက် စစ်အာဏာရှင်စနစ်အားဘုံရန်သူအဖြစ် ဆန့်ကျင်တိုက်ခိုက်နေကြသော လူမျိုးရေးအင်အားစုနှင့် ဒီမိုကရေစီအင်အားစုတို့သည် ရဲရင့်ပွင့်လင်းစွာဖြင့် စစ်အစိုးရ၏ ကောက်ကျစ် စဉ်းလဲသော နည်းဗျူဟာကိုအစမှအဆုံး ပြန်လည်သုံးသပ်ရန် လိုအပ်သကဲ့သို့ မိမိတို့ ချမှတ်ကျင့်သုံးခဲ့သော နည်းဗျူဟာများကိုလည်း ရိုးသားပွင့်လင်းစွာ ပြန်လည် သုံးသပ်ရန် အထူးတလည် လိုအပ်နေပေသည်။

၁။ ၁၉၉၀ ခုနှစ် မှ ၁၉၉၇ ခုနှစ်အထိ စစ်အစိုးရသည် တရုတ်တို့ထံမှ ကာကွယ်ရေးပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအချို့ရယူ၍ စစ်အစိုးရသည် တရုတ်ပြည်အား သစ်နှင့် စားကုန်အချို့ကို ပြန်ပေး၍ ရပ်တည်ခဲ့ရသည်။

၂။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ သစ်တောထွက်နှင့် ပင်လယ်ထွက်ပစ္စည်း ရရှိရေးကိုအကြောင်းပြုလျက် မြန်မာနိုင်ငံအား အာဆီယံအဖွဲ့ အတွင်း

ဝင်ခွင့်ရရှိရန် အပြုသဘောဆောင်သောဆက်ဆံရေး (Constructive Engagement) လမ်းစဉ်ဖြင့် စစ်အစိုးရအား အာဆီယံအဖွဲ့ဝင် ဖြစ်စေခဲ့သည်။

၃။ ထိုစဉ် စစ်အစိုးရသည် နိုင်ငံတကာ၌ အထီးကျန်ဘဝတွင်ရှိနေ၍ နိုင်ငံရေးအပေါ် စီးရရှိရေးအတွက် ပြည်တွင်းဒီမိုကရေစီ အင်အားစုအား အဓမ္မဖိနှိပ်၍ အချို့သော လူမျိုးစုလက်နက်ကိုင်အင်အားများအား စစ်ရေးဖြင့် ဖြိုခွဲရာတွင် အပစ်အခတ်ရပ်စဲမှုကို ပြနိုင်ခြင်းဖြင့် ၎င်းအတွက် နိုင်ငံရေးအရ ထွက်ပေါက်တခုကို ရရှိနိုင်စေခဲ့သည်။

၄။ ၁၉၉၇ ခုနှစ်တွင် စစ်အစိုးရသည် အင်ဒိုချိုင်းနား သုံးနိုင်ငံနှင့် အတူရှေ့နောက်ဆင့်၍ အာဆီယံအဖွဲ့အတွင်း အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရခဲ့သည်။ စစ်အစိုးရ သည် ဝမ်းသာအားရဖြင့် အခမ်းအနားကျင်းပ၍ ကြိုဆိုခဲ့သည်။ ထိုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးပြိုလဲသွား၍ စစ်အစိုးရအတွက် စီးပွားရေးအရ အကျိုးအမြတ်မရခဲ့သော်လည်း အရှေ့တောင်အာရှတွင် ပထမဆုံးအကြိမ် အရာဝင်ခဲ့သည်။

## မယုံကြည်ရသောသူနှင့် ယုံကြည်မှုတည်ဆောက်ခြင်း

စစ်အစိုးရသည် တရုတ်တို့ထံမှ ပုံစံအမျိုးမျိုးဖြင့် ရရှိထားသော လက်နက်များဖြင့် ယင်းစစ်တပ်ကို (၁၉၉၀) ခုနှစ်နောက်ပိုင်း၌ ဆယ်ဆမက တိုးချဲ့လာခဲ့သည်။ ယင်း စစ်တပ်အင်အားနှင့် စစ်တပ်အစိုးရသည် ၁၉၉၀ ခုနှစ်နောက်ပိုင်း ဗကပပြိုကွဲသွားပြီးနောက် ယင်းတို့၏ လူမျိုးတမျိုးတည်း၊ ဘာသာတခုတည်းဖြစ်ရေး မဟာဗျူဟာအရ လူမျိုးစုလက်နက်ကိုင်များအား ပထမအဆင့် ဝိုင်းပတ်ထားရေးမှ အပြီးသတ် ချေမှုန်းရေးကို စတင်ခဲ့သည်။

ယင်းသို့ စစ်အစိုးရသည် တဘက်တွင်လူမျိုးစုများအား စစ်ရေးအောက်၌ အသံပျောက်အောင် ဖိနှိပ်ထားစဉ် (၂၀၀၀ – ၂၀၀၁) ခုနှစ် အရောက်၌ ဒေါ်အောင်ဆန်းစုကြည်အား ဒုတိယအကြိမ်အကျယ်ချုပ်ဖြင့် ချုပ်နှောင်ထားပြီး **ပူးကပ်ခွာ** နိုင်ငံရေးနည်းဗျူဟာအရ အရေးကြီးသော နိုင်ငံရေးကစားကွက် တခုကိုပြုလုပ်ခဲ့သည်။

ယင်း ပူးကပ်ခွာနည်းဗျူဟာမှာ တဘက်မှ ထိုးနှက်မှုပြင်းထန်နေစဉ် ပျော့ပြောင်းစွာမိတ်ဆွေသဖွယ် ပူးကပ်နေ၍ တဘက်မှ အယုံလွယ်လာသောအခါ မိမိဘက်မှ ပြန်လည်တွန်းဖယ်ထုတ်ပစ်သော နည်းဗျူဟာပင်ဖြစ်သည်။ ယင်း စစ်အစိုးရ

၏ နှစ် နှစ်နီးပါး ကျင့်သုံးခဲ့သော ပူးကပ်ခွာ နိုင်ငံရေးဗျူဟာကို အချို့ကယုံမှားစွာဖြင့် ယုံကြည်မှု တည်ဆောက်ခြင်းအဖြစ် ပြောဆိုမှတ်ယူခဲ့ ကြသည်။

ယင်းသို့ စစ်အစိုးရ၏ ပူးကပ်ခွာဗျူဟာကာလအတွင်း၌ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် နိုင်ငံတခုခြင်းမှ အစိုးရ တာဝန်ခံများသည် မြန်မာနိုင်ငံသို့ အဆက်မပြတ်ရောက်ရှိလာကြပြီး အချို့ဆိုလျှင် စစ်ဘက်နှင့် ဒီမိုကရေစီဘက်မှ ခေါင်းဆောင်များအပြင် လူမျိုးစုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ပါတွေ့ဆုံခဲ့ကြသည်။ ယင်းပုဂ္ဂိုလ်များ၏ မြန်မာနိုင်ငံ အတွင်း ဝင်ထွက် သွားလာမှုနှင့် တွေ့ဆုံမှုကိုအကြောင်းပြု၍ အချို့သည် အကောင်းမြင် လွန်းလှသဖြင့် မကြာမီ နှစ်ပွင့်ဆိုင်ဆွေးနွေးပွဲ ထိုမှမကြာမီ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ထိုကမှတဆင့် အနှစ် ငါးဆယ်ကျော် ပျက်ပြားနေသော အမျိုးသားညီညွတ်ရေးကို ပြန်လည်တည် ဆောက် ပေါင်းစည်းနိုင်တော့မည်ဟု လွဲမှားစွာယုံကြည်ခဲ့ကြသည်။

## ယုံကြည်မှုမျက်နှာဖုံးကွာပြီ

၂၀၀၂ ခုနှစ်အတွင်း ဘရူနိုင်း နိုင်ငံတွင်ကျင်းပသော အာဆီယံနှစ်ပါတ်လည် အစည်းအဝေး၌ တရုတ်ဝန်ကြီးချုပ်သည် ဒေါ်လာဘီလီလုံချီ၍ မတည်သော မဟာ အာရှ မီးရထားလမ်းမကြီးစီမံကိန်းနှင့် အိန္ဒိယနိုင်ငံအပါအဝင် အရှေ့တောင် အာရှနိုင်ငံများ ချမ်းသာကြွယ်ဝရေး ဒေါ်လာကုဋေချီသည့် လွတ်လပ်သော အရှေ့ တောင်အာရှဈေးကွက်စီမံကိန်းကြီး နှစ်ရပ်ကို တင်သွင်းခဲ့သည်။ စကားများများ ပြောတတ်သော မလေးရှားဝန်ကြီးချုပ်သည်ပင် စကားကို နည်းနည်းသာပြောနိုင်ပြီး ကျန်အာဆီယံနိုင်ငံ ခေါင်းဆောင်များသည် ကျေနပ် အားရကြသဖြင့် စကား မပြောနိုင်အောင် ဖြစ်ခဲ့ကြသည်။ ယင်း အစည်းအဝေး အပြီးတွင် အိန္ဒိယနိုင်ငံ ပါဝင် ရေးကို တာဝန်ယူထားရသော မြန်မာစစ်ခေါင်းဆောင်များသည် အလုပ်အများဆုံး ရခဲ့ကြသည်။

ယင်းသို့ တရုတ်တို့၏ ကျောထောက်နောက်ခံပြုမှုဖြင့် အာဆီယံအဖွဲ့တွင် နေရာရလာသော စစ်အစိုးရသည် ၂၀၀၃ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပါတ်၌ ဘယ်(လ်)ဂျီယန် **(Belgium)** နိုင်ငံတွင်ကျင်းပသော အာဆီယံ–အီးယူ ပူးတွဲ အစည်းအဝေးသို့ ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရသွားသည်။ ယင်း အခြေအနေ သည် စစ်အစိုးရအား နိုင်ငံတကာနယ်ပယ်တွင် ပထမဆုံးအကြိမ် အရာဝင် စေသည်ဟု သုံးသပ်ခဲ့ကြပေသည်။

စစ်အစိုးရသည် အာဆီယံအဖွဲ့အတွင်းနှင့် နိုင်ငံတကာနယ်ပယ် အတွင်း ဝင်ဆန့်မှုရှိလာသည်ကို အကြောင်းပြု၍ ထိုင်းနိုင်ငံဘက်နှင့် အိန္ဒိယနိုင်ငံ ဘက်

ရောက် လူမျိုးစုများအပေါ် ရာဇဝတ်မှုဆန်သော ရက်စက်ကြမ်းကြုတ်မှု များကို တိုးမြှင့် ပြုလုပ်လာသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ၂ နှစ်ကျော် ယုံကြည်မှု တည်ဆောက်ထားပါ သည်ဆိုသော သူတို့၏ ပူးကပ်ခွာဗျူဟာအရ ရခိုင်ပြည်ခရီး အပြီး၌ ရုပ်ပျက်ဆင်းပျက် အပြီးအပိုင်မျက်နှာဖုံးခွာချ ပစ်လိုက်သည်။

## အတွေးသစ်နှင့် နည်းဗျူဟာသစ်

ယနေ့ ရောက်ရှိနေသောအခြေအနေနှင့် အဖြစ်အပျက်များအရ စစ်အာဏာရှင်စနစ်အပေါ် ရှုမြင်ရာတွင်၎င်း၊ စစ်အာဏာသိမ်းခေါင်းဆောင်များ အပေါ် ရှုမြင်ရာတွင်၎င်း၊ မိမိ၏စိတ်ဆန္ဒကို အကြောင်းပြုလျက် အပြုသဘောဆောင် အကောင်းမြင်ဝါဒဖြင့် ရှုမြင်သုံးသပ်ရုံဖြင့် လုံလောက်ခြင်း မရှိတော့သည်ကို တွေ့မြင်နိုင်ကြမည်။ စစ်အာဏာသိမ်းခြင်း အကြောင်းရင်းခံများနှင့် စစ်အာဏာသိမ်း ခေါင်းဆောင်များ၏ တရားကိုယ်နှင့် ကိုယ်ကျင့်တရားအပေါ် ၌လက်တွေ့ကျကျ ဆန်းစစ်နိုင်ခြင်းသာ ယခု စစ်ရာဇဝတ်မှုများကို ဟန့်တားနိုင်မည် ဖြစ်ပေသည်။

ယင်းအတွက် ယခုကျင်းပနေဆဲဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ညီလာခံ၌ လူမျိုးစု အမျိုးသားများ အပေါ် စစ်အစိုးရ၏ရက်စက် ကြမ်းကြုတ်သောအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် အဓမ္မပြုကျင့်မှုများ အပါအဝင်ဖြစ်သော မျိုးဖြုတ်စစ်ပွဲကို ဟန့်တားနိုင်ရေးအတွက် အတွေးအခေါ်သစ်ဖြင့် နည်းဗျူဟာအသစ်တရပ် ချမှတ်နိုင်ရန် အထူးပင်လိုအပ်လှပါ သည်။ ထိုမှ ပြည်ထောင်စုလုံးဆိုင်ရာ ဒီမိုကရေစီစနစ်အောင်မြင်ရေးနှင့် လျင်မြန်စွာ ထူထောင်နိုင်ရေးအတွက် လူမျိုးစုအင်အားစုနှင့် ဒီမိုကရေစီအင်အားစုတို့သည် လျင်မြန်စွာ ပေါင်းစည်းကြလျက် အတွေးသစ်ဖြင့် နည်းဗျူဟာသစ်တရပ်ကို ချမှတ်ရေးဆွဲရန်လို အပ်နေကြောင်း နိဂုံးချုပ်တင်ပြအပ်ပါသည်။

**မန်းညွန့်မောင်**
**သဘာပတိအဖွဲ့ဝင်**

* * * * * * * * * * * * * * *

## ၃း၅ လက်ရှိနိုင်ငံရေးအခြေအနေများကို ဆွေးနွေးခြင်း

### နာယက စဝ်ဆိုင်စစ်

SCC အစည်းအဝေးကို ကျနော်တက်ပါတယ်။ SCC လုပ်တဲ့ဥစ္စာ အထူးသဖြင့် ကျနော်တို့ လိုက်ရတာကတော့ အများစုကသုံးသပ်တဲ့နေရာမှာပေ့ါလေ ပြည်တွင်း အခြေအနေ ပြည်ပအခြေအနေကိုသုံးသပ်တဲ့အခါမှာ အထူးသဖြင့်တွေ့ရတာက နိုင်ငံရေးနှင့် လူမှုရေးအပေါ်မှာသွားပြီးတော့မှ ဦးစားပေးနေကြတယ်။ များနေတာ ကိုတွေ့ရတယ်။ နောက်ပြီးတော့ သုံးသပ်ချက်တွေကလည်း သိပ်မကွာကြဘူး။ အတူတူလောက်ပဲ ကျနော်တွေ့ရတယ်။ ဒီ Altsean ကနေပြီးတော့ သုံးသပ်ပေး ထားတာ တော်တော်ကောင်းတယ်။ တိုတိုတုတ်တုတ်လေးနဲ့ အရေးကြီးတဲ့အချက် တွေကို ပြောထားတာရှိတယ်။ အဲဒီလိုမျိုး ကျနော်တို့လုပ်နိုင်ရင်ကောင်းမယ်။

ကျနော်လဲ စောစောက ဆရာမန်းညွန့်မောင် တင်သွင်းတဲ့စာတမ်းမျိုး ကျနော် လဲနှစ်သက်တယ်၊ ဒီလိုမျိုး ဖြစ်သင့်တယ်။ ကျနော်တို့အဲဒီ Leadership Meeting မှာဒီလိုမဖြစ်ဖို့ တိုတိုတုတ်တုတ်နဲ့ လိုရင်းကိုသိပ်မရောက်ဘူး။ ဒါပေမဲ့ ဒီဟာက တော့ နည်းနည်းတိုတိုတုတ်တုတ်နဲ့ လိုရင်းကိုရောက်တာတွေ့ရပါတယ်။

နိုင်ငံရေးနဲ့ လူမှုရေးကိုပဲ အဓိကထား စကားပြောနေကြတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ကနေ့ကမ္ဘာကြီးက ကျနော်တို့သိလိုက်ရတာကတော့ ဒီနေ့ကမ္ဘာကြီးရဲ့ Trend က ကျနော့်အထင်ပေ့ါလေ သူကစီးပွားရေးကို အထူးအဓိကထားတဲ့အချက် မှာ ရောက်နေတယ်။ အဲဒီတော့ကာလက **"စီးပွားရေးကာလ"** အဲဒီလိုပဲခေါ်ရမလား မသိဘူး။ အဲဒီလို ဖြစ်နေတဲ့အခါကျတော့ Know yourself, Know your enemy လို့ ဖွန်ဖူးကပြောတာကို ကြည့်မယ်ဆိုရင် ကျနော်တို့က ကျနော်တို့ကို ဘယ်လောက်သိသလဲဆိုတဲ့ အပေါ်မှာရယ် ကျနော်တို့ ရန်သူအပေါ်မှာ ဘယ် လောက်သိသလဲ ဆိုတဲ့ နေရာမှာရယ် ကျနော်တို့စဉ်းစားတဲ့နေရာမှာ ကျနော် ထင်တာမပြည့်ဘူး။ သိပ်မပြည့် ဝဘူး။ ဘာလို့လဲဆိုတော့ စီးပွားရေးမှာ ကျနော်တို့ အများကြီး မသိသာကများတယ်။

ဥပမာပြောရရင် Altsean ကထုတ်ပြောသေးတယ်။ တရုတ်အစိုးရက နဝတ ကို စစ်အကူအညီ ပေးတဲ့အခါကြတော့ Navy Base တွေကို လုပ်တဲ့နေရာမှာ Two Billion $ အထိ သူပေးတယ်။ ဒါပေမဲ့ Air Force ကတော့ဘယ် လောက်ပေး တယ်၊ Army ကိုတော့ဘယ်လောက်ပေးလိုက်တာ ရောင်းပေးလိုက်တာ Two Billion US$ နောက်ပြီးတော့မှ Navy Base Development ကျတော့ Two

Billion US$ နောက်တော့ ကျန်ဇီမင်း သွားတုန်း က 200 Million US$ အဲဒီလို ပေးတယ်။ ဒါပေမဲ့ ကျနော်တို့မသိလိုက်တာက ဘာလဲဆိုတော့ အဲဒီငွေတွေနဲ့ ဝင်လာတဲ့ပမာဏ တကယ့်တရုတ်တို့ရဲ့ ရင်းနှီး မြှပ်နှံမှုပမာဏကို ကျနော်တို့ မသိဘူး။ အခုထက်ထိလဲ ဘယ်သူမှရှာမဲ့ လူလဲမရှိဘူး။

အဲဒီတော့ အထူးသဖြင့်ကျနော်တို့ကဒီမှာပြောနေတယ် ဘဏ် (၄) ဘဏ်ရှိတယ်။ အဲဒီ Four Banks are dominated by the Mafia Bosses အဲဒီ လိုပြောတယ်။ ဥပမာ မေဖလားဝါးဆိုလို့ရှိရင် ဝေရှောင်ကန်းတို့ရဲ့ဘဏ် အဲဒီဘဏ်ထဲကို China Bank ကနေပြီးတော့ သွယ်ဝိုက်သောနည်းနဲ့ ဥပမာ Development ဆိုတဲ့ ကုမ္ပဏီတွေရှိတယ်။ လမ်းဆောက်တဲ့ ကုမ္ပဏီတွေလည်းရှိတယ်။ ဒီကုမ္ပဏီတွေရဲ့ အရင်းထည့်ဝင်ငွေ ဘယ်လောက်လဲ၊ နောက်ပြီးတော့မှ တခြား ကုမ္ပဏီတွေပေါ့၊ ထုတ်လုပ်ရေး ကုမ္ပဏီတွေ၊ အဲဒီ ကုမ္ပဏီတွေကို တရုတ်ပြည်က ဘယ်လောက်ပေးလဲ၊ အရင်းထည့်ဝင်ငွေ ဘယ်လောက်လဲ၊ တရုတ် China Bank ကနေလဲဘယ်လောက် ထောက်ပံ့တဲ့ငွေ ရှိသလဲ၊ ကျနော်တို့ ဒီမိုကရက်တစ်အဖွဲ့တွေသိပြီလား၊ ကျနော် မေးကြည့်ပါတယ်။ ၁၉၉၆ ခု သူတို့ဖွဲ့တဲ့ Economy အဖွဲ့ TAN ကိုဘယ်လောက် သိသလဲ ဆိုတော့ ကျနော်ကနေ မေးတယ်။ NCUGB ကိုဒီဥစ္စာ ဘယ်လောက်ရှိသလဲ သိလားဆိုမေးတော့ ကျနော့် ဆီကိုပို့ပေးလာတာ ဘာခေါ်မလဲနဝတက Economy Report စာတမ်းပဲရှိတယ်။

အဲဒီတော့ ဒီမှာကျနော်ထင်တာ အရေးကြီးတာက ကျနော်တို့ရဲ့ လုပ်ငန်း ရှေ့လုပ်ငန်းတခုဖြစ်သင့်တယ်လို့ ကျနော်ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပမာ ကျနော်တို့ကတော့ နိုင်ငံရေးအဖွဲ့တွေ NCUB/ NCGUB အားလုံးပေါ့လေ နိုင်ငံရေးကိုပဲ ဖိပြီးတော့ သွားလုပ်နေကြတယ်။ သွားလုပ်နေကြတဲ့အချိန်မှာ ကျနော်တို့က ရှုံးတော့မယ်။ ဘယ်လိုရှုံးလဲဆိုရင်တော့ အမေရိကန်က ဒီ နအဖကို ဘိန်းကြောင့်မို့လို့ သူကလျှော့ချမယ်ဆိုပြီး အကြောင်းပြချက်နဲ့ ဗမာပြည်ထဲဝင်ဖို့ အမေရိကန်ကစဉ်းစားနေပြီ။ အဲဒီအချိန်ကျတဲ့အခါမှ ကံကောင်းထောက်မလို့ SWAN နဲ့ SHRF ကနေပြီးတော့ Licence to Rape, ကိုထုတ်တဲ့အခါမှာ တခါထဲ US က နအဖ ကိုပေးမဲ့ငွေတွေ အကုန်လုံးပိတ်သွားတယ်။ အဲဒီတော့ ကျနော်တို့ ဒီနေရာမှာ Strategies ကိုစဉ်းစားပေးတဲ့နေရာမှာ ဒီလိုမျိုး Effective ဖြစ်တဲ့ လက်နက်တွေ တကယ့်ကိုထိရောက်တဲ့လက်နက်တွေ သုံးနိုင်ဖို့ အတွက် ကျနော်တို့ စဉ်းစားဖို့လိုတယ်။ တချို့ က NGOs တွေလုပ်နေတယ် အဲဒါဘာလဲ ဆိုတော့ Internally Displaced People ဆိုတာအဲဒါကို နောက်တဆင့် တက်ပြီး တော့ SWAN တို့လိုလုပ်တဲ့ပုံစံမျိုး အချက်အလက်နဲ့ လုပ်ဖို့ဆိုတာ စဉ်းစားနေ ကြတယ်။ အထူးသဖြင့် Burma Issue က စိတ်ပါဝင်စားစွာ လုပ်မယ့်အချက်တွေ ရှိတယ်။

နောက်တချက်ကတော့ ဘိန်းနဲ့ပါတ်သက်ပြီးတော့ NCGUB ကတော်တော် စိတ်ပါ လာပါတယ်။ ဘိန်းနဲ့ပါတ်သက်ပြီးတော့ ဘယ်လိုမျိုးထုချေရမယ် ဆိုတဲ့ဟာ ဒါပေမဲ့ ကျနော်မြင်တာက ကျနော်လဲသတင်းပေးပါတယ်။ အဲဒီ Top Leader မှာ ပေါ့လေ "ဘိန်းနဲ့ပါတ်သက်ပြီးတော့ ခင်ဗျားတို့သွားဝင် လိုက်လို့ရှိရင် ကျနော်တို့ အတွေ့အကြုံအရ ခင်ဗျားတို့ ဒုက္ခရောက်နိုင်တယ်။ ဘာကြောင့်ရောက်နိုင်လဲ ဆိုတော့ ခင်ဗျားတို့ဘိန်းကို သွားကိုင်တာနဲ့တပြိုင်နက် You are walking in the mine field အဲဒါကို ခင်ဗျားတို့သတိထားဖို့လိုပါတယ်။ ဘာဖြစ်လဲဆိုတော့ ဒီ Mine Field ကို ကျနော်တို့ ချထားတာလဲမဟုတ်ဘူး။ ဗမာအစိုးရကလဲ ချနိုင်တာမဟုတ် ဘူး။ ဒီကိစ္စဟာ အဲဒီ စီအိုင်အေ DEA တို့ ချထားတဲ့ Mine Field ဒါသူတို့ Interest အတွက် လုပ်တာပဲ၊ ကျနော်တို့က ဘိန်းအကြောင်းနဲ့ပါတ်သက်ပြီး လုပ်ဘူး တယ်။ ဒါကို ကျနော်တို့ စာလည်းရေးဘူးတယ်။

အဲဒီတော့ ကျနော်တို့သတိထားဖို့ ကောင်းတာကတော့ ကျနော်တို့လုပ်နိုင် တာဘာလဲ၊ အကောင်းဆုံးကဘာလဲ၊ ဥပမာ Licance to Rape လိုဟာမျိုးတွေ၊ အဲဒီတော့ အားလုံးကပေါင်းစည်းပြီးတော့လုပ်ရမဲ့ ကိစ္စတွေဖြစ်တယ်။ ဥပမာ ဆိုလို့ရှိရင် ကျနော်တို့ရှာဖွေသိရှိဘို့ ကိစ္စတွေကတော့ ဒီ China Investment Volume မှာ ဘယ်လောက်ရှိလဲ နောက် Investment Volume က Military Field ဘယ်လောက်ရှိလဲ ဒါတွေသိအောင် ရှာဖို့လိုလိမ့်မယ် နောက်တခါကျတော့ ဥပမာ မေဖလားဝါးဘဏ်မှာ လာပြီးတော့မှ Involve ဖြစ်နေလို့ရှိရင် ဒီကိစ္စနဲ့ ပါတ်သက်ပြီး ကျနော်တို့ရဲ့ လက်နက်အဖြစ် အသုံးပြုနိုင်တယ်။ ဘာလက်နက်လဲ ဆိုတော့ Money Laundering,လက်နက်ဖြစ်တယ်။ Drug နဲ့ပါတ်သက်တဲ့ Drug ကိုတိုက်ရိုက် မတိုက်ပဲနဲ့ သွယ်ဝိုက်သောနည်းအားဖြင့် အဲဒီ Licence to Rape လုပ်သလိုမျိုး ကျနော်တို့က အဲလိုမျိုး လက်နက်တွေလုပ်နိုင်မယ်၊ ဒီဥစ္စာကို ရှာယူနိုင်မယ်ဆိုရင်တော့ ရှာနိုင်တဲ့အဖွဲ့တွေကို အားပေးပြီး လက်တွဲ လုပ်နိုင်မယ်။ ဒီလိုမျိုး တွေရှာကြည့်မယ် ဆိုရင်တော့ ရတော့ရနိုင်မယ်လို့ ကျနော်ထင်တယ်။ အဲ့ဒီ တဆက်တည်းမှာပဲ နအဖကိုတော့ Economic Development Assistance, Military Aid, Cultural Right and Social Aid စသည်ဖြင့် ပေါ့လေ Trade ဘာညာဆိုတာမျိုးနဲ့ တရုတ်ကကူညီပြီး သူကဗမာပြည်ကို ဝါးမျိုဖို့စဉ်းစား ထားတယ်။

## သျှမ်းပြည်ကို တရုတ်ဝင်လာခြင်း

ဒါကြောင့်မို့လို့ ဗမာပြည် Conflict ကကြာလေလေ၊ စီးပွားရေးက သူတို့လက်ထဲ ရောက်လေလေဖြစ်ပြီး နောက်ဆုံး အကုန်ရောက်တော့မယ်။ သူတို့က Population Transfer လဲရှိနေတော့ ၉၆ ခုနှစ်ကစတယ်။ ၉၇ အောက်တိုဘာ၊ ဒီဇင်ဘာ ဆိုလို့ရှိရင် ၁၈၀၀၀၀ (တသိန်းရှစ်သောင်း) Sai Lern နယ်မြေကို ရောက်ရှိခဲ့တယ်။ ဒါကတော့ Comfirm ဘဲ၊ ဒါ Sai Lern ရဲ့ Special Region 4 သူတို့ရဲ့ စာရင်းအရ အဲဒီနအဖရဲ့ စာရင်းအရကျနော်တို့ သိရှိရတယ်။

အခုဆိုရင်နာမည်ကြီးနေတာက "ဝ" Population Transfer ပေါ့ တကယ်ဆိုတော့ တရုတ်ရဲ့ Population Transfer ဘဲဖြစ်တယ်။ အဲဒါတရုတ် အစိုးရကနေပြီးတော့ One family ကို ဥပမာ ၅ ယောက်ရှိတဲ့မိသားစုကို Three Gorse Dom ကနေ Displaced ဖြစ်နေတဲ့ လူတွေ၊ Flooding ကနေ Displace ဖြစ်တဲ့သူတွေ၊ နောက်ပြီးတော့ North-Eastern Industrial Zone ကနေပြီးတော့ Distitutes ဖြစ်နေတဲ့သူတွေကို ပြောင်းရွှေ့တယ်။ အဲဒီလို ပြောင်းရွှေ့တဲ့လူတွေကို သူတို့က ဗမာပြည်ထဲကို ပို့လိုက်တယ်။ One Family ကို (၅ ယောက်) တရုတ်ယွမ် ၃၀၀၀၀ (သုံးသောင်း) လျော်ကြေးပေးတယ်။ သျှမ်းပြည်ထဲရောက်တော့ စိုင်းလင်းက ၅၀၀၀ ယွမ် (ငါးထောင်ယွမ်) ကောက်ယူပြီး သူ့နယ်ထဲမှာ ပြန်လည်နေရာ ချထားပေးတယ်။ မိုင်းလား ဆိုတခါထဲ တရုတ်အမျိုးကြီး ဖြစ်နေပြီ။

ကျနော်တို့သိရသလောက်ကတော့ ဒီ Population Transfer က Massive, Massive ဖြစ်ဖို့က Intention ရှိတယ်။ တရုတ်ကအဲဒီတော့ တကယ့်အများကြီးကို လူတွေရွှေ့ပြောင်းလာတယ်။ အဲဒီတော့ကျနော်တို့အချင်းချင်းတွေမှာပဲ လက်သီးနဲ့ထိုးကြသတ်ကြ၊ ကျနော်တို့ Bigger Picture ကိုမကြည့်နိုင်ဘူးဆိုရင် ကျနော်တို့က သူများလုပ်နေတာတွေလဲ နားလည်မှာမဟုတ်။ ဘာကြောင့်လဲဆိုတော့ Bigger Picture ကိုမှမတွေ့တာ။ ကျနော်တို့က ကျနော်တို့ရဲ့ ဗူစည်ပေါင်းလေးထဲမှာပဲ တွေ့နေတာကိုး။ အဲဒီတော့ အပြင်ကလာတဲ့ ဘေးတွေ မသိတဲ့အခါကျတော့ အပြင်ကလာတဲ့ ဘေးကို သိတဲ့အစိုးရတွေက ကြောက်တယ်။ ကြောက်တဲ့အခါကျတော့ ဗမာပြည်ကို တရုတ်မဖြစ်ရေးဟာ အဓိကကျလာတယ်ဆိုတဲ့ တွက်ချက်မှု တွေဖြစ်လာတယ်။ အဲဒါကြောင့် မို့လို့ ဒီ Strategy ကိုစဉ်းစားတဲ့ အခါမှာလဲ ဒီ အချက် တွေပါဝင်ပြီးတော့ စဉ်းစားသင့်တယ်လို့ ကျနော်တင်ပြလိုပါတယ်။

နောက်တခုက ကျနော်တို့ဒီလိုစဉ်းစားတယ် ဆိုတာနဲ့ ကျနော်တို့နဲ့ဘဲ မပြီးပါစေနဲ့၊ ပြီးလို့လဲမရဘူး၊ ကျနော်တို့မှာ ဘာလုပ်အားမှ မရှိဘူး၊ ကျနော်တို့တတ်နိုင်

တဲ့ ကိစ္စ၊ တနေရာမှာ တော်တော်တန်တန်ရှိမယ် အဲဒီတော့ ကျနော်တို့လုပ်နိုင်တဲ့ အပေါ် မှာ “ဘာလုပ်နိုင်လဲ”ဆိုတာအဓိကစဉ်းစားပြီးတော့ အဲဒါကိုဘဲ ချလုပ်မယ်၊ ဥပမာ ENSCC ဖွဲ့တဲ့ပုံစံမျိုး အဲဒီလိုပဲ ကျနော်တို့ဒီမှာ ဘယ်လိုဘယ်နည်းနဲ့ အကူ အညီ ဖြစ်ပြီးတော့ နိုင်ငံရေးတခြား Issue တွေကိုကိုင်ခြင်းအားဖြင့် နိုင်ငံရေးရဲ့ Tripartite dialogue ဖြစ်လာရေးအတွက် ကမ္ဘာကနားလည်နိုင်တဲ့ လမ်းတွေကို ကျနော်တို့ ရှာဖွေတွေ့ရှိပြီး ပံ့ပိုးရန် ကြိုးစားနိုင်ပါတယ်။

ကျနော်ထင်တာကတော့ တရုတ်ပြည်မှ ငွေကြေးအကူအညီရသော Company များမည်မျှရှိသလဲ၊ အဲဒါကျနော်တို့ စုံစမ်းလို့ရမယ်။ ဗမာပြည်ထဲမှာရှိတဲ့ ဘဏ်လေးခုစလုံး ဥပမာ မေဖလားဝါးငွေကြေးပမာဏ ဘယ်လောက်ရှိသလဲ သူ့ရဲ့ Share Holder တွေက ဘယ်သူတွေလဲ နောက်ပြီးတော့ ထိုင်းက Share holder တွေရှိလား၊ စသည်ဖြင့်ပေါ့ အဲဒါတွေကျနော်တို့ လုပ်နိုင်လို့ရှိရင် ဒီဥစ္စာကိုဖွင့်ချခြင်း အားဖြင့် Licence to Rape နဲ့တူတဲ့ ထိုးစစ်မျိုး ဆင်နွှဲနိုင်တယ်။

Population Transfer ရယ် China Investment တရုတ် Company တွေရဲ့ Holding အကြောင်းတို့ လမ်းဆောက်တာတို့၊ ကျနော်တို့လူထု ရဲ့ လယ်ယာပစ္စည်း အိုးအိမ် အသိမ်းခံရတာဘယ်လောက်ရှိလဲဆိုတဲ့ ဥစ္စာတွေကလဲပါ လာနိုင်တယ်။ အဲဒါတွေကို Population Transfer နဲ့စပ်လိုက်မယ်။ Forced Relocation နဲ့စပ်လိုက်မယ်၊ Logging Concession ဆိုတာဘယ်သူ့ကိုပေးလဲ ဘယ်မှာပေးလဲ ဘယ်လောက်ပေးလဲ ဘယ်လောက်ပျက်လဲ၊ အဲဒါကြောင့်မို့လို့ Displacement ကဘယ်လောက်ရှိလဲ စတဲ့ အချက်တွေအပေါ်မှာ ပြုစုနိုင်ပါတယ်။ Minning Concession အဲဒါတွေအပြင် သူများတွေ ဂရုမစိုက်သေးတဲ့ ကိစ္စရပ်များ ကိုရှာဖွေ စုဆောင်းနိုင်ပါတယ်။ ကျနော်ဒီလောက်နဲ့ ဆွေးနွေးတင်ပြချင်ပါတယ်။

* * * * * * * * * * * * *

## ၃း၆ သဘာပတိနိဂုံးချုပ်မိန့်ခွန်း

### ခွန်းမန်းကိုဘန်း

သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံသို့တက်ရောက်လာသည့် ကိုယ်စားလှယ်များအားလုံးခင်ဗျား၊

ကျနော်တို့ ၂၀၀၃ ခုနှစ်ဖေဖေါ်ဝါရီလ (၉) ရက်နေ့ ကနေပြီးတော့ ဒီနေ့ (၁၂) ရက်နေ့အထိ ကျင်းပပြုလုပ်တဲ့ ကျနော်တို့ညီလာခံ မကြာခင်ပြီးဆုံးသွားမှာ ဖြစ်ပါတယ်။ အဲဒီညီလာခံကနေပြီးတော့ ကျနော့်ကို ဥက္ကဋ္ဌ အဖြစ်တာဝန်ပေးတဲ့ အတွက်ကြောင့်လည်း ကျနော်ဝမ်းသာ အားရဂုဏ်ယူကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျနော်တို့ညီလာခံမှာ မှတ်တမ်းတင်ခြင်းတရပ်ကိုလည်း ကျနော်တို့ပြုလုပ်နိုင်တယ်။ ကျနော်တို့ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၊ ပထမဆုံးဗမာပြည်သမတဖြစ်တဲ့ စဝ်ရွှေသိုက်ရဲ့ မဟာဒေဝီ၊ ကျနော်တို့ရဲ့ နာယကကြီးရဲ့ မိခင်ဆုံးသွားတာ ကျနော်တို့က သူတို့နဲ့ထပ်တူထပ်မျှ ဝမ်းနည်းကြောင်း ဆိုတဲ့မှတ်တမ်းတင်တရပ်ကို ကျနော်တို့ ပြုလုပ်နိုင်ပါတယ်။

နောက်ပြီးတော့ အရေးကြီးတဲ့ (၃) ပွင့်ဆိုင်ကိစ္စ ကျနော်တို့ ရည်မှန်းချက် ဖြစ်တဲ့ တန်းတူဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့အတွက် (၃) ပွင့်ဆိုင်တက်လှမ်းနိုင်ဖို့အတွက် ကျနော်တို့ ENSCC လုပ်ငန်း၊ NDF နဲ့ UNLD နှင့် တခြားတိုင်းရင်းသားများ စုစည်းထားတဲ့ ENSCC ကိုလည်း ဆက်လက်ပြီးတော့ ထောက်ခံကြောင်း ကျနော်တို့ဆုံးဖြတ်နိုင်ခဲ့ပါတယ်။

နောက်ပြီးတော့ ကျနော်တို့ UNLD နဲ့ NDF ကနေပြီးတော့ ပူးတွဲပြုလုပ်သွားတဲ့ တာဝန်ပေးအပ်တဲ့ SCSC ပြည်နယ်များဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းကိုလည်း ဒီညီလာခံကနေပြီးတော့ SCSC ရဲ့လုပ်ငန်းကိုလည်း ဆက်လက်လုပ်ဆောင်ဖို့အတွက် ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်ခဲ့ပါတယ်။

ထို့အပြင် ပြည်တွင်းမှာ ကျနော်တို့တိုင်းရင်းသားအင်အားစုနဲ့ NLD နောက်အခြားဒီမိုကရေစီ အင်အားစုများ စုစည်းထားတဲ့ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ (၃) ပွင့်ဆိုင်အတွက် ကြိုးပမ်းမှုတွေ၊ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းမှုတွေ နောက်ပြီးတော့ ကျနော်တို့ UNA တိုင်းရင်းသားများစုစည်းထားတဲ့အဖွဲ့ ကျနော်တို့ UNLD ရဲ့ (၃) ပွင့်ဆိုင်ကြိုးပမ်းမှုတွေ ကျနော်တို့ထောက်ခံချက်၊ သဘောတူညီချက်ရရှိကြပါတယ်။

နောက်ပြီးတော့ ကျနော်တို့ညီလာခံအတွက် အရေးကြီးဆုံးအသက်သွေးကြောဖြစ်တဲ့ ကျနော်တို့ UNLD ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်ချက်အဖြစ် ကျနော်တို့ အတည်ပြုပြဌာန်းနိုင်ခဲ့ပါတယ်။ နောက်ကျနော်တို့ UNLD(LA) ရဲ့ ယန္တ ယားတခုလုံး လည်ပတ်လှုပ်ရှား လုပ်ကိုင်နိုင်ရန်အတွက် နာယကကြီးအဖွဲ့၊ သဘာပတိအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ ရေးရာကော်မတီ အသီးသီးတွေကို ကျနော်တို့ ရွေးချယ်တင်မြှောက်ရရှိ ကြပြီးဖြစ်ပါတယ်။ ကျနော် အလေးအနက် မှာကြားလိုတာကတော့ UNLD ရဲ့စည်းရုံးရေးကျစ်လစ် ခိုင်မာရေးဟာ ဖွဲ့စည်းပုံပါရှိတဲ့အတိုင်းဘဲ ကျနော်တို့ခေါင်းဆောင်များဟာ ပါတီ အဖွဲ့အစည်း အသီးသီးရဲ့ အပြည့်အ၀ကိုယ်စားပြုမှုနှင့် ကျနော်တို့ညီလာခံ တက်ရောက်တဲ့အတွက်ကြောင့် ကျနော်တို့ ရေးဆွဲချမှတ်ထားတဲ့ ဖွဲ့စည်းပုံပါအတိုင်းဘဲ ကျနော်တို့ UNLD(LA) စုစည်းရေးကို အစွမ်းကုန်ထိန်းသိမ်းကြပါလို့ ကျနော်မှာကြားလိုပါတယ်။

နောက်ဆုံးအနေနဲ့ ပြောကြားလိုတာကတော့ ဒီညီလာခံမှချမှတ်ထားတဲ့ သဘောတူဆုံးဖြတ်ထားတဲ့ အချက်များအားလုံးကို ကျနော်တို့ နာယကအဖွဲ့ရော၊ သဘာပတိအဖွဲ့ရော၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရော၊ ရေးရာကော်မတီအဖွဲ့များအားလုံးဟာ ကျရာတာ၀န်ကနေပြီးတော့ နောက်ညီလာခံပြန်ရောက်တဲ့အထိ အစွမ်းကုန် ကျနော်တို့ UNLD(LA) ရဲ့လုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်းနဲ့ အားလုံးကိုဘဲ ကျေးဇူးတင်ပါတယ်။

* * * * * * * * * * * * * * *

## UNLD(LA) မှတ်တမ်းဓါတ်ပုံများ




UNLD(LA) ဒုတိယအကြိမ်ညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ




UNLD(LA) ဒုတိယအကြိမ်ညီလာခံတွင် ရွေးချယ်တင်မြှောက်ခြင်း ခံကြရသော သဘာပတိအဖွဲ့ဝင်များ




UNLD(LA) အနောက်ဖက်ဒေသ (အိန္ဒိယနယ်စပ်) မှတက်ရောက်
လာကြသော ကိုယ်စားလှယ်များ




ဒုတိယအကြိမ်ညီလာခံတွင် ရွေးချယ်တင်မြောက်ခြင်း ခံကြရသော
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ




နာယက Sao Seng Suk နှင့် Teddy Buri (MP)




အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့်
ရုံးအဖွဲ့သားများ
(ဝဲယာမှ) စောဟန်ညွန့်၊ ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်း၊ နိုင်ဟံသာ၊
စိုင်းမော (န်)



UNLD(LA) ဥက္ကဋ္ဌ ခွန်းမန်းကိုဘန်း (MP) နှင့် အထွေထွေအတွင်းရေးမှူး
ဒေါက်တာဆလိုင်းလျန်မှုန်းတို့ ညီလာခံကို ဦးဆောင်ကျင်းပနေပုံ



UNLD(LA) ဒုတိယအကြိမ်ညီလာခံကို တက်ရောက်လာကြသော
ကိုယ်စားလှယ်များ၏ ညီလာခံမြင်ကွင်း




မူဝါဒရေးရာကော်မတီမှ တင်သွင်းသောစာတမ်းကို အထွေထွေအတွင်းရေးမှူး
ဒေါက်တာ ဆလိုင်းလျန်မှုန်းမှ ရှင်းလင်းတင်ပြစဉ်



သဘာပတိအဖွဲ့ဝင် မန်းညွန့်မောင်မှ လက်ရှိနိုင်ငံရေးအခြေအနေ
စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်




နာယကကြီး Teddy Buri နှင့် အတွင်းရေးမှူး ခိုင်မျိုးခိုင်တို့
အခန်းအနားကို ဦးဆောင်နေပုံ




နာယကကြီး ဦးသာနိုး (MP) ဆွေးနွေးစဉ်



အလှည့်ကျသဘာပတိ ပူထန်လျှန်ပေါင် (MP)



မရာပြည်သူ့ပါတီ ကိုယ်စားလှယ် Pu Thahe ဆွေးနွေးစဉ်



နာဂအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးစောစ ပါဝင်ဆွေးနွေးစဉ်



သဘာပတိအဖွဲ့ဝင် စိုင်းဝင်းဖေ (MP) ပါဝင်ဆွေးနွေးစဉ်



သဘာပတိအဖွဲ့ဝင် ဦးဒယ်နီရယ်အောင်(MP)  ရှင်းလင်းတင်ပြစဉ်




ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် CNLD မှ Pu Hrang Hu
ပါဝင်ဆွေးနွေးစဉ်




ရှုံးအဖွဲ့၏လုပ်ငန်းစဉ်များကို ရှုံးအဖွဲ့ စိုင်းမောဝ်(န်) က ရှင်းလင်းတင်ပြစဉ်




နာယကကြီး စဝ်ဆိုင်စစ် (Sao Seng Suk) ၏ အပိတ်မိန့်ခွန်း




UNLD(LA) ဥက္ကဋ္ဌ ခွန်းမန်းကိုဘန်း ပြည်နယ်များဖွဲ့စည်းပုံ အခြေခံဥပဒေ
ရေးဆွဲရေးနှီးနှောဖလှယ်ပွဲတွင် အဖွင့်မိန့်ခွန်း ပြောကြားစဉ်



အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်း UNLD(LA)
နှစ်ပတ်လည် အစည်းအဝေးတွင် လုပ်ငန်းစဉ်များရှင်းလင်း တင်ပြစဉ်



Photo: Nang Hseng Noung Lintner

UNLD(LA) နာယကကြီး Dr. Chao Tzang Yawnghwe

# အပိုင်း (၄)

# UNLD(LA) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်း၊ အလုပ်အမှုဆောင်ဆောင်ကော်မတီများကို ရွေးချယ်တင်မြှောက်ခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် ညီလာခံထုတ်ပြန်ကြေညာချက်များ

United Nationalities League for Democracy
(Liberated Areas)

ဖွဲ့စည်းပုံအခြေခံဥပဒေ

# Constitution

## အခန်း (၁)
## အမည်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်

**ပုဒ်မ (၁)**

**က။ အမည်**

ဤအဖွဲ့ချုပ်၏အမည်ကို **"ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)"** ဟုခေါ်တွင်စေရမည်။

**ခ။ အဓိပ္ပါယ်ဖွင့်ဆိုချက်**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)သည် လွတ်မြောက်နယ်မြေရောက် မူလပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်ပါတီများကို အခြေခံ၍ ဖွဲ့စည်းထားသော အဖွဲ့ချုပ်ဖြစ်သည်။

## အခန်း (၂)
## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဖွဲ့စည်းခြင်း

**ပုဒ်မ (၂)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကို ပြည်တွင်းမှ လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာကြသော အဖွဲ့ချုပ် အဖွဲ့ဝင် အဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့ချုပ်နှင့် နိုင်ငံရေးမူဝါဒ ပူးပေါင်းလက်တွဲ လုပ်ဆောင်လာခဲ့ကြသည့် အဖွဲ့အစည်းများမှ ဗဟို အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌများ၊ ဒု-ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များမှဦးဆောင်၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ စည်းရုံးရေး ကော်မတီများနှင့် တသီးပုဂ္ဂလပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များတို့ဖြင့် အခြေခံ၍ ဖွဲ့စည်းထားသည်။

## အခန်း (၃)
## အဖွဲ့ဝင်သစ် လက်ခံခြင်း။

ပုဒ်မ (၃)

က။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၏ မူလအဖွဲ့ဝင်များ၊ အဖွဲ့ချုပ်နှင့် နိုင်ငံရေးမူဝါဒအရ ပူးပေါင်းလက်တွဲ လုပ်ဆောင် လာခဲ့ကြသော အဖွဲ့များမှ လွတ်မြောက်နယ်မြေသို့ရောက်ရှိလာကြသည့် ဥက္ကဋ္ဌများ၊ ဒု–ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များဦးဆောင်ပြီး ဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ စည်းရုံးရေးကော်မတီများသည် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်လျှောက်ထားလာပါက လက်ရှိအဖွဲ့အစည်းအဖွဲ့ဝင်များ၏ သုံးပုံနှစ်ပုံ ထောက်ခံမှုဖြင့် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် လက်ခံရမည်။

ခ။ လွတ်မြောက်နယ်မြေတွင် လက်နက်ကိုင်ဆောင်ထားခြင်း မရှိသော တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများသည် မူဝါဒပူးပေါင်းဆောင်ရွက်လိုကြောင်း လျှောက်ထားလာပါက လက်ရှိပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အဖွဲ့ဝင်များ၏ သုံးပုံးနှစ်ပုံထောက်ခံမှုဖြင့် မူဝါဒပူးပေါင်းလုပ်ဆောင်သည့်အဖွဲ့ဝင် **(Affiliated Members)** အဖြစ်လက်ခံရမည်။

ဂ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အဖွဲ့ဝင်များသည် (၂) နှစ်တိုင်တိုင်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ **(Affiliated Members)** အဖြစ်ပြီးမြောက်သွားပါက အဖွဲ့ချုပ်၏ အလိုအလျှောက် တင်းပြည့်အဖွဲ့ဝင် ဖြစ်စေရမည်။

ဃ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်ပြီးပါက တခြားမဟာမိတ်အဖွဲ့ဝင် အဖြစ် မဖြစ်စေရ။

## အခန်း (၄)

## ဦးဆောင်အဖွဲ့၊ ဦးဆောင်မှုစနစ်၊ အာဏာပိုင်ဆိုင်မှုနှင့် ဖွဲ့စည်းပုံအဆင့်ဆင့်။

ပုဒ်မ (၄)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ညီလာခံသည် အဖွဲ့ချုပ်၏အမြင့်ဆုံးအာဏာပိုင် ဖြစ်သည်။

ပုဒ်မ (၅)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ညီလာခံမှ နာယကအဖွဲ့ဝင်များကို ရွေးချယ်ရမည်။

ပုဒ်မ (၆)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အဖွဲ့ဝင်ပါတီအသီးသီးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်း ကိုယ်စားလှယ်တဦးစီကို အဖွဲ့ချုပ်သဘာပတိအဖွဲ့ဝင်အဖြစ် ရွေးချယ်စေလွှတ်ကြရမည်။

ပုဒ်မ (၇)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အဖွဲ့ဝင်ပါတီ အသီးသီးတို့သည် ညီလာခံတက်ရောက်ရန် အဖွဲ့ချုပ်က သတ်မှတ်ထားသော ကိုယ်စားလှယ်ဦးရေကို စေလွှတ်ကြရမည်။

ပုဒ်မ (၈)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ညီလာခံသည် သဘာပတိအဖွဲ့ဝင်များထဲမှ သင့်သော်သော ဦးရေဖြင့် တာဝန်ခံသဘာပတိအဖွဲ့ကို ရွေးချယ်ပေးရမည်။

ပုဒ်မ (၉)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ညီလာခံသို့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်များထဲမှ သင့်သော်သောဦးရေဖြင့် အတွင်းရေးမှူးအဖွဲ့ကို ညီလာခံမှ ရွေးချယ်ပေးရမည်။

ပုဒ်မ (၁၀)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ညီလာခံမှ ရွေးချယ်တာဝန်ပေးသည့် တာဝန်ခံသဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ တို့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အဖြစ် တာဝန်ခံ လုပ်ဆောင်သွားရမည်။ ဗဟို အလုပ်မှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌ၊ ဒု–ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များထဲမှ အချင်းချင်း ရွေးချယ်တာဝန်ပေး၍ ညီလာခံက အတည်ပြုပေးရမည်။

## ပုဒ်မ (၁၁)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ အနောက်ဒေသစည်းရုံးရေးကော်မတီကို ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် ပါဝင်သော အနောက်ဒေသရှိဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ ဦးဆောင်မှုဖြင့် အဖွဲ့ချုပ်အဖွဲ့ဝင်ပါတီများ တပါတီလျှင် အနည်းဆုံးကိုယ်စားလှယ် တဦးစီပါဝင်၍ ဖွဲ့စည်းရမည်။

## ပုဒ်မ (၁၂)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အနောက်ဌာနခွဲစည်းရုံးရေးကော်မတီ၏ ဥက္ကဋ္ဌ၊ ဒု – ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင်များကို အနောက်ဘက်ဒေသရှိ အဖွဲ့ချုပ်အဖွဲ့ဝင်ပါတီ ကိုယ်စားလှယ်များထဲမှ အချင်းချင်းရွေးချယ်တာဝန်ပေးအပ်ကြရမည်။

## ပုဒ်မ (၁၃)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အနောက်ဘက်ဒေသစည်းရုံးရေးကော်မတီသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏လုပ်ငန်းများကို အထောက်အကူပြုသည့်အဖွဲ့ဖြစ်သည်။

## ပုဒ်မ (၁၄)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ညီလာခံမှချမှတ်ထားသော မူဝါဒနှင့် လုပ်ငန်းများကို တာဝန်ခံလုပ်ဆောင်သွားရမည်။

## ပုဒ်မ (၁၅) ရေးရာကော်မတီများ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက် နယ်မြေ) ၏ ရေးရာကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်း၍ တာဝန်များခွဲဝေအပ်နှင်းရမည်။

၁။ မူဝါဒရေးရာ နှင့် နိုင်ငံတကာရေးရာကော်မတီ

၂။ စည်းရုံးရေး နှင့် မဟာမိတ်ရေးရာကော်မတီ

၃။ ပြန်ကြားရေးရာ နှင့် လူထုဆက်ဆံရေးကော်မတီ

၄။ ဘဏ္ဍာရေးကော်မတီ

## အခန်း (၅)
## အစည်းအဝေးကျင်းပခြင်း။

### ပုဒ်မ (၁၆) ပုံမှန်ညီလာခံ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွှတ်မြောက်နယ်မြေ) ပုံမှန်ညီလာခံကို (၂) နှစ် တကြိမ် ကျင်းပရမည်။

### ပုဒ်မ (၁၇) အရေးပေါ်ညီလာခံ။

နာယကအဖွဲ့၏ အကြံပေးချက်အရသော်၎င်း၊ သဘာပတိအဖွဲ့ဝင်များ၏ လေးပုံ သုံးပုံသဘောထားအရသော်၎င်း၊ အလုပ်အမှုဆောင်ကော်မတီ၏ တင်ပြချက်အပေါ် သဘာပတိအဖွဲ့ဝင်များနှင့်၊ နာယကအဖွဲ့ဝင်များ၏ သဘောတူညီချက်အရ အရေးပေါ်ညီလာခံကို ခေါ်ယူကျင်းပနိုင်သည်။ အရေးပေါ်ညီလာခံ၏ ဆုံးဖြတ်ချက်များအရ ဆက်လက်ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ပုံမှန်ညီလာခံတွင် အတည်ပြုချက်ရယူရမည်။

### ပုဒ်မ (၁၈) ပုံမှန်အစည်းအဝေးများ။

က။ နာယကအဖွဲ့၊ သဘာပတိအဖွဲ့နှင့် အလုပ်အမှုဆောင်ကော်မတီ၏ ပုံမှန်အစည်းအဝေးများကို တနှစ်တကြိမ် ကျင်းပရမည်။

ခ။ ရေးရာကော်မတီ အသီးသီးတို့သည် ၎င်းတို့၏သက်ဆိုင်ရာလုပ်ငန်းများအလိုက် ပုံမှန်အစည်းအဝေးများကို (၆) လတကြိမ် ကျင်းပရမည်။

### ပုဒ်မ (၁၉) အစည်းအဝေးအထမြောက်ခြင်း။

က။ (၂) နှစ် တကြိမ်ကျင်းပသော ပုံမှန်ညီလာခံသည် အဖွဲ့ဝင်ပါတီကိုယ်စားလှယ်များ၏ သုံးပုံ နှစ်ပုံထက်မနည်း တက်ရောက်လာပါက ညီလာခံအထမြောက်သည်။

ခ။ နှစ်ပတ်လည်ပုံမှန်အစည်းအဝေးတွင် နာယကအဖွဲ့၊ သဘာပတိအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ထက်ဝက်ကျော် တက်ရောက်လာပါက အစည်းအဝေးအထမြောက်သည်။

ဂ။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ပုံမှန်အစည်းအဝေးတွင် အဖွဲ့ဝင်များထက်ဝက်ကျော် တက်ရောက်လာပါက အစည်းအဝေးအထမြောက်သည်။

ဃ။ ရေးရာကော်မတီအသီးသီးတို့၏ ပုံမှန်အစည်းအဝေးများတွင် ကော်မတီဝင်ထက်ဝက်ကျော် တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။

## ပုဒ်မ (၂၀) ဆန္ဒမဲပေးခြင်း

က။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အဖွဲ့ဝင်ပါတီအဖွဲ့အစည်းများသည် အဖွဲ့ချုပ်ညီလာခံတွင် တပါတီလျှင် တမဲကျ ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။

ခ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အဖွဲ့ဝင်တသီးပုဂ္ဂလပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် အဖွဲ့ချုပ်ညီလာခံတွင် တဦးလျှင် တမဲကျ ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။

ဂ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နှင့် မူဝါဒပူးပေါင်းလုပ်ဆောင်သည့် ပါတီများသည် ရွေးချယ်တင်မြောက်ခြင်းဆိုင်ရာမှအပ မူဝါဒနှင့်ပတ်သက်၍ တပါတီလျှင် တမဲကျ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသည်။

## အခန်း (၆)
## အရေးယူခြင်း၊ ထုတ်ပယ်ခြင်း နှင့် အစားထိုးခန့်အပ်ခြင်း။

## ပုဒ်မ (၂၁)

က။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အဖွဲ့ဝင်ပါတီအဖွဲ့အစည်းတဖွဲ့ကိုရင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နှင့် မူဝါဒပူးပေါင်းလုပ်ဆောင်သည့် ပါတီအဖွဲ့အစည်းတဖွဲ့ကိုရင်း၊ အဖွဲ့ချုပ်အဖွဲ့ဝင်နှင့် ပူးပေါင်းလက်တွဲလုပ်ငန်းများဆောင်ရွက်သော အဖွဲ့ဝင်မှပုဂ္ဂိုလ်တဦးဦးသည်ရင်း၊ အဖွဲ့ချုပ်၏ဦးတည်ချက်၊ အခြေခံမူဝါဒလမ်းစဉ်နှင့်လုပ်ငန်းစဉ်များကို ဆန့်ကျင်ဆောင်ရွက်လျှင်သော်ရင်း၊ ပေးအပ်ထားသောတာဝန်ကို ထမ်းဆောင်ရန် အကြောင်းမဲ့ တမင်တကာပျက်ကွက် လျှင်သော်ရင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလျှင်သော်ရင်း၊ ဘဏ္ဍာငွေ အလွဲသုံးစားပြုလျှင်သော်ရင်း၊ ကိုယ်ကျင့်တရားအလွန်အကျူး ပျက်ပြားလျှင်သော်ရင်း၊ တိကျခိုင်မာသော အထောက်အထားများတွေ့ရှိပါက သဘာပတိအဖွဲ့ဝင်၏ သုံးပုံနှစ်ပုံ သဘောတူညီချက်ဖြင့် သတိပေးခြင်း၊တာဝန်မှ ရပ်စဲခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း၊ ထုတ်ပယ်ခြင်းဖြင့် အရေးယူနိုင်သည်။

ခ။ သဘာပတိအဖွဲ့ဝင်များ သုံးပုံနှစ်ပုံဆန္ဒသဘောထားဖြင့်ထုတ်ပယ်ထားသော အဖွဲ့အစည်းတဖွဲ့သည် အပြီးဖြစ်စေရမည်။

ဂ။ သဘာပတိအဖွဲ့ဝင်များ သုံးပုံနှစ်ပုံဆန္ဒသဘောထားအရ ထုတ်ပယ်ခြင်းခံရသော ပုဂ္ဂိုလ်တဦးဦးအစား သက်ဆိုင်ရာပါတီအဖွဲ့အစည်းများမှ အစားထိုးရွေးချယ်စေလွှတ်ပိုင်ခွင့် ရှိစေရမည်။

ဃ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) သဘာပတိအဖွဲ့ဝင်တဦးဦးကို ပုံမှန်ညီလာခံကျင်းပစဉ် ကာလတွင် သက်ဆိုင်ရာပါတီအဖွဲ့အစည်းသဘောတူညီချက်ဖြင့်သာ ပြောင်းလဲခွင့် ရှိစေရမည်။

## အခန်း (၇)
## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း။

### ပုဒ်မ (၂၂)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဖွဲ့စည်းပုံဥပဒေကို ညီလာခံတွင်တက်ရောက်သော ပါတီကိုယ်စားလှယ်သုံးပုံနှစ်ပုံ ဆန္ဒမဲသဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို ပြုလုပ်နိုင်သည်။

ပထမအကြိမ်မှ အတည်ပြုထားခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၃ ခုနှစ် ဖေဖေါ်ဝါရီလ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ ကျင်းပပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဒုတိယအကြိမ်ညီလာခံမှ ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် အတည်ပြုပြဋ္ဌာန်းသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)**
နေ့စွဲ။ ။ ၂၀၀၃ ခုနှစ် ဖေဖေါ်ဝါရီလ (၁၂) ရက်

* * * * * * * * * * * * * * *

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
(လွတ်မြောက်နယ်မြေ) ၏
ဒုတိယအကြိမ် ညီလာခံမှ
နာယကများ၊ သဘာပတိအဖွဲ့ဝင်များ၊ အမြဲတမ်းသဘာပတိအဖွဲ့ဝင်များ၊
အတွင်းရေးမှူးအဖွဲ့နှင့်
လုပ်ငန်းကော်မတီအသီးသီးအတွက် ရွေးချယ်တာဝန်ပေးအပ်ခြင်း။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၉–၁၂ ရက်

**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ**

**နာယကအဖွဲ့**

ဒေါက်တာ စဝ်ဇန့်ယောင်ဟွေ
စဝ်ဆိုင်စစ်
ခွန်းဒက်ဒီဘူးရီ
ဦးခင်မောင်ကြည်
နိုင်သောင်းရှိန်

**သဘာပတိအဖွဲ့ဝင်များ**

ခွန်းမန်းကိုဘန်း (Democratic Organization for Kayan National Unity)
ဒေါက်တာဇလေထန် (Chin Naional League for Democracy)
ဒယ်နီရယ်အောင် ( Lahu National Development Party)
ဦးသာနိုး (Arakan League for Democracy)
စိုင်းဝင်းဖေ (Shan Nationalities League for Democracy) Independent
ပူထန်လျန်းပေါင် (Zomi National Congress)
ပူလျန်အုပ် (Independent M.P)
နိုင်ထွန်းဝေ (Mon National Democratic Front)
မန်းညွန့်မောင် (Union Karen League)
ခူးရှားရယ် (Kayah State All Nationalities League for Democracy)
မခေါ်ခွန်ဆာ (Kachin State National Congress for Democracy)
ဆလိုင်းချင်းစ (Mara People's Party)
ဦးစောစ (Naga National League for Democracy)

**တာဝန်ခံသဘာပတိအဖွဲ့**

| | |
|---|---|
| ခွန်းမန်းကိုဘန်း | (ဥက္ကဋ္ဌ) |
| ဦးသာနိုး | (အဖွဲ့ဝင်) |
| ပူထန်လျှန်းပေါင် | (အဖွဲ့ဝင်) |
| မခေါ်ခွန်ဆာ | (အဖွဲ့ဝင်) |
| စိုင်းဝင်းဖေ | (အဖွဲ့ဝင်) |

**အတွင်းရေးမှူးများ**

| | |
|---|---|
| ဒေါက်တာလျှန်မှုန်းဆာခေါင်း | (အထွေထွေအတွင်းရေးမှူး) |
| ခိုင်မျိုးခိုင် | (အရှေ့ဖက်ဒေသ) |
| ဇိုစွမ် | (အနောက်ဖက်ဒေသ) |

**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ**

| | |
|---|---|
| ခွန်းမန်းကိုဘန်း | (ဥက္ကဋ္ဌ) |
| မခေါ်ခွန်ဆာ | (ဒု–ဥက္ကဋ္ဌ၊ အရှေ့ဖက်ဒေသ) |
| ပူထန်လျှန်းပေါင် | (ဒု–ဥက္ကဋ္ဌ၊ အနောက်ဖက်ဒေသ) |
| ဒေါက်တာလျှန်မှုန်းဆာခေါင်း | (အထွေထွေအတွင်းရေးမှူး) |
| ခိုင်မျိုးခိုင် | (အတွင်းရေးမှူး အရှေ့ဖက်ဒေသ) |
| ဇိုစွမ် | (အတွင်းရေးမှူး နောက်ဖက်ဒေသ) |
| စိုင်းဝင်းဖေ | (အဖွဲ့ဝင်) |
| ဦးသာနိုး | (အဖွဲ့ဝင်) |

**ရေးရာကော်မတီများ**

**(က) မူဝါဒရေးရာနှင့် နိုင်ငံခြားရေးရာ**

| | |
|---|---|
| ဒေါက်တာ စဝ်ဇန့်ယောင်ဟွေ | (အဖွဲ့ခေါင်းဆောင်) |
| ခွန်းဒက်ဒီဘူးရီ | (ဒု–အဖွဲ့ခေါင်းဆောင်) |
| ပူလျှန်အုပ် | (ကော်မတီဝင်) |
| စဝ်ဆိုင်စစ် | (ကော်မတီဝင်) |
| ဒယ်နီရယ်အောင် | (ကော်မတီဝင်) |
| ဦးစောစ | (ကော်မတီဝင်) |
| ဒေါက်တာလျှန်မှုန်းဆာခေါင်း | (တာဝန်ခံအတွင်းရေးမှူး) |

(ခ) စည်းရုံးရေးလုပ်ငန်းနှင့် မဟာမိတ်ရေးရာ

| | |
|---|---|
| ခွန်းမန်းကိုဘန်း | (အဖွဲ့ခေါင်းဆောင်) |
| စိုင်းဝင်းဖေ | (ဒု–အဖွဲ့ခေါင်းဆောင်) |
| ခူရှားရယ် | (ကော်မတီဝင်) |
| ပူထန်လျန်းပေါင် | (ကော်မတီဝင်) |
| ဆလိုင်းချင်းစ | (ကော်မတီဝင်) |
| ပူရန်ဟူး | (ကော်မတီဝင်) |
| ဦးစောစ | (တာဝန်ခံအတွင်းရေးမှူး) |

## (ဂ) ရုံးလုပ်ငန်းနှင့် ပြန်ကြားရေးရာကော်မတီ

| | |
|---|---|
| မန်းညွန့်မောင် | (အဖွဲ့ခေါင်းဆောင်) |
| မခေါ်ခွန်ဆာ | (ဒု–အဖွဲ့ခေါင်းဆောင်) |
| စတီဖင်ဆွန်မန်း | (ကော်မတီဝင်) |
| ဗညားဟံသာ | (ကော်မတီဝင်) |
| စောဟန်ညွန့် | (ကော်မတီဝင်) |
| စီသာဟဲ | (ကော်မတီဝင်) |
| ခိုင်မျိုးခိုင် | (တာဝန်ခံအတွင်းရေးမှူး) |

## (ဃ) ဘဏ္ဍာရေးရာကော်မတီ

| | |
|---|---|
| ခွန်းမန်းကိုဘန်း | (စာရင်းစစ်) |
| စဝ်ဆိုင်စစ် | (ဘဏ္ဍာရေးမှူး) |
| မခေါ်ခွန်ဆာ | (စာရင်းကိုင်) |
| ဦးသာနိုး | (ကော်မတီဝင်–အနောက်ဖက်ဒေသ) |
| ဇိုစွမ် | (ကော်မတီဝင်–အနောက်ဖက်ဒေသ) |
| ဒေါက်တာလျန်မှုန်းဆာခေါင်း | (တာဝန်ခံအတွင်းရေးမှူး) |

* * * * * * * * * * * * * * *

# UNITED NATIONALITIES LEAGUE FOR DEMOCRACY (UNLD - LA)

## The Second Conference

9-12 February 2003

## CENTRAL EXECUTIVE COMMITTEE MEMBERS

**ADVISORS:**

1. Dr. Chao Tzang Yawnghwe
2. Sao Seng Suk
3. Teddy Buri
4. U Khin Maung Kyi
5. Nai Taung Sein

**MEMBERS OF PRESIDIUM:**

| | | |
|---|---|---|
| 1. | Khun Manko Ban, M. P., | (Democratic Organisation for Kayan National Unity) |
| 2. | Dr. Za Hlei Thang, M. P., | (Chin National League for Democracy) |
| 3. | Daniel Aung, M.P., | (Lahu National Development Party) |
| 4. | U Tha Noe, M. P., | (Arakan League for Democracy) |
| 5. | Sai Win Pay, M. P., | (Shan Nationalities League for Democracy)Independent |
| 6. | Pu Thang Lian Pau, M.P., | (Zomi National Congress) |
| 7. | Pu Lian Uk, M.P., | (Independent MP) |
| 8. | Nai Tun Way, | (Mon National Democratic Front) |
| 9. | Mahn Nyunt Maung | (Union Karen League) |
| 10. | Khu Sha Reh | (Kayah State All Nationalities League for Democracy) |
| 11. | Mahkaw Khun Sa | (Kachin National Congress for Democracy) |
| 12. | Salai Cinzah | (Mara People’s Party) |
| 13. | U So Sa | (Naga National League for Democracy) |

**STANDING BODY OF PRESIDIUMS:**

| | | |
|---|---|---|
| 1. | Khun Manko Ban | (Chairman) |
| 2. | U Tha Noe | (Member) |
| 3. | Thang Lian Pau | (Member) |
| 4. | Mahkaw Khun Sa | (Member) |
| 5. | Sai Win Pay | (Member) |

**SECRETARIATS:**

| | | |
|---|---|---|
| 1. | Dr. Lian H. Sakhong | (General Secretary) |
| 2. | Khiang Myo Khiang | (Secretary - East) |
| 3. | Zo Suan | (Secretary - West) |

**CENTRAL EXECUTIVE COMMITTEE MEMBERS**

| | | |
|---|---|---|
| 1. | Khun Manko Ban | Chairman |
| 2. | Mahkaw Khun Sa | Vice-Chairman (East) |
| 3. | Pu Thang Lian Pau | Vice Chairman (West) |
| 4. | Dr. Lian Hmung Sakhong | General Secretary |
| 5. | Khiang Myo Khiang | Secretary (East) |
| 6. | Zo Suan | Secretary (West) |
| 7. | Sai Win Pay | Member |
| 8. | U Tha Noe | Member |

**WORKING COMMITTIES**

**I . Policy Making & External Affairs**

| | | |
|---|---|---|
| 1. | Dr. Chao Tzang Yawnghwe | (Leader) |
| 2. | Teddy Buri | (Asst. Leader) |
| 3. | Pu Lian Uk | (member) |
| 4. | Sao Seng Suk | (member) |
| 5. | Daniel Aung | (member) |
| 6. | U So Sa | (member |
| 7. | Dr. Lian H. Sakhong | (Secretary) |

**II. Organizing & Alliance Affairs**

| | | |
|---|---|---|
| 1. | Khun Manko Ban | (Leader) |
| 2. | Sai Win Pay | (Asst. Leader) |
| 3. | Khu Sha Reh | (member) |

| | | |
|---|---|---|
| 4. | Pu Thang Lian Pau | (member) |
| 5. | Salai Cinzah | (member) |
| 6. | Pu Hrang Hu | (member) |
| 7. | Zo Suan | (Secretary) |

**III. Information & Public Relations**

| | | |
|---|---|---|
| 1. | Manh Nyunt Maung | (Leader) |
| 2. | Mahkaw Khun Sa | (Asst. Leader) |
| 3. | Steven Suanmang | (member) |
| 4. | Banya Hongsar | (member) |
| 5. | Saw Han Nyunt | (member) |
| 6. | C. Thahe | (member) |
| 7. | Khiang Myo Khiang | (Secretary) |

**IV. Finance Committee**

| | | |
|---|---|---|
| 1. | Khun Manko Ban | (Auditor) |
| 2. | Sao Seng Suk | (Treasurer) |
| 3. | Mahkaw Khun Sa | (Accountant) |
| 4. | U Tha Noe | (Member - West) |
| 5. | Zo Suan | (Member - West) |
| 6. | Dr Lian H Sakhong | (Secretary) |

* * * * * * * * * * * * * * *

## ဒုတိယအကြိမ်ညီလာခံထုတ်ပြန်ကြေညာချက်။

### ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

### U.N.L.D (L.A)
### UNITED NATIONALITIES LEAGUE FOR DEMOCRACY (LIBERATED AREAS)

---------------------------------

### ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
### (လွတ်မြောက်နယ်မြေ)
### ဒုတိယအကြိမ်ညီလာခံ
### သတင်းထုတ်ပြန်ချက် (၀၁/၂၀၀၃)

နေ့စွဲ။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်။

၁။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဒုတိယအကြိမ်ညီလာခံကို လွတ်မြောက်ဒေသ၌ သက္ကရာဇ် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်မှ (၁၂) ရက်နေ့အထိ အောင်မြင်စွာကျင်းပခဲ့ပါသည်။ ယင်း ညီလာခံသို့ အဖွဲ့ချုပ်အဖွဲ့ဝင်တိုင်းရင်းသားပါတီ (၁၂) ပါတီမှခေါင်းဆောင်များ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

၂။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဒုတိယအကြိမ်ညီလာခံကျင်းပချိန်တွင် (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့နှင့်ပါတိုက်ဆိုင်နေသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ချုပ်ဆိုခဲ့သည့်ပင်လုံစာချုပ်ပါ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံမူများကို လိုက်နာစောင့်ထိန်းရန်လိုအပ်ကြောင်း တိုင်းရင်းသားပါတီ အသီးသီးက ဖော်ပြခဲ့ကြပါသည်။

၃။ ယခုအခါ အာဏာသိမ်းစစ်ခေါင်းဆောင်များသည် ပင်လုံစာချုပ်ပါ အခြေခံမူများကို ဖေါက်ဖျက်လျှက် အာဏာသိမ်းရာတွင် တိုင်းရင်းသားလူမျိုးများ အပေါ် အစုလိုက် အပြုံလိုက်သတ်ဖြတ်ခြင်းနှင့် အစီအစဉ်ရှိရှိ အဓမ္မပြုကျင့်ခြင်း အပါအဝင် မျိုးဖြုတ်စစ်ဆင်မှုကို ပြုလုပ်နေသည်ဖြစ်ရာ ယင်းရာဇဝတ်မှုကို အမြန်ဆုံး ရပ်ဆိုင်း၍ ကျူးလွန်သူများအား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်မှတရားဝင်ဖေါ်ထုတ် အရေးယူပေးပါရန် ညီလာခံက ဆုံးဖြတ်ခဲ့ပါသည်။

၄။ စစ်အုပ်စုနှင့် ဆယ်နှစ်ကျော်အပစ်အခတ်ရပ်စဲထားသော လူမျိုးစုလက်နက်ကိုင်တပ်များနှင့်၎င်း၊ စစ်အုပ်စုအားဆက်လက်တိုက်ပွဲဝင်နေသော လူမျိုးစုလက်နက်ကိုင်တပ်များနှင့်၎င်း၊ နိုင်ငံရေးအရ အမြန်ဆုံးတွေ့ဆုံဆွေးနွေး၍ စစ်မှန်သောငြိမ်းချမ်းရေးဖေါ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ညီလာခံက တောင်းဆိုလိုက်ပါသည်။

၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီ ပေါင်းစုံပါဝင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)၊ စည်းလုံးညီညွတ်သောလူမျိုးစုများမဟာမိတ်အဖွဲ့ (UNA) နှင့် တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ENSCC) တို့၏ ဆောင်ရွက်ချက်များသည် သုံးပွင့်ဆိုင်ဆွေးနွေးပွဲပေါ်ပေါက်ရေးကို အထောက်အကူ ပြုသောကြောင့် ညီလာခံကအပြည့်အဝထောက်ခံသည်။ နှစ်ပေါင်း (၅၀) ကျော် အမျိုးသားညီညွတ်ရေး ပျက်ပြားနေသော အမျိုးသားအင်အားစုများအတွင်း ပြန်လည်ရင်ကြားစေ့နိုင်ရန် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အမြန်ဆုံးစတင်ရန် ညီလာခံက အလေးအနက်တောင်းဆိုထားပါသည်။

၆။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ လက်ရှိ နိုင်ငံရေးနှင့်စည်းရုံးရေးလိုအပ်ချက်အရ နာယကအဖွဲ့၊ သဘာပတိအဖွဲ့၊ အတွင်းရေးမှူးများအဖွဲ့နှင့် ရေးရာကော်မတီများ ဖွဲ့စည်းပြီးနောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုပါ ညီလာခံကတိုးချဲ့ဖွဲ့စည်းလိုက်သည့်အပြင် ညီလာခံနောက်ဆုံးနေ့၌ (၅၆) ကြိမ်မြောက်ပြည်ထောင်စုနေ့ အထူးကြေညာချက် တစောင်ကိုပါ ထုတ်ပြန်ခဲ့ပါသည်။

၇။ ထိုင်းဝန်ကြီးချုပ်တပ်ဆင်ရှင်နဝပ်၏ ဖေဖေါ်ဝါရီလ (၉) ရက်နေ့မှ (၁၀) ရက်နေ့အတွင်း မြန်မာနိုင်ငံသို့သွားရောက်စဉ် မြန်မာစစ်အုပ်စုခေါင်းဆောင်များနှင့်တွေ့ဆုံပြီး လက်နက်ကိုင်တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုအကြားတွင်တွေ့ဆုံဆွေးနွေးပွဲတရပ် ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းသွားမည်ဟု ထုတ်ဖေါ်ပြောကြားချက်ကို ညီလာခံကကြိုဆိုပြီး တရားမျှတသောနိုင်ငံရေးဆွေးနွေးပွဲဆီသို့ စွမ်းဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)**

* * * * * * * * * * * * * * *

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

## (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့ထုတ်ပြန်ကြေညာချက်

### ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

### U.N.L.D (L.A)
### UNITED NATIONALITIES LEAGUE FOR DEMOCRACY (LIBERATED AREAS)

---------------------------------------

### (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့ ထုတ်ပြန်ကြေညာချက်။

၂၀၀၃ ခု ဖေဖော်ဝါရီလ (၁၂) ရက်နေ့သည် ပင်လုံစာချုပ်မှ မွေးဖွားပေးလိုက်သော (၅၆) နှစ်မြောက်ပြည်ထောင်စုနေ့ ရက်မြတ်မင်္ဂလာကျရောက်သောအခါသမယနေ့ ဖြစ်ပေသည်။

ဗမာပြည်မအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းနှင့် သျှမ်းပြည်၊ ကချင်ပြည်နှင့် ချင်းပြည်မှ ခေါင်းဆောင်များချုပ်ဆိုခဲ့သော ပင်လုံစာချုပ်သည် အနိုင်အရှုံးစာချုပ် မဟုတ်ပေ။ တိုင်းရင်းသားပြည်ထောင်များ တပြိုင်တည်းလွတ်လပ်ရေးရယူရန် နှင့် တန်းတူရည်တူ ပြည်ထောင်စုတည်ဆောက်ရေး ပင်ဖြစ်ပေသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားပြီးသည့်နောက် ၁၉၄၇ ခု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပင်လုံစိတ်ဓါတ်အခြေခံမှုနှင့် လမ်းလွဲသွေဖီသွားသဖြင့် လွတ်လပ်ရေးသက်တမ်းနှင့်အတူ ပြည်တွင်းစစ်မီး စတင်တောက်လောင်ရခြင်းဖြစ်ပေသည်။

ပြည်တွင်းစစ်မီးအရှိန်မြင့်လာသည့်နှင့်အမျှ စစ်တပ်အခန်းလည်းတိုးလာသည်။ ဗိုလ်ချုပ်နေဝင်းဦးဆောင်သောဖက်ဆစ်အုပ်စုသည် အာဏာငမ်းငမ်းတက်နေသည်မက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဋ္ဌာန်းထားသည့် အတိုင်းတန်းတူညီတူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် တိုင်းရင်းသားလူမျိုးစုံနှီးနှောဖလှယ်ပွဲ ကျင်းပနေကျစဉ် တိုင်းရင်းသားများတန်းတူရေးကို လုံးဝလက်မခံဘဲလူမျိုးကြီးဝါဒစွဲကိုင်ပြီး တိုင်းရင်းသားလူမျိုးများ အမျိုးဖြုတ်လိုသဖြင့် စစ်အုပ်စုသည်ပြည်သူလူထုအစိုးရဝန်ကြီးချုပ်ဦးနုထံမှ အာဏာကို ၁၉၆၂ ခု မတ်လ (၂) ရက်နေ့တွင် သိမ်းယူလိုက်သဖြင့် ပြည်တွင်းစစ်မီးသည်လည်း အထွတ်အထိပ်သို့ လောင်ကျွမ်းမဆုံး တောက်လောင်ရခြင်း ဖြစ်ပေသည်။

၁၉၆၂ ခုမှစ၍ ယနေ့အထိ မဆလ၊ နဝတ၊ နအဖ ဖက်ဆစ်စစ်အုပ်စုအုပ်စိုးသည့် နှစ်ပေါင်း ၄၀ ကျော်ကာလတွင် ဒီမိုကရေစီ လူ့အခွင့်အရေးဟူသမျှ လုံးဝဆိတ်သုန်းသွားသည်။ တိုင်းရင်းသားများ အခွင့်အရေးအားလုံးသည်လည်း ဆုံးရှုံးသွားကြရသည်။ ကမ္ဘာ့နိုင်ငံတကာများအနက် အဆင်းရဲဆုံး နိုင်ငံဘဝအဖြစ် ရောက်ရှိသွားပြီး ပြည်သူလူထုတရပ်လုံး၏ စားဝတ်နေရေးဘဝသည်လည်း ဒုက္ခမျိုးစုံကြုံတွေ့ခံစားနေ ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ တည်ဆောက်ထားသော ပင်လုံစိတ်ဓါတ် အမျိုးသားစိတ်ဓါတ်သည်လျှင် လုံးဝပြိုလဲပျက်စီးသွားပြီး ဖြစ်ပေသည်။

ထို့ကြောင့် ၅၆ နှစ်မြောက် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယရက်မြတ်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီ (လွတ်မြောက်နယ်မြေ) အနေဖြင့် တိုင်းရင်းသားလူမျိုးများ အားလုံးသည် ပင်လုံစာချုပ်မှမွေးထုတ်ပေးလိုက်သော အမျိုးသားစိတ်ဓါတ်၊ ပင်လုံစိတ်ဓါတ် ပြန်လည်ရှင်သန်ဖေါ်ဆောင်ရေးမှ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆီသို့ နိုင်ငံရေးဦးတည် ချက်ကို ခံယူချက်အပြည့်အဝဖြင့် ပြည်ထောင်စုနေ့ကို ကျင်းပဆင်နွှဲကြပါစို့ ဟု တိုက်တွန်းလိုက်ရပေသည်။

နောက်ဆုံးအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) သည် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများ၊ နအဖစစ်အုပ်စုများအပါအဝင် တိုင်းပြည်နှင့်ပြည်သူများ ဆင်းရဲမှုသံသရာ ခံစားနေရခြင်းမှ လွတ်မြောက်နိုင်ရန် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်သော သုံးပွင့်ဆိုင်နိုင်ငံရေး စားပွဲဝိုင်းတွေ့ဆုံဆွေးနွေးပွဲကို ရဲရဲဝံ့ဝံ့ အမြန်ဆုံးစတင်ရန် နအဖစစ်အုပ်စုအား အလေးအနက်တိုက်တွန်းကြောင်း ထုတ်ပြန်လိုက်သည်။

၂၀၀၃ ခုနှစ် ဖေဖေါ်ဝါရီ (၁၂) ရက်နေ့။

**ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)**

* * * * * * * * * * * * * * *